# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၂ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၅၃)


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

## သိမ်းဆည်းခံလယ်ယာခြံမြေများ ၂၀၁၈ ခုနှစ်ကုန်အထိ ဧကပေါင်း လေးသိန်းကျော် ပြန်လည်စွန့်လွှတ်ပေးနိုင်ခဲ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၉ ခုနှစ်၊ မတ်လ ၂ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ ခင်ဗျား**

ယနေ့သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးဇူးရှင် တောင်သူလယ်သမားကြီးများအား အထူးအလေးအနက်ဂုဏ်ပြုလျက် သတ်မှတ်ထားသည့် သမိုင်းဝင် "တောင်သူ လယ်သမားနေ့" ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ် အခါသမယတွင် ကျေးဇူးရှင် တောင်သူလယ်သမားကြီးများနှင့် မိသားစုများအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေ၊ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ (၁၂) ရပ်တွင် **"ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်"** ဆိုသည့် မူဝါဒအား ချမှတ်ဖော်ဆောင်လျက်ရှိပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✤

## လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁**

လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်သူ၊ ဦးတင်မြင့်၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑




ဒုတိယသမ္မတ ဦးမြင့်ဆွေ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏




မြန်မာ့အလင်း

# ကျေးလက်စီးပွား မြင့်မားစေဖို့

မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက် မျက်မှောက်ကာလတိုင်အောင် စိုက်ပျိုးရေးအခြေပြုနိုင်ငံဖြစ်ခဲ့သည်။ လက်ရှိမြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ တောင်သူလယ်သမားများသာ ဖြစ်နေသေးသည့်အလျောက် ကျေးလက်စီးပွားရေးနှင့် တောင်သူလယ်သမားများ၏ လူမှုဘဝမြင့်မားရေးတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပြသည့် ရေချိန်များပင်ဖြစ်နေသည်။ ကျေးလက်စီးပွားရေးကျဆင်းပြီး တောင်သူလယ်သမားတို့၏ လူမှုဘဝ နိမ့်ပါးနေသေးသည်ဟုဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်နေသည်ဟု မဆိုနိုင်သည့်သဘောပင်ဖြစ်သည်။

တိုင်းပြည်၏ စီးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့ကို အဓိကတာဝန်ယူထားကြသည့် တောင်သူလယ်သမားများကို ဂုဏ်ပြုသည့်အနေဖြင့် မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားခဲ့ရာ နှစ်ကာလအားဖြင့် ရာစုနှစ် ထက်ဝက်ကျော်ကာလသို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့တောင်သူလယ်သမားများသည် မြေရှင်ပဒေသရာဇ်ခေတ်၊ နယ်ချဲ့ကိုလိုနီခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်နှင့် ပစ္စုပ္ပန်ကာလ ဒီမိုကရေစီအစိုးရခေတ် စသည့် ခေတ်အဆက်ဆက်တို့ကို ဖြတ်သန်းခဲ့ကြရာတွင် အုပ်ချုပ်သူအစိုးရအသီးသီးတို့၏ မူဝါဒအမျိုးမျိုး၊ အုပ်ချုပ်မှုပုံစံအမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ကြရသည်။ စားဝတ်နေမှုအတွက် လောက်ငရုံမျှသာ ရသည့်အခါရ၊ ထမင်းရည်ချောင်းစီးမောင်းတီးလျှုနိုင်အောင် ရသည့်အခါရ၊ ရာသီဥတုဖောက်ပြန်မှု၊ ပိုးမွှားအန္တရာယ်တို့ကြောင့် လယ်ယာသီးနှံပျက်စီးကာ ကြွေးနွံတွင်းသို့ ကျသည့်အခါကျ စသည်ဖြင့် အတွေ့အကြုံများစွာတို့ကို တွေ့ကြုံခဲ့ကြဖူးသူများလည်းဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ''နိုင်ငံတော်သည် တောင်သူလယ်သမားများ၏- (က)အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်၊ (ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်''ဟူ၍ ပြဋ္ဌာန်းထားသည်။ နိုင်ငံ့လူဦးရေ၏အများစုဖြစ်သည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာရေးအတွက် လက်ရှိအစိုးရလက်ထက်တွင် ဦးစားပေးအကောင်အထည်ဖော်မှုများ ပြုလုပ်ရာ၌ စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးကာ စိုက်ပျိုးရာသီအမီရရှိနိုင်ရေး အလေးထားဆောင်ရွက်ပေးခြင်း၊ ကျေးလက်လမ်းတံတားများ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို အကောင်အထည်ဖော်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားများ၏ သိမ်းဆည်းခံလယ်ယာ ခြံမြေများကို ပြန်လည်လွှဲအပ်ရေး၊ လယ်ယာထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းများရရှိရေးနှင့် ဈေးကွက်ခိုင်မာရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာမှုများအတွက် အထောက်အပံ့ပေးရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာမှုနှင့်အတူ နိုင်ငံအတွင်း မိုဘိုင်းဖုန်းသုံးစွဲမှုနှင့် အင်တာနက်အသုံးပြုမှုများ မြင့်မားလာသည်နှင့်အမျှ လယ်ယာသတင်းအချက်အလက်များ၊ မိုးလေဝသသတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ကြပြီဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် မိမိတို့ရရှိထားသည့် အခြေအနေကောင်းများအပေါ် မူတည်ကာ မိမိတို့၏ဘဝမြင့်မားရေး၊ ဝင်ငွေတိုးတက်ကောင်းမွန်လာရေးတို့အတွက် သီးနှံဈေးကွက်ဆိုင်ရာ အချက်အလက်များကို မျက်ခြည်မပြတ် လေ့လာကာသီးနှံများကို ရွေးချယ်စိုက်ပျိုးခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိမည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ အချိန်မှန်ဆိုသလို ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များကို မျှော်မှန်းကာ ကြိုတင်ကာကွယ်ပြင်ဆင်ခြင်း၊ ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို လေ့လာဆည်းပူးကာ တိုးမြှင့်ကြိုးပမ်း စိုက်ပျိုးထုတ်လုပ်ခြင်း အားဖြင့် မိမိတို့၏ အကျိုးစီးပွား၊ နိုင်ငံ၏ အကျိုးစီးပွားတို့ကို ဆောင်ကြဉ်းနိုင်ကြပါစေကြောင်း။ ။



မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကကြီးမှူး၍ တောင်သူလယ်သမားများကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၉ ကို မတ် ၁ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသရာ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများ ပြခန်းများ ကြည့်ရှုစဉ်။ အောင်သူရ

# မင်းတုန်းမင်းလှူဒါန်းခဲ့သည့် ရှေးဟောင်းပစ္စည်းများပြသမည့် ပြတိုက်တည်ဆောက်ရန် အလှူရှင်လိုအပ်

**ဇန်းမောက် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် စက်တောကျေးရွာ မဟာဂန္ဓာရုံကျောင်း၌ မင်းတုန်းမင်းလှူဒါန်းခဲ့သည့် ရှေးဟောင်းပစ္စည်းများ၊ ရတနာပုံခေတ် ရှေးဟောင်းပစ္စည်းများကို အများပြည်သူလေ့လာနိုင်ရန်အတွက် ပြတိုက်တစ်ခုတည်ဆောက်ရန် အလှူရှင်များလိုအပ်နေကြောင်း စက်တောကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းတင်က ပြောသည်။

မဟာဂန္ဓာရုံကျောင်း၌ မင်းတုန်းမင်းလှူဒါန်းခဲ့သည့် ရှေးဟောင်းပစ္စည်းများကို အဆိုပါကျောင်း၌ သီတင်းသုံးနေထိုင်ခဲ့သည့် ဆရာတော်အစဉ်အဆက် ထိန်းသိမ်းခဲ့ကြောင်း၊လက်ရှိတွင် သက်တော် ၈၃ နှစ်ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တပဏ္ဍဝံသက ဆက်လက်ထိန်းသိမ်းထားကြောင်းနှင့် အဆိုပါရှေးဟောင်းပစ္စည်းများကို ဇန်းမောက်မြို့နယ် ဇလုံတောင်သို့လာရောက်သည့် ခရီးသွားများဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် ပြတိုက်တစ်ခုတည်ဆောက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

''အခု ပြတိုက်တည်ဆောက်ဖို့အတွက် တွက်ချက်ပြီး ဆောက်လုပ်ရေးပစ္စည်းတွေကို စတင်စုဆောင်းနေပြီဖြစ်ပါတယ်။ ဒီနှစ်နွေရာသီထဲမှာပဲ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်။ ကုန်ကျမှုအနေနဲ့က ငွေကျပ်သိန်း ၅၀၀ လောက်ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီအတွက်လည်း အလှူရှင်တွေလိုအပ်နေလို့ ဖိတ်ခေါ်ထားပါတယ်''ဟု စက်တောကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းတင်က ပြောသည်။

စက်တောကျေးရွာရှိ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ကောဇာသက္ကရာဇ် ၁၂၃၆ ခုနှစ်က မင်းတုန်းမင်းလှူဒါန်းထားခဲ့သည့် မြသိန်းတန်စေတီ၊ ဆင်းတုတော်များ၊ ထီးဖြူကြီးနှစ်လက်၊ ကိန္နရီရုပ်ဒေါင်းရုပ်ပါမျက်နှာကြက်များ၊ ဆင်စွယ်ဗီရိုနှစ်လုံး၊ ပေစာထည့်သည့် သေတ္တာကြီးနှစ်လုံး၊ တိုးနရားရုပ်၊ ဟင်္သာရုပ်နှစ်ခု၊ ကြွေထွေးခံနှစ်လုံး၊ ငွေစလွယ်တစ်ခု၊ ပေစာပုရပိုက်များ၊ မင်းတုန်းမင်းမိဖုရားစကြာဒေဝီ လှူဒါန်းထားခဲ့သည့် ကျောက်စီမာလ္လိကာ တန်ဆာနှင့် သီပေါမင်းလှူဒါန်းထားခဲ့သည့် ရှေးဟောင်းပစ္စည်းများ



မင်းတုန်းမင်းလှူဒါန်းခဲ့သည့် ရှေးဟောင်း ဆင်စွယ်ဗီရိုကို တွေ့ရစဉ်။

အများအပြားရှိကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါရှေးဟောင်းပစ္စည်းများကို အများပြည်သူလေ့လာနိုင်ရန် အတွက် မဟာဂန္ဓာရုံကျောင်းဝင်းအတွင်း ပြတိုက်အဆောက်အအုံတစ်ခုတည်ဆောက်သွားမည်ဖြစ်သောကြောင့် စေတနာရှင်အလှူရှင်များလှူဒါန်းလိုပါက ဦးမောင်သောင်း (ကျောင်းအကျိုးတော်ဆောင်) ၀၉- ၈၉၉၆၉၉၂၉၊ ဦးညွန့်မောင် (ဂေါပကဥက္ကဋ္ဌ) ဖုန်း- ၀၉- ၄၄၂၁၆၀၂၀၂၊ ဦးအောင်ဝင်းတင် (ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး) ဖုန်း- ၀၉-၄၅၈၉၃၆၂၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ဝန်ကြီးဌာနရုံးများတွင် စာအုပ်များ ငှားရမ်းလျက်ရှိ

**နေပြည်တော် မတ် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ယနေ့နံနက် ၁၀ နာရီတွင် စက်မှုဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့တွင် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းကို အားလပ်ချိန်မှာ စာဖတ်ပါဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ ဝန်ထမ်းများ စာပေနှင့် အဆက်မပြတ် ထိတွေ့မှုရှိစေရန်၊ စာပေဖတ်ရှု



လေ့လာလိုသည့် ဝန်ထမ်းများ၏ ဆန္ဒကို စာဖတ်သူရှိရာအရောက် စာအုပ်ငှားရမ်းပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဝန်ကြီးဌာန ၁၈ ရုံးသို့ ရက်သတ္တ နှစ်ပတ်လျှင်တစ်ကြိမ်နှုန်း ရုံးဖွင့်ရက်များတွင် သတ်မှတ်နေ့ရက်များအတိုင်း ငှားရမ်းပေးလျက်ရှိသည်။ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်တွင် သုတရသစာအုပ် ပေါင်း ၃၅၀၀ ဖြင့် ရုံးအရောက် ငှားရမ်းပေးနေသည့်အတွက် စာဖတ်သူများအနေဖြင့် စာအုပ်မျိုးစုံကို အချိန်မကုန်၊ အလုပ်အကိုင်မပျက်ဘဲ စာပေဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် ဝန်ကြီးဌာန ခြောက်ခုသို့လည်း သံစာအုပ်စင် သုံးစင်၊ စာအုပ်ပေါင်း ၃၀၀ စီကို ပေးပို့ထားရှိပြီး သုံးလတစ်ကြိမ် လဲလှယ်ဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဖွံ့ဖြိုးရေး အထောက်အကူပြုစေရန် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ရုံးစာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာန (Community Centre)အဖြစ် အဆင့်မြှင့်တင်ပြီး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ရပ်ကွက်၊ ကျေးရွာနှင့် စာသင်ကျောင်းများသို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရှန်တီ စေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association)နှင့် ပူးပေါင်း၍ ကျေးရွာများနှင့် စာသင်ကျောင်းများသို့ ရွေ့လျား စာကြည့်တိုက်အဖြစ် သုံးဘီးဆိုင်ကယ်များဖြင့်လည်းကောင်း စာအုပ်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်း / တံတား အသုံးပြုဖြတ်သန်းခ ကောက်ခံရေးဖျက်သိမ်းပေးရန်ကိစ္စ ညှိနှိုင်းဆွေးနွေး

**တာချီလိတ် မတ် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးရှိ မြို့နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက်က ဆေခမ်းရပ်ကွက်ရှိ တာချီလိတ်ဝမ်ပုံဖြတ်လမ်းမှ စက်မှုဇုံ လမ်း / တံတား (ဦးထွန်းအောင်ဂိတ်) ဖြတ်သန်းခကောက်ခံခြင်း ဖျက်သိမ်းပေးရန် ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

နိုင်ငံတော်အစိုးရနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ပြည့်မြောက်ပြီးဖြစ်ပါသဖြင့် ယင်းဂိတ်ကို မြို့နယ်လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရခြင်းအကြောင်းအရင်းကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က (နေလင်းကုမ္ပဏီလီမိတက်) ဦးထွန်းအောင်ဂိတ်မှာ နိုင်ငံတော်အစိုးရနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းနှစ် ၂၀ သည် ဖေဖော်ဝါရီ ၂၈ ရက်က ပြည့်မြောက်ပြီး သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်တမ်းတိုးဆောင်ရွက်ခွင့် မပြုတော့ကြောင်းနှင့် လမ်းဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်း / လက်ခံ ဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

ဦးထွန်းအောင်၏ ကိုယ်စားလှယ် ဦးချစ်ထွန်းက လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်ကို သက်တမ်းတိုးအသနားခံစာ ပေးပို့ထားပြီး ဖြစ်ပါသဖြင့် တရားဝင်လွှဲပြောင်းပေးခြင်းလုပ်ငန်းကို ခေတ္တဆိုင်းငံ့ပေးပါရန် တင်ပြလာခြင်းအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ယင်းကိစ္စများကို လမ်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် စာချုပ်သက်တမ်းပြည့်ပြီးဖြစ်သော စက်မှုဇုန်-ဝမ်ပုံ ဖြတ်လမ်း ငွေကောက်ခံသည့်ဦးထွန်းအောင်ဂိတ်ကို မတ် ၁ ရက်မှစ၍ ငွေကောက်ခံခြင်းမပြုတော့ရန် မောင်းတံကိုလည်း ဖြုတ်သိမ်းပေးသွားပါရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က လမ်းသက်တမ်းတိုးကောက်ခံခွင့် အသနားခံစာနှင့်ပတ်သက်၍ ပြည်နယ်အစိုးရထံမှ ခွင့်ပြုချက်တစ်စုံတစ်ရာ အမိန့်စာရောက်ရှိမှသာလျှင် ပြန်လည်ဆောင်ရွက်နိုင်ပါကြောင်းနှင့် မတ် ၁ ရက်မှစ၍ လမ်းအသုံးပြုခကောက်ခံခြင်းကို ရပ်ဆိုင်းခြင်း၊ မောင်းတံကို ဖြုတ်သိမ်းခြင်းကိစ္စများကို လမ်းဦးစီးဌာနနှင့် ဆွေးနွေးတိုင်ပင်ပြုလုပ်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန် / ဆက်)**

# ကုန်ထုတ်(၁)လမ်းဖောက်လုပ်နေမှုပြီးစီးပါက ဒေသခံများအတွက် အထောက်အကူပြုမည်

**နေပြည်တော် မတ် ၁**

ကျေးလက်နေပြည်သူများ အနေဖြင့် ပွင့်လင်းရာသီတွင် ကုန်ထုတ်လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ စံချိန်စံညွှန်းပြည့်မီကာ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးကြည့်ရှုခြင်းကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က မိုင်းပျဉ်းမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။

ယခုကဲ့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ် အရှေ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ် (ရုံးခွဲ)ဦးစီးမှူး ဦးကြည်စော၊ ကျိုင်းတုံခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းနှင့်အဖွဲ့က ကျေးရွာကုန်ထုတ်(၁) လမ်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပျဉ်းမြို့နယ်အတွင်း ခရိုင်အဆင့် စံပြမြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမဆုရရှိသော ဆုပုံ၊ ဝမ်ပုံကျေးရွာများရှိ မြစိမ်းရောင် ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော အရင်းမပျောက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးလုပ်ငန်းတို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ လုပ်ငန်းများပြီးစီးပါက ကျေးရွာကိုးရွာရှိ အိမ်ခြေ ၄၇၃ အိမ်၊ လူဦးရေ ၁၉၂၇ ဦးတို့ကို ရာသီမရွေး သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် ကုန်ထုတ်(၁)လမ်း ပြီးစီးသွားပါက ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၁၅ အိမ်၊ လူဦးရေ ၁၃၃၆ဦးတို့ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်**

✤ *ရှေ့ဖုံးမှ*

**ဦးစားပေးအကောင်အထည်ဖော်**

ထို့အပြင် မိမိအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၌ ပြည်သူများသို့ ပြောကြားခဲ့သည့် နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကားတွင်လည်း နိုင်ငံတော်အစိုးရ၏ ကာလတိုအတွင်း ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (၁၁) ရပ်ကို ထည့်သွင်းပြောကြားခဲ့ပါသည်။ ယင်းဦးစားပေး လုပ်ငန်းစဉ်များထဲတွင် ပါရှိသည့်အတိုင်း တောင်သူလယ်သမားကြီးများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် မြေပိုင်ဆိုင်ခွင့်လက်မှတ်များ တစ်နှစ်အတွင်းရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီရရှိရေး၊ လယ်ယာမြေသွင်းအားစုများ အခွန်ကင်းလွတ်ခွင့်ပေးရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို ဦးစားပေးအကောင်အထည်ဖော်လျက် ရှိပါသည်။ တစ်ဖန် ဥပဒေမဲ့သိမ်းဆည်းထားသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနှင့် နစ်နာကြေးရရှိရေး၊ စွန့်လွှတ်ပြီးမြေများကို မူလပိုင်ရှင်များထံ အမြန်ဆုံး ပြန်လည်အပ်နှံရေး၊ မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းခံ လယ်ယာခြံမြေများကို ကော်မတီအသီးသီးက အမြန်ဆုံးစိစစ်ပြီး မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေး လုပ်ငန်းရပ်များကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဧကပေါင်း (၄၀၆၇၁၉) ဧက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်**

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေ၏ ရည်ရွယ်ချက်တွင်လည်း လယ်ယာမြေသိမ်းဆည်းခံရမှုနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်ဟု ဖော်ပြပါရှိသည့်အတိုင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီတို့အနေဖြင့်လည်း တောင်သူလယ်သမားများ၏ သိမ်းဆည်းခံ လယ်ယာခြံမြေများ ပြန်လည်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်ကုန်အထိ ဧကပေါင်း (၄၂၅၄၀၆) ဧကကို ပြန်လည်၍ စွန့်လွှတ်ပေးအပ်နိုင်ခဲ့ပြီး၊ အဆိုပါဧကများမှ ဧကပေါင်း (၄၀၆၇၁၉) ဧကအား တောင်သူလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ကျန်စွန့်လွှတ်မြေများကိုလည်း သိမ်းဆည်းခံရသော တောင်သူလယ်သမားများ လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိရေးကို ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်နှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နေ့တွင် ပြင်ဆင်ရေးဆွဲထုတ်ပြန်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေနှင့်အညီ စိုက်ပျိုးမြေများ တရားဝင် ပိုင်ဆိုင်နိုင်ရေး၊ လုပ်ပိုင်ခွင့်လွယ်ကူစွာ လျှောက်ထားရရှိရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာအရ သတ်မှတ်မြေများနှင့် အများပြည်သူတို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် ခွင့်ပြုချထားခြင်း မပြုစေရေးတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေး**

စိုက်ပျိုးစရိတ် ချေးငွေများ အကူအညီပေးရေး၊ လယ်ယာထွက်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ခိုင်မာသောဈေးကွက်ရရှိရေး၊ နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေစေရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာမှုများအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဒုတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းသည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

**မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်**

နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၁၈-၂၀၃၀) ၏ မဏ္ဍိုင် (၃) ရပ်အနက် မဏ္ဍိုင် (၂) သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင်တွင် ပန်းတိုင် (၃) အဖြစ် အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေးဟု ပြဋ္ဌာန်းထားပါသည်။ ယင်းပန်းတိုင်အရ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံအဖြစ် အားလုံးပါဝင်သည့် ဘက်စုံစိုက်ပျိုးမွေးမြူရေး အလေ့အထများဖြင့် ထုတ်ကုန်မျိုးစုံ ထုတ်လုပ်နိုင်စွမ်းရှိသော စီးပွားရေးကို ပံ့ပိုးမည့်ဝန်းကျင်တစ်ရပ် ဖန်တီးရေးကို မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်ကာ စီမံအကောင်အထည်ဖော်ဆောင်ပေးလျက်ရှိပါသည်။

ယင်းမဟာဗျူဟာလုပ်ငန်းစဉ်အတွက် ရေရှည်တည်တံ့သော လယ်ယာထုတ်ကုန်စနစ်ထွန်းကားစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်း၍ မိရိုးဖလာ လုပ်ကွက်ငယ် လယ်မြေများအား စက်မှုလယ်ယာစနစ်ဖော်ထုတ်ခြင်း၊ ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ပိုမိုထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းမွမ်းမံခြင်း၊ ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများနှင့် သရုပ်ပြပွဲများ ကျင်းပခြင်း၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲနိုင်ရေးအတွက် သီးနှံမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းရပ်များ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် မိုဘိုင်းဖုန်းများမှ လယ်ယာသတင်းများ ဝန်ဆောင်မှုပေးနေခြင်း၊ မိုးလေဝသ သတင်းများ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနေခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

တောင်သူလယ်သမားများ လွယ်လင့်တကူ သိရှိလိုက်နာ ကျင့်သုံးနိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများဖြင့် သတင်းအချက်အလက် ဖြန့်ဖြူးခြင်း၊ စံပြကွက်များ စိုက်ပျိုးပြသခြင်း၊ သင်တန်း၊ ဆွေးနွေးပွဲများပြုလုပ်၍ လေ့ကျင့်ပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေး၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများမှာ သီးနှံများ ထုတ်လုပ်မှု တိုးတက်ရေးအတွက်သာမက စားသုံးသူပြည်သူများ၏ အစားအစာ လုံခြုံစိတ်ချရမှုရှိရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ အခိုင်အမာ တည်ဆောက်ပေးလျက်ရှိပါသည်။

ထို့အပြင် အော်ဂဲနစ်စိုက်ပျိုးရေး စနစ်တကျဖွံ့ဖြိုးလာစေရန်နှင့် အော်ဂဲနစ်နှင့်ပတ်သက်သည့် စံချိန်စံညွှန်းများကို တိကျစွာ လိုက်နာကျင့်သုံးနိုင်ရေးတို့ကို ရည်ရွယ်၍ အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများကို အခြေခံပြီး မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းကိုလည်း ရေးဆွဲကာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် မြန်မာအော်ဂဲနစ် စံချိန်စံညွှန်းအား အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

- **ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိလူဦးရေ သန်းပေါင်း (၇၀၀၀) ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း (၉၀၀၀) ရှိလာမည် ဖြစ်သည့်အတွက် လိုအပ်လာမည့် စားနပ်ရိက္ခာကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ကြရမည်**
- **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် လာမည့်နှစ်အတွင်း တိုးပွားလာမည့် လူဦးရေများအတွက် နိုင်ငံ၏ စားနပ်ရိက္ခာ လုံခြုံစိတ်ချမှုရှိရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက် တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်အားပေးဆောင်ရွက်ကြရမည်ဖြစ်**

**ပညာပေးရေးလုပ်ငန်းများ အလေးပေးဆောင်ရွက်**

တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်မြင့်မားလာရေးအတွက် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်ပျိုးနည်းစနစ်များ ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရန်အတွက် အရန်မျိုးစေ့များ စုဆောင်းထားရှိရေးနှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရေး၊ ဆည်ရေသောက်စနစ်များ တိုးမြှင့်တည်ဆောက်ပေးနိုင်ရေး၊ ထွက်ကုန်၊ ထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်ရေး၊ ခုတ်ကြွင်းအာနိသင်များကင်းစေရေး၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုလျှော့ချရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောများအဖြစ်သို့ အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ ရောင်းချနိုင်ရေး၊ မျိုးစေ့ချ စတင်စိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အဆင့်ထိ လုပ်ငန်းစဉ်အဆင့်အားလုံးတွင် တောင်သူလယ်သမားများ လက်တွေ့ပါဝင်လုပ်ဆောင်ခွင့်ရရှိရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာများ တောင်သူလက်ဝယ်အရောက် အလွယ်တကူရောက်ရှိရန် ပညာပေးရေး စသည့်လုပ်ငန်းများကိုလည်း အလေးပေးဆောင်ရွက်ပေးလျက်ရှိပါသည်။

**အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနေ**

တောင်သူလယ်သမားများအတွက် လုပ်ငန်းဆိုင်ရာ အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍဆိုင်ရာသတင်းများ၊ ပညာပေးရေးနှင့် စိတ်လက်အပန်းပြေရန် ဖြေဖျော်ရေးအစီအစဉ်များ ကဏ္ဍစုံပါဝင်သော **"တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း"** အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

**ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်အားပေး**

ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိလူဦးရေ သန်းပေါင်း (၇၀၀၀) ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း (၉၀၀၀) ရှိလာမည် ဖြစ်သည့်အတွက် လိုအပ်လာမည့် စားနပ်ရိက္ခာကို ပိုမိုတိုးတက်စိုက်ပျိုး ထုတ်လုပ်ကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လာမည့်နှစ်အတွင်း တိုးပွားလာမည့် လူဦးရေများအတွက် နိုင်ငံ၏ စားနပ်ရိက္ခာ လုံခြုံစိတ်ချမှုရှိရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက် တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်ပေါင်းစုံမှ အရှိန်အဟုန် မြှင့်တင်အားပေး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှား**

မိမိတို့နိုင်ငံ၏ မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် သဘာဝမှပေးသည့် ရာသီဥတု အခြေအနေကောင်းများနှင့် ရိုးသားဖြူစင်၍ အလုပ်ကြိုးစားကြသည့် ကျေးဇူးရှင် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်သည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးရှိ ကျေးဇူးရှင် တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားအတွက် ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများကို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်အရောက် အတူတကွ လက်တွဲကြိုးပမ်းသွားကြပါရန် အလေးအနက် တိုက်တွန်းလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် WFD မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် ဒေါ်စောသီရိရှုပအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Westminster Foundation for Democracy (WFD) မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် ဒေါ်စောသီရိရှုပအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် Westminster Foundation for Democracy (WFD) အနေဖြင့် လွှတ်တော် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်ကော်မတီများ၏ အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အထောက်အကူပြုဝန်ထမ်းများအား နိုင်ငံတကာ လွှတ်တော်လုပ်ငန်းအတွေ့အကြုံ၊ သုတေသနလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားနိုင်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Westminster Foundation for Democracy (WFD) မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် ဒေါ်စောသီရိရှုပအား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

❑ *ရွှေဖုံးမှ*

## လုပ်ငန်းတာဝန် (၁၁)ရပ် ချမှတ်

အစည်းအဝေးတွင် အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် ဆင်းရဲမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေလ (၁၇)ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၈) ဖြင့် လုပ်ငန်းတာဝန် (၁၁)ရပ် ချမှတ်ကာ ဒုတိယသမ္မတ ဦးစီး၍ (၁၁) ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

### အမျိုးအစားအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်း

ပထမအကြိမ်အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၅) ရက်တွင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် (၁၀)ချက် ချမှတ်ခဲ့ရာ (၃)ချက်မှာ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျန်ဆုံးဖြတ်ချက် (၇)ချက်အနက် (၃)ချက်သည် ယနေ့အစည်းအဝေးတွင် အတည်ပြုရန်ဖြစ်ပြီး ကျန်ရှိသည့် ဆုံးဖြတ်ချက်(၄) ချက်မှာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အမျိုးအစားအလိုက် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအနေဖြင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ (၃၀)ရက်ကတည်းက အတည်ပြုထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ပါ အဓိကလုပ်ငန်းအစီအစဉ် (၈)ရပ်မှ **ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်** ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အာဟာရဆိုင်ရာအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောဒေသများကို ဦးစားပေးရွေးချယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့၌ ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းသက်သာသော ချေးငွေ International Development Association Fund (IDA Fund) နှင့် အစိုးရဘတ်ဂျက်တို့ အချိုးကျပေါင်းစပ်၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ထပ်မံတိုးချဲ့အကောင်အထည်ဖော်ရန် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုနည်းတူစွာ **လူမှုရေးပင်စင်ထောက်ပံ့ရေးအစီအစဉ်**ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အသက်(၉၀) နှစ်နှင့်အထက် အဘိုးအဘွားများကို ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသက် (၈၅)နှစ်သို့ လျှော့ချကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ **ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်**ကို ရွေးချယ်ထားသော မြို့နယ် (၃၇)ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အပြင် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများကို မြို့နယ်အလိုက် သတ်မှတ်တာဝန်ချထားပေးနိုင်ခဲ့ပါကြောင်း။

### တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်များ ဖော်ပြထား

လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေပြီး ထိရောက်မှုရှိစေရန် **ကာလလတ် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအစီအစဉ်** (Medium-term Costed Sector Plan) (၂၀၁၈-၂၀၂၃) ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကာလလတ် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအစီအစဉ်ကို အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ပါ အဓိက လုပ်ငန်းစဉ် (၈)ခုကို အခြေခံ၍ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များကို ခန့်မှန်းကုန်ကျမည့် ငွေပမာဏနှင့်အတူ ရေးဆွဲဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

### အလေးထားဆောင်ရွက်သွားရမည်

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချက် (၄)ချက်ကို အဓိကထားပြောကြားလိုပါကြောင်း၊ ပထမဦးဆုံးအချက်အနေဖြင့် **နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၊ ဦးစားပေးသတ်မှတ်ချက်များနှင့် ကိုက်ညီစေရေး**အပိုင်းတွင် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan-MSDP)" နှင့် "မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက် (Myanmar National Social Protection Strategic Plan-NSPSP)" တို့နှင့် ကိုက်ညီသည့် အကောင်အထည်ဖော်မှုမျိုးဖြစ်ရန် အလေးထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

### ရလဒ်များရရှိလာမှုကို သက်သေပြနိုင်ရန်လိုအပ်

ဒုတိယအချက်မှာ **ရန်ပုံငွေရရှိရေးဆောင်ရွက်ခြင်းနှင့် ရေရှည်တွင် အကုန်အကျခံနိုင်ခြင်း**ဖြစ်ပြီး "ရန်ပုံငွေရရှိရေးဆောင်ရွက်ခြင်း" အပိုင်းတွင် အဓိကအားဖြင့် နိုင်ငံတော်ရန်ပုံငွေ (Tax based Financing) မှ ကျခံသုံးစွဲသွားရမည်ဖြစ်သော်လည်း နိုင်ငံတော်ရန်ပုံငွေသည် အကန့်အသတ်ရှိသည့်အတွက် အခြားသောအရင်းအမြစ်များနှင့်လည်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် "ရေရှည်တွင် အကုန်အကျခံနိုင်ခြင်း" အပိုင်းသည် အရေးကြီးသဖြင့် အစိုးရအနေဖြင့် နောင်လာမည့်နှစ်များတွင်လည်း ဆက်လက်ထောက်ပံ့သွားနိုင်ရန် ကြိုတင်ဆန်းစစ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရခြင်းသည် ဆင်းရဲချမ်းသာ အကြား ကွာဟမှုကျဉ်းမြောင်းလာခြင်း၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာအညွှန်းကိန်းများ မြင့်မားလာခြင်း၊ ကလေးသူငယ်များ၏ ပညာရည်မြင့်မားလာခြင်း စသည့် လူသားအရင်းအနှီးတို့ တိုးတက်လာသော ရလဒ်များရရှိလာမှုကို သက်သေပြနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

တတိယအချက်ဖြစ်သည့် **စနစ်တည်ဆောက်ခြင်း (System Building)** အပိုင်းသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာ အကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကကျသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အဆိုပါစနစ် တည်ဆောက်ခြင်းအပိုင်းတွင် အကောင်အထည်ဖော်ရေးစနစ်တစ်ခု လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်များကို အသုံးပြုရာတွင်လည်း တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုသွားခြင်းဖြင့် လုပ်ငန်းများ မြန်ဆန်တိကျခြင်း၊ ရေရှည်တွင် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်းနှင့် ဝန်ထမ်းအင်အားအသုံးပြုမှုကို လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း။

### အကျိုးကျေးဇူးများကို ရရှိနိုင်မည်

နောက်ဆုံးအချက်ဖြစ်သည့် **ပေါင်းစပ်ညှိနှိုင်းခြင်း (Coordination)** အပိုင်းတွင် လက်ရှိ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အစိုးရဝန်ကြီးဌာနများ အချင်းချင်းအကြား၊ အစိုးရဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းနိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့ ရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအဆင့်၌သာမက အောက်ခြေအဆင့်ထိပါ ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ညှိနှိုင်းရေးကို တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူမှုရေး၊ စီးပွားရေးအရ ထိခိုက်လွယ်သော အခြေအနေတွင်ရှိသည့် နိုင်ငံအတွင်းနေထိုင်သူများကို အဆိုပါ အခြေအနေများမှ ကယ်တင်နိုင်ခြင်း၊ လူမှုရေး၊ စီးပွားရေးအရ ထိခိုက်လွယ်သည့်အခြေအနေသို့ ရောက်ရှိနိုင်သည့်အလားအလာရှိသူများကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံ၏ အနာဂတ်ဖြစ်သော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေနိုင်ရေးဟူသည့် အရေးကြီးသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကော်မတီအနေဖြင့် ရရှိပြီးသော အတွေ့အကြုံများအပေါ် အခြေခံ၍ ပိုမိုတိုးမြှင့်အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ဆောင်ရွက်သွားမည့်အစီအမံများ ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ အဓိကလုပ်ငန်းစဉ် (၈) ခု အပေါ် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားကော်မတီ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်စန်းစန်းအေးက ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ "လုပ်ငန်းကော်မတီ" နှင့် "နည်းပညာအထောက်အကူပြုကော်မတီ" အဆိုပြုဖွဲ့စည်းခွင့်၊ ကာလလတ် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ် လျာထားချက်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

### လုပ်ငန်းကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြ

ဆက်လက်၍ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အများပြည်သူ အလုပ်အကိုင်ရရှိရေး၊ နည်းပညာနှင့် အသက်မွေးပညာ သင်ကြားခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လူမှုဖူလုံရေး ကိစ္စရပ်များနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်စနစ် အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူက ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်၊ လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင်မြင့်က ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂)နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ရာတွင် စာရင်းဇယား မှန်ကန်မှုရှိစေရေး၊ UNICEF နှင့် ချိတ်ဆက်၍ ငွေကြေးထောက်ပံ့မှုအခြေအနေများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နိုင်ငံသားများ ပညာရေးအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်နေမှုများ၊ နည်းပညာနှင့် သက်မွေးပညာ သင်ကြားလေ့ကျင့်သင်တန်းပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်က ကလေးသူငယ်စောင့်ရှောက်ရေး၊ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ ဆရာမများ ထားရှိရေးနှင့် အာဟာရကျွေးမွေးမည့် အစီအမံများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

❑ **ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အာဟာရဆိုင်ရာ အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောဒေသများကို ဦးစားပေးရွေးချယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

# တရားမျှတမှုကဏ္ဍတိုးတက်ကောင်းမွန်ရေးအတွက် ရှေ့ပြေးဥပဒေရုံးများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၁

**ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် USAID တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရှေ့ပြေးဥပဒေရုံးများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။**

### စီမံချက်များချမှတ်နိုင်ရေး ဆွေးနွေး

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ တရားမျှတမှုကဏ္ဍတိုးတက်ကောင်းမွန်ရေးအတွက် အမှုတွဲစီမံခန့်ခွဲခြင်း(Case Management) လုပ်ငန်းကို USAID နှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းစီမံခန့်ခွဲမှု ကောင်းမွန်ခြင်းဖြင့် တရားမျှတမှုကို ထိရောက်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရှေ့ပြေးဥပဒေရုံးများအဖြစ် ပြင်ဦးလွင်ခရိုင်၊ ချမ်းအေးသာစံမြို့နယ်နှင့် မော်လမြိုင်မြို့နယ် ဥပဒေရုံးများတွင် အမှုတွဲစီမံခန့်ခွဲခြင်းလုပ်ငန်း အကောင်အထည်ဖော်မှုများ၊ မော်လမြိုင်ခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုသိမ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် တောင်ကြီးခရိုင် ဥပဒေရုံးများကို ရှေ့ပြေးဥပဒေရုံးများအဖြစ် တိုးချဲ့ဆောင်ရွက်နေမှုများ၊ ကြီးလေးသော ရာဇဝတ်မှုခင်းများတွင် နစ်နာသူနှင့် သက်သေများကို အမှုမစစ်ဆေးမီ ကြိုတင်ပြင်ဆင်ပေးခြင်း (Pretrial Interviews) နှင့်စပ်လျဉ်း၍ ဥပဒေအရာရှိများ၏ ကျင့်သုံးဆောင်ရွက်မှုများ၊ ဥပဒေအရာရှိများ၏ လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်ရေးအတွက် ဥပဒေအရာရှိကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများကို လိုက်နာကျင့်သုံးနေမှုများ၊ ရှေ့ပြေးဥပဒေရုံးများစီမံကိန်း၏ အားနည်းချက်၊ အားသာချက်များကိုသုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းစီမံချက်များ ချမှတ်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



ရှေ့ပြေးဥပဒေရုံးများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲ ကျင်းပစဉ်။

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမှတ်စဉ် (၁/၂၀၁၉)အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အမှတ်စဉ်(၁/၂၀၁၉)အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ဝင်းသိန်းက ယခင်ပြုလုပ်ခဲ့သည့် အမှတ်စဉ်(၁/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း) ရေးဆွဲထားရှိမှုအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး တင်အောင်ဝင်းက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီတို့ ပူးပေါင်းရေးဆွဲနေမှု၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အမှုစစ်ဆေးမှုအခြေအနေတို့အား ရှင်းလင်းတင်ပြရာ ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဗဟိုအဖွဲ့၊ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးပြီး အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း) ရေးဆွဲထားမှုအား အတည်ပြု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အမှတ်စဉ်(၁/၂၀၁၉)အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

အစည်းအဝေးကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အဖွဲ့ဝင်များ၊ ဗဟိုအဖွဲ့ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်) ဟိုတယ်ဝန်ဆောင်မှုသင်တန်း စာတွေ့ပြီးမြောက်မှုနှင့် အိမ်တွင်းမှုသင်တန်းများဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၁**

ဟိုတယ်ဝန်ဆောင်မှု သင်တန်းများဖြစ်သည့် ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်း အမှတ်စဉ်(၃) စာတွေ့ပြီးမြောက်မှု၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲများကို ယနေ့နံနက် ၈ နာရီတွင် ပုသိမ်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)၌ ကျင်းပသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းများဆင်းပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သင်တန်းဆင်းပွဲ၌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာနှင့် ငွေဆောင်ကမ်းခြေများတွင် ဒေသခံအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် ဟိုတယ်ဝန်ဆောင်မှု သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် စာတွေ့သင်တန်းသုံးလပြီးဆုံး၍ လက်တွေ့သင်တန်းသုံးလ ဆက်လက်သင်ယူရမည့် ဟိုတယ်အသီးသီး၌ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားသင်ယူသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရသင်တန်းသူများအား ဆုများပေးအပ်ပြီး ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ စားရိပ်သာ၊ စားဖိုဆောင်၊ အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော ဒေသများမှ ဒေသခံပြည်သူများအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိရာတွင် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ သင်ကြားပေးလျက်ရှိသည့် အိမ်တွင်းမှုသင်တန်းကျောင်း ပုသိမ်နှင့်ပခုက္ကူမှ သင်တန်းဆင်း ၄၅၀ အနက်မှ ပုဂံဇုန်ရှိဟိုတယ်များ၌ ၅၅ ဦး၊ မန္တလေးဇုန်ရှိ ဟိုတယ်များ၌ ၇၅ ဦး၊ မကွေးဇုန်ရှိဟိုတယ်များ၌ ၂၀၊ နေပြည်တော်ဇုန်ရှိ ဟိုတယ်များ၌ ကိုးဦး၊ ငွေဆောင်ဇုန်ရှိ ဟိုတယ်များ၌ ၄၇ ဦး၊ ချောင်းသာဇုန်ရှိ ဟိုတယ်များ၌ ၁၂၀၊ သက်ဆိုင်ရာ အခြားမြို့နယ်များရှိ ဟိုတယ်များ၌ ၅၂ ဦး စုစုပေါင်း ၃၈၇ ဦးတို့ အလုပ်အကိုင်များရရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် လပွတ္တာမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် လေ့ကျင့်သင်ကြားပေးနေသော ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းများတွင် လက်တွေ့လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဘိုကလေးနှင့် မအူပင်တို့ရှိ ကျောင်းအုပ်များ၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

**သတင်းစဉ်**

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ တည်ထောင်သွားမည်

**နေပြည်တော် မတ် ၁**

နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာနှင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးနှင့် လစဉ်ပင်စင်ထောက်ပံ့ပေးနိုင်ရေးတို့အတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund-CPF) တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့သို့ တည်ထောင်သွားနိုင်ရေးအတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

အဆိုပါကော်မတီသည် လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်၊ လူမှုဖူလုံရေးစနစ်နှင့် သက်ကြီးရွယ်အိုထောက်ပံ့မှု စနစ်များအရ မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေပုံစံမူကြမ်းဖော်ဆောင်ခြင်း၊ နိုင်ငံတကာအတွေ့အကြုံရှိ အတိုင်ပင်ခံပုဂ္ဂိုလ်များ ရှာဖွေ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေရေးဆွဲနိုင်ရန် ပါဝင်ရမည့် အခြေခံမူဝါဒများချမှတ်ခြင်း၊ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအတွက် ဆက်လက်အကောင်အထည်ဖော်နိုင်မည့် Master Plan နှင့် Action Plan ရေးဆွဲခြင်း၊ Master Plan နှင့် Action Plan များအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကော်မတီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက အဖွဲ့ဝင်အနေဖြင့် ပါဝင်ပြီး ပင်စင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကော်မတီအတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က “မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်ဟာ နိုင်ငံတော်ဘတ်ဂျက်ကနေ တာဝန်ယူ ကျခံတဲ့စနစ် ဖြစ်ပါတယ်။ ပင်စင်စားအင်အား နှစ်စဉ်တိုးတက်လာခြင်းနဲ့ မြန်မာနိုင်ငံရဲ့ မျှော်မှန်းလူ့သက်တမ်း တိုးမြင့်လာခြင်းတွေကြောင့် ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲခဲ့ရပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ကနေ ပိုပြီးသုံးစွဲရတာ ဖြစ်ပါတယ်။ လက်ရှိ ပင်စင်အသုံးစရိတ်ဟာ GDP ရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ နိုင်ငံတော်အခွန်ရငွေရဲ့ ခြောက်ပုံတစ်ပုံနဲ့ နိုင်ငံတော်ရဲ့စုစုပေါင်း အသုံးစရိတ်ရဲ့၁၀ ရာခိုင်နှုန်းနီးပါး နှစ်စဉ်သုံးစွဲလျက်ရှိပါတယ်။

“ဒါ့အပြင် ပုဂ္ဂလိကပိုင် ပြုလုပ်ဆောင်ရွက်တဲ့လုပ်ငန်းတွေ၊ ကော်ပိုရေးရှင်းအသွင် ကူးပြောင်းတဲ့လုပ်ငန်းတွေရဲ့ ပင်စင်အသုံးစရိတ်ကိုပါ ထည့်သွင်းတွက်ချက်မယ်ဆိုရင် ပိုမိုများပြားလာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ဒီလိုဘတ်ဂျက်ဝန်ထုပ်ဝန်ပိုးကို လျော့ကျစေဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲနိုင်တဲ့ အမျိုးသားပင်စင်စနစ် ဖြစ်ပေါ်လာစေဖို့ မြန်မာနိုင်ငံရဲ့လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်ကို အခြားသော ကမ္ဘာ့နိုင်ငံတွေလို ရန်ပုံငွေကိုအခြေခံပြီးတော့ ခံစားခွင့်ပြုတဲ့စနစ်ကို ပြောင်းလဲဖို့လိုအပ်လျက်ရှိပါတယ်။

“ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကို ထူထောင်ဖို့ လိုအပ်နေပါတယ်။ ရန်ပုံငွေနဲ့ စပ်လျဉ်းတဲ့ဥပဒေ၊ ဆောင်ရွက်မယ့် မဟာဗျူဟာနဲ့လုပ်ငန်းစဉ်တွေကို အချိန်ကာလနဲ့ သတ်မှတ်ရေးဆွဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အနာဂတ်ကာလမှာ လူမှုဖူလုံရေးအစီအစဉ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပြီး အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းတွေကိုပါ လွှမ်းခြုံနိုင်မယ့် အမျိုးသားပင်စင်စနစ်ကို မျှော်မှန်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။

“ဒါကြောင့် လက်ရှိပင်စင်စနစ်ကို ပိုမိုထိရောက်ပြီး စွမ်းဆောင်ရည်ရှိတဲ့စနစ် ဖြစ်ပေါ်စေဖို့နဲ့ စနစ်သစ်ကို ထူထောင်နိုင်ဖို့ဆိုတာကို တစ်ပြိုင်တည်း ဆောင်ရွက်ရမယ်။ ဝန်ထမ်းတွေရဲ့ ဘဝနောင်ရေးအတွက်၊ စိတ်အေးချမ်းစွာ လူမှုဘဝသာယာဝပြောရေးအတွက် အထောက်အပံ့ဖြစ်စေဖို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ပံ့ပိုးမှုဖြစ်စေဖို့ ရည်ရွယ်ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။

“ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ထူထောင်ပြီးရင် အငြိမ်းစားလစာကို လက်ရှိကာလရဲ့ ဝယ်နိုင်စွမ်းအားကို ထိန်းသိမ်းထားနိုင်ရေး၊ ညွှန်ကိန်းတွေနဲ့ ချိတ်ဆက်တိုးမြှင့်နိုင်ရေးတို့အတွက်လည်း ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာနဲ့အတူ စီးပွားရေးအမြင်ရှိရှိ ရန်ပုံငွေတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်လုပ်ကိုင်နိုင်ဖို့ လိုအပ်ပါတယ်”ဟု ပြောကြားသည်။

**ရှင်မင်း**

❍ *ကျောဖုံးမှ*

အကြံပေးကော်မရှင်ကို ကိုယ်ပိုင်ဆန္ဒဖြင့် တည်ထောင်ခဲ့ကြောင်း၊ ကော်မရှင်၏ အကြံပြုချက်အများစုကိုလည်း မိမိတို့အနေဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရာတွင် နိုင်ငံသားကိစ္စ၊ လွတ်လပ်စွာ သွားလာခွင့်၊ အိုင်ဒီပီစခန်းများ ပိတ်သိမ်းရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် ဦးစားပေးနယ်ပယ်(၅)ရပ်ကို သတ်မှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ကျန်ရှိသည့် အိုင်ဒီပီစခန်းများ ပိတ်သိမ်းရေးအတွက် မဟာဗျူဟာ တစ်ရပ်ကို အပြီးသတ်ရေးဆွဲလျက်ရှိကြောင်း။

နိုင်ငံသားအဖြစ် အဆိုပြုမှုလုပ်ငန်းစဉ်တွင် နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့်အဆင့်ဖြစ်ကြောင်း၊ ယင်းသည် ရခိုင်ပြည်နယ်၌ နေထိုင်ကြောင်း အထောက်အထားဖြစ်ပြီး၊ လွတ်လပ်စွာ သွားလာခွင့်ရရှိရေးအတွက်လည်း အဆင်ပြေနိုင်စေမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားမှုမှာ ကိုယ်ပိုင်ဆန္ဒအလျောက်သာ ဆောင်ရွက်ရန်ဖြစ်ကြောင်း။

လက်ရှိ လုံခြုံရေးအခြေအနေအရ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အချို့ဒေသများသို့ သွားလာခွင့် ကန့်သတ်ထားကြောင်း၊ သို့သော်လည်း လူသားချင်းစာနာမှု အထောက်အပံ့များကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့နှင့် ရခိုင်ပြည်နယ်ရှိ အာဏာပိုင်များမှတစ်ဆင့် ပေးအပ်နိုင်ကြောင်း။

မြန်မာအစိုးရသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူသားချင်းစာနာမှု အထောက်အပံ့များ ပေးအပ်နိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အပြင် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများကို ချမှတ်အကောင်အထည် ဖော်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုသည် လူမှုအသိုက်အဝန်းများအကြားရှိ ပဋိပက္ခများကို အဆုံးသတ်စေနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ ထို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေဖန်တီးပေးနိုင်ရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို မကြာမီက ကျင်းပခဲ့ကြောင်း။

မြန်မာအစိုးရ၏ လက်ရှိ အရေးအကြီးဆုံးလုပ်ငန်းမှာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အဆောလျင်ဆုံး စတင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုအခြေအနေကို ဖြေရှင်းရန်ဖြစ်ကြောင်း၊ စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက် ဘေးကင်းပြီး၊ သိက္ခာရှိစွာ ပြန်လည်လာရောက်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နှင့် ချုပ်ဆိုထားသည့် နှစ်နိုင်ငံ သဘောတူညီ ချက်များ၊ အစီအစဉ်များနှင့်အညီ မိမိတို့ဘက်မှ ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ သဘောတူညီချက်များအတိုင်း နှစ်ဖက်စလုံးမှ တိကျစွာလိုက်နာဆောင်ရွက်မည်ဆိုပါက နေရပ်သို့ ပြန်လည်လာရောက်ရေးလုပ်ငန်းစဉ်ကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း။

တစ်ဖက်တွင်လည်း နေရပ်သို့ ပြန်ဝင်လာမည့်သူများအတွက် သင့်လျော်သည့် အခြေအနေများ ဖန်တီးပေးနိုင်ရန် မိမိတို့အနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာနှင့်အညီ အဆိုပါအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ Quick ímpact Projects (၃၅)ခုကို လုံခြုံရေးအခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော်နိုင်ရန် သဘောတူညီခဲ့ကြောင်း၊ နောက်ထပ် လုပ်ငန်းစီမံကိန်း (၃၆)ခုကို ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အခြားရွာများတွင် တိုးချဲ့ဆောင်ရွက်သွားရန်ရှိကြောင်း။

## နေရပ်သို့ပြန်လည်ဝင်ရောက်မည့်သူများ၏ ယုံကြည်စိတ်ချမှုကို ပိုမိုရရှိစေနိုင်မည်

ထို့ပြင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မြန်ဆန်ချောမွေ့စေရန်အတွက် အာဆီယံနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်၌ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေမည့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆန်းစစ်လေ့လာမည့် အဖွဲ့များ စေလွှတ်နိုင်ရန် အာဆီယံလူသားချင်းစာနာမှုအကူအညီပေးရေးစင်တာ (AHA Centre)ကို ဖိတ်ကြားခဲ့ကြောင်း၊ ကွင်းဆင်းဆန်းစစ်လေ့လာမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အာဆီယံအတွင်းရေးမှူးချုပ်၏ ခရီးစဉ်အတွင်း သဘောတူညီခဲ့ကြောင်း၊ အာဆီယံအရေးပေါ်တုံ့ပြန်မှုနှင့် ကွင်းဆင်းဆန်းစစ်လေ့လာမှုအဖွဲ့ (ERAT)ကို ရခိုင်ပြည်နယ်သို့ အဆောလျင်ဆုံး စေလွှတ်ရန်ရှိကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံကွင်းဆင်းဆန်းစစ်လေ့လာမှုအဖွဲ့ပါဝင်လာခြင်းဖြင့် နေရပ်သို့ ပြန်လည်ဝင်ရောက်မည့်သူများ၏ ယုံကြည်စိတ်ချမှုကို ပိုမိုရရှိစေနိုင်မည်ဖြစ်ကြောင်း။

နုနယ်သေးသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် စိန်ခေါ်မှုမြောက်မြားစွာကို ရင်ဆိုင်ဖြေရှင်းရန် ကြိုးပမ်းရာ၌ ကုလသမဂ္ဂနှင့် အပြုသဘောဆောင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ကုလသမဂ္ဂစနစ်အတွင်းရှိ အချို့အုပ်စုများ၊ နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် မလိုမုန်းထားသည့် ရည်ရွယ်ချက်ဖြင့် ခွဲခြားဆက်ဆံပြီး၊ နည်းလမ်းမှန်ကန်မှုမရှိသော နိုင်ငံရေး ဖိအားပေးမှုများ ပြုလုပ်ရန်အတွက် ကုလသမဂ္ဂစနစ်ကို ဆက်လက်အသုံးချလျက်ရှိကြောင်း။

ထင်ရှားသည့် ဥပမာတစ်ရပ်မှာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားတစ်ရပ်ကို လူ့အခွင့်အရေးကောင်စီက တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ရပ်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအပေါ် ယခင်က မရှိခဲ့ဖူးသည့် ခွဲခြားဆက်ဆံသော စောင့်ကြည့်လေ့လာမှုလုပ်ငန်းများတွင် နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားတည်ထောင်မှုကို မိမိတို့အနေဖြင့် ပြင်းထန်စွာကန့်ကွက်ခဲ့ကြောင်း၊ အကြောင်းပြချက်မှာ ရှင်းလင်းကြောင်း၊ ယင်းယန္တရားသည် လူ့အခွင့်အရေးကောင်စီ၏ အခွင့်အာဏာကို ကျော်လွန်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး၊ ရွေးချယ်ဆောင်ရွက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေးကောင်စီ၏ အခွင့်အာဏာကို လိုသလိုအသုံးချမှုသာဖြစ်ကြောင်း၊ ထို့ပြင် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း




**မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း မိန့်ခွန်းပြောကြားစဉ်။**

တရားစီရင်ပိုင်ခွင့်ကို ထိပါးရာရောက်ကြောင်း၊ ကိုယ်ပိုင်နိုင်ငံရေးအာဂျင်ဒါအတွက် လူ့အခွင့်အရေးကောင်စီကို အသုံးချအမြတ်ထုတ်လိုသူတို့၏ နိုင်ငံရေးရည်ရွယ်ချက်ကိုသာ ဆောင်ကြဉ်းပေးနိုင်လိမ့် မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ သဘောတူညီချက်မရှိဘဲ ယင်းသို့ ထိပါးဆောင်ရွက်မှုများသည် လူမှုအသိုက်အဝန်းများကို ပိုမိုကင်းကွာစေလိမ့်မည်ဖြစ်ပြီး၊ တင်းမာမှုများ မြင့်တက်စေလိမ့်မည်ဖြစ်ကြောင်း။

## မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်းကို ထပ်လောင်းအတည်ပြု

ဤအစည်းအဝေးခန်းမအတွင်းရှိ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာကို ရည်ညွှန်းပြောကြားရာ၌ တာဝန်ခံမှုကိစ္စနှင့် ဆက်နွှယ်၍ ပြောကြားခဲ့ကြကြောင်း၊ ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးအဖွဲ့ တည်ထောင်စဉ်ကပင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်းကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ဤခန်းမအတွင်း၌ပင် မိမိပြောကြားခဲ့မှုကို ထပ်လောင်းအတည်ပြုလိုကြောင်း၊ ဇာတ်ကြောင်းများကို အခြေခံသည့် ယင်း၏ အစီရင်ခံစာကိုလည်း ကန့်ကွက်ကြောင်း။

## အစီရင်ခံစာ၏ သုံးသပ်ချက်များ နိုင်ငံရေးအရ လှုံ့ဆော်မှုများဖြစ်

အချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာသည် လုံးဝဘက်လိုက်ပြီး၊ တစ်ဖက်သတ်ကျကြောင်း၊ ယင်း၏ စုံစမ်းစစ်ဆေးမှုများသည် မြန်မာလုံခြုံရေးတပ်ဖွဲ့များကိုသာ ပစ်မှတ်ထားပြီး၊ အာဆာအဖွဲ့၏ ကျူးလွန်မှုများကိုမူ ချန်လှပ်ထားကြောင်း၊ အင်တာဗျူးများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့များထံမှ အချက်အလက်များကို အခြေခံ၍ အစီရင်ခံစာကို ပြုစုထားကြောင်း၊ ခြုံငုံပြောရပါက အစီရင်ခံစာသည် နေရပ်စွန့်ခွာ မွတ်စလင်များ၏ ပြောကြားချက်များကိုသာ အပြည့်အဝ ဖော်ပြထားပြီး၊ ကွဲလွဲသည့် မည်သည့်သက်သေအထောက်အထားများကိုမဆို ပယ်ချထားကြောင်း၊ အချက်အလက်ရှာဖွေရေးအဖွဲ့အနေဖြင့် အာဆာအဖွဲ့၏ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို မသိကျိုးကျွန်ပြုပြီး ယင်း၏ ဆိုးရွားသည့် လုပ်ရပ်များကို ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ကြောင်း၊ အရေးအကြီးဆုံးအချက်မှာ အစီရင်ခံစာ၏ သုံးသပ်ချက်များသည် မြန်မာနိုင်ငံနှင့် နိုင်ငံခေါင်းဆောင်များ၏ ပုံရိပ်ကို အဆုံးစွန်အထိ ထိခိုက်စေရန် ရည်ရွယ်သည့် နိုင်ငံရေးအရ လှုံ့ဆော်မှုများ ဖြစ်ကြောင်း။

အာဆာအဖွဲ့သည် သက်ဝင်လှုပ်ရှားနေဆဲဖြစ်ကြောင်း၊ အာဆာခေါင်းဆောင်တစ်ဦးဖြစ်သူ Nurul Alam သည် ကော့ဇ်ဘဇားရှိ Muchuni စခန်း၌ ဘင်္ဂလားဒေ့ရှ် Rapid Action Battalion (RAB)နှင့် လက်နက်ကိုင်တိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြောင်းကို သတင်းမီဒီယာများက ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဖော်ပြခဲ့ကြကြောင်း၊ ကော့ဇ်ဘဇားရှိ Ukhia စခန်း (၃၀)နှင့် Teknaf နယ်စပ်တို့တွင် အာဆာအဖွဲ့ဝင်များက အဓမ္မခေါ်ဆောင်မှုများ၊ သတ်ဖြတ်မှုများ၊ ပျောက်ဆုံးမှုများနှင့် မုဒိမ်းမှုများ ကျူးလွန်ခဲ့ကြောင်းကို ဘင်္ဂလားဒေ့ရှ် ဒေသခံမီဒီယာများတွင် ဖော်ပြခဲ့ကြကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်လာရောက်လိုသူများကိုလည်း အာဆာအဖွဲ့က ခြိမ်းခြောက်မှုများ ပြုလုပ်နေကြောင်း။

မည်သည့်လူ့အခွင့်အရေးချိုးဖောက်မှုကိုမဆို အကာအကွယ်ပေးမည်မဟုတ်ကြောင်းနှင့် စွပ်စွဲချက်များနှင့် ပတ်သက်၍ ခိုင်လုံသည့်အထောက်အထား တင်ပြနိုင်ပါက ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းကို မြန်မာအစိုးရက ထပ်တလဲလဲ ပြောကြားထားပြီးဖြစ်ကြောင်း။

## စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် တိကျမှန်ကန်စွာဖြင့် ဆောင်ရွက်လျက်ရှိ

သို့အတွက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆာအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီး နောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များအားလုံးကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို မြန်မာအစိုးရက ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်သည် တာဝန်ခံမှုနှင့် ပြန်လည်သင့်မြတ်မှုရှိစေရေးအတွက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ယင်း၏ တာဝန်များကို လွတ်လပ်၍ ဘက်လိုက်မှုကင်းကာ တိကျမှန်ကန်စွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များကို ခိုင်မာသည့် သက်သေအထောက်အထားများပေါ်တွင် အခြေခံ၍ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ သို့အတွက် အချက်အလက်များကို စုဆောင်းကာ ကော်မတီခွဲတစ်ရပ် တည်ထောင်၍ သက်သေအထောက်အထားများကို သုံးသပ်သွားမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ဥပဒေ၊ မှုခင်းဆေးပညာနှင့် ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စသည်တို့နှင့် ပတ်သက်၍ ပြင်ပကျွမ်းကျင်သူများထံမှ အကူအညီများ တောင်းခံလျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦးစီက အထောက်အကူပြုဝန်ထမ်းများနှင့် ကျွမ်းကျင်သူများ ခန့်အပ်သွားမည်ဖြစ်ကြောင်း။

လူ့အခွင့်အရေး ချိုးဖောက်ကြောင်းစွပ်စွဲချက်များကို တိုင်ကြားကြရန် ကော်မရှင်က ပြည်သူလူထုသို့ အတိအလင်း ဖိတ်ခေါ်ခဲ့ပြီး၊ စွပ်စွဲချက်များ တင်သွင်းရန် နေ့ရက်ကိုလည်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်သို့ ရွှေ့ဆိုင်းခဲ့ကြောင်း။

ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့် ပတ်သက်သည့် တိုင်ကြားစာ (၄၀)ကျော် ရရှိထားပြီးဖြစ်ကြောင်း၊ ကော်မရှင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဇ်ဘဇားရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်ခွင့်ကိုလည်း တောင်းခံထားကြောင်း၊ ကျူးလွန်ခံရကြောင်း စွပ်စွဲထားသူများနှင့် တွေ့ဆုံနိုင်ရန်အတွက် ကော်မရှင်၏ခရီးစဉ်ကို ခွင့်ပြုပေးရန် ဘင်္ဂလားဒေ့ရှ်အစိုးရကို တိုက်တွန်းလိုကြောင်း၊ ကော်မရှင်၏ လုပ်ငန်းသည် သက်သေအထောက်အထားကို အခြေခံကြောင်း၊ သို့အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ကော်မရှင်၏ လုပ်ငန်းကို ထောက်ခံသင့်ကြောင်း၊ ကော်မရှင်အနေဖြင့် ကြားဖြတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ မတ်လတွင် တင်သွင်းရန်ရှိပြီး၊ အပြီးသတ်အစီရင်ခံစာကို ယခုနှစ်ကုန်တွင် တင်သွင်းမည်ဖြစ်ကြောင်း။

တာဝန်ခံမှုကိစ္စကို မြန်မာအစိုးရအနေဖြင့် ဖြေရှင်းရန်ဆန္ဒရှိသကဲ့သို့ ဖြေရှင်းနိုင်စွမ်းလည်း ရှိကြောင်း၊ သို့အတွက် ဤတာဝန်ခံမှုကိစ္စနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစနစ်သို့ တင်သွင်းရန်ကို ကြိုးပမ်းမှုမှန်သမျှ မိမိတို့ ပြင်းထန်စွာကန့်ကွက်ကြောင်း။

## ကုလအထူးကိုယ်စားလှယ်နှင့် သဘောတူညီချက်လက်မှတ်ရေးထိုး

မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ခိုင်မာသည့် ကတိကဝတ်ဖြင့် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်အကြမ်းဖက်မှုများကို တားဆီးဖြေရှင်းနိုင်ရန်အတွက် ပဋိပက္ခများအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ပူးတွဲသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ကိုလည်း မကြာသေးမီက စီစဉ်ပေးခဲ့ကြောင်း။

မိမိတို့အနေဖြင့် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်၏ ရုံးနှင့်လည်း နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကြီးလေးသော ပြစ်မှုကြီး (၆)မျိုးကို ကာကွယ်တားဆီးရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်သည့် ကော်မတီတစ်ရပ်ကို တည်ထောင်ခဲ့ပြီး၊ ယင်းပြစ်မှုများနှင့်ပတ်သက်သည့် သင်တန်းတစ်ခုကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျင်းပပေးခဲ့ကြောင်း။

ရခိုင်ပြည်နယ်အရေးကိစ္စသည် မြန်မာနိုင်ငံအပေါ် မီဒီယာများက မှားယွင်းစွာ အကြီးအကျယ် ဖန်တီးပုံဖော်ထားသကဲ့သို့ ဘာသာရေးဖိနှိပ်မှုမဟုတ်ကြောင်း၊ မြန်မာနိုင်ငံသည် လူမျိုး၊ ဘာသာစုံတို့ ဖွဲ့စည်းပါဝင်သည့် နိုင်ငံဖြစ်ပြီး၊ မွတ်စလင်များ အပါအဝင် မတူညီသည့် ဘာသာဝင်များသည် ရာစုနှစ်ပေါင်းများစွာ သဟဇာတရှိစွာဖြင့် နေထိုင်ခဲ့ကြကြောင်း။

ရခိုင်ပြည်နယ်အရေးကိစ္စသည် ကိုလိုနီအုပ်ချုပ်မှုကာလကတည်းက စတင်၍ ကြာရှည်စွာ ဖြစ်ပေါ်လာခဲ့သည့် နယ်စပ်ဖြတ်ကျော် တရားမဝင်အခြေချမှု၊ ဆင်းရဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးလျော့နည်းမှုတို့ ပါဝင်သည့် နိုင်ငံရေးနှင့် စီးပွားရေး ပြဿနာဖြစ်ကြောင်း၊ ရခိုင်မြောက်ပိုင်းအရေးကိစ္စသည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုမရှိကြောင်း။

မကြာမီက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုသည် အေအေအဖွဲ့က ရဲကင်းစခန်း(၃)ခုကို တိုက်ခိုက်ခဲ့မှုများမှ စတင်ခဲ့ပြီး၊ အခြေအနေကို ပိုမို ရှုပ်ထွေးစေခဲ့ကြောင်း၊ ယင်းအဖြစ်အပျက်များသည် လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အောက်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိရေးအတွက် အရေးတကြီးလိုအပ်မှုကို ပြသလျက်ရှိကြောင်း။

## ယုံကြည်စိတ်ချမှု တည်ဆောက်နိုင်ရေး ရဲရဲဝံ့ဝံ့ဆောင်ရွက်ရန်လည်း လိုအပ်

လူသားချင်းစာနာမှုပြဿနာများကို ဖြေရှင်းရန် အရေးတကြီးလိုအပ်မှုကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ သို့ရာတွင် မြေပြင်လက်တွေ့အခြေအနေနှင့် ဖြစ်နိုင်ခြေများကို နားလည်ပေးစေလိုပါကြောင်း၊ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး တည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို အကောင်အထည်ဖော်ရာတွင် ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာ ကြီးမားသည့် အတားအဆီးများ ရှိနေကြောင်း၊ အချိန်နှင့် စိတ်ရှည်သည်းခံမှုသာမက ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအကြား ယုံကြည်စိတ်ချမှု တည်ဆောက်နိုင်ရေးအတွက် ရဲရဲဝံ့ဝံ့ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စကို အခြားသူများထက် မိမိတို့အနေဖြင့် မြန်ဆန်စွာဖြေရှင်းလိုကြောင်း။

ရခိုင်ပြည်နယ်အခြေအနေကို ဖြေရှင်းရန်အတွက် မြန်မာအစိုးရနှင့် ပြည်သူများတွင် အဓိကတာဝန်ရှိသော်လည်း နိုင်ငံတကာအသိုက်အဝန်း၏ မျှတ၍ အပြုသဘောဆောင်သော ပူးပေါင်းပါဝင်မှုနှင့် အားပေးကူညီမှုသည်လည်း မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများ အောင်မြင်ရန်အတွက် အရေးကြီးပါကြောင်း။

ရခိုင်ပြည်နယ်၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ယခုကဲ့သို့ အရေးကြီးသည့်အချိန်တွင် မိမိတို့အား နည်းလမ်းမျိုးစုံဖြင့် ကူညီ၊ အားပေးလျက်ရှိသည့် မိတ်ဆွေများအားလုံး ကို ကျေးဇူးတင်ရှိပါကြောင်း။

ရခိုင်ပြည်သူများ၏ ဆင်းရဲဒုက္ခများကို အဆုံးသတ်ရန်နှင့် ရခိုင်ပြည်နယ်ကို အသိုက်အဝန်းများအားလုံးအတွက် အေးချမ်းပြီး၊ သဟဇာတရှိကာ သာယာဝပြောသည့် ပြည်နယ်တစ်ခု ဖြစ်လာစေနိုင်ရန်အတွက် ကုလသမဂ္ဂ၊ မိတ်ဆွေများ အားလုံးနှင့်အတူ စစ်မှန်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မက်မန်းမြို့နယ်ရှိ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပေးရန် ရန်ပုံငွေလျာထားဆောင်ရွက်နိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်နေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း

**နေပြည်တော် မတ် ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြု

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥက္ကဋ္ဌအဖြစ် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ချိုတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ်ရှိ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနမှ ရှမ်းပြည်နယ်အစိုးရထံ ညှိနှိုင်းမေးမြန်းခဲ့ရာ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်ရန်ပုံငွေဖြင့် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း လျာထားဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်နေပါကြောင်း ရှမ်းပြည်နယ်အစိုးရ၏ကိုယ်စား ရှင်းလင်းဖြေကြားသည်။

## တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံကြီးလေးထပ်အဆောင် ဖေဖော်ဝါရီလအထိ ဆောက်လုပ်ရာတွင် ၇၀ ရာခိုင်နှုန်းပြီးစီး

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ်၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးလေးထပ်အဆောင်အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ မတိုင်မီအသစ်ဖွင့်လှစ်ပြီး ဆေးကုသရေးလုပ်ငန်းများ စတင်ပေးနိုင်ရန် မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုဆေးရုံကြီးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၆၀၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၇၀၀၊ ၂၀၁၈ ခုနှစ် ၆ လ ဘတ်ဂျက်တွင် ငွေကျပ်သန်း ၇၅၀၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၀၀၀ ချထားပေးပြီး ဆောက်လုပ်ရေးအထူးအဖွဲ့ဖြင့် ဆောက်လုပ်လျက်ရှိပါကြောင်း၊ ဖေဖော်ဝါရီလအထိ ဆောက်လုပ်ရာတွင်၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါကြောင်း၊ ဆေးရုံကြီး လေးထပ်ဆောင်ကို မူလရည်ရွယ်ထားသည်မှာ ငွေကျပ်သန်းပေါင်း ၃၆၁၆ ဒသမ ၁၄၂ သန်းဖြစ်ပြီး စုစုပေါင်း ငွေကျပ်သန်း ၃၀၅၀ ပေးထားပြီးဖြစ်ပါကြောင်း၊ ငွေကျပ် ၅၆၆ ဒသမ ၁၄၂ သန်း ကျန်ရှိနေပါကြောင်း၊ ကျန်သည့်ငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ရရှိပါက ယခုနှစ်အတွင်း ပြီးစီးမည်ဖြစ်ပါကြောင်း၊ ဖြည့်စွက်တွင် မရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းတွင် ထည့်သွင်းတောင်းခံမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်းနှင့် လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်နှင့် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောတို့က မြန်မာဘာသာဖြင့် ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း တင်ပြဆွေးနွေးကြပြီး လွှတ်တော်၏ စက်ခလုတ်အသုံးပြု၍ သဘောထားရယူရာ ထောက်ခံမဲ ၂၁၃ မဲ၊ ကန့်ကွက်မဲ ၁၃၇၊ ကြားနေမဲ ၁ မဲဖြင့် ထောက်ခံမဲများသောကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ဖြစ်သည့် အင်္ဂလိပ်ဘာသာဖြင့် အတည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၁၄ ချက်ကို လွှတ်တော်က သဘောတူအတည်ပြုသည်။

## တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြု

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသဖြင့် အဆိုပါဥပဒေကြမ်းအား အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်းတင်သွင်းသည့် **မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုး ဖြစ်နေရရှာသော ဆင်းရဲသားအများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုး မဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါ ဖြန့်ဖြူးရေးတွင် ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သော ဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလ သတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသော စာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့်ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ဆင်းရဲချမ်းသာမရွေးလူတိုင်း လျှပ်စစ်မီးသုံးစွဲနိုင်ရန် စနစ်ကောင်းတစ်ရပ် ရှာဖွေဆောင်ရွက်သင့်

ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်က ကျေးရွာတွင်း ဓာတ်အားလိုင်းများ၊ ဓာတ်တိုင်များနှင့် ၄၀၀ ဗို့အား လိုင်းများကို နိုင်ငံတော်က ပံ့ပိုးပေးမှသာ တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးလုပ်ငန်း ပို၍အောင်မြင်မည်ဖြစ်ပါကြောင်း၊ မြို့ပြနေပြည်သူများနှင့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်သုံးစွဲရန် အခွင့်အရေးလည်း တူညီမျှတသွားမည်ဖြစ်ပါကြောင်း၊ အဆိုအတိုင်း အများပိုင်ကုမ္ပဏီများကို ဆောင်ရွက်စေခြင်းဖြင့် လည်းကောင်း၊ ကျေးလက်မီးလင်းရေးကော်မတီများကို ဌာနက စနစ်တကျ ကြီးကြပ်ကွပ်ကဲပြီး ပွင့်လင်းစွာဖြင့် စီးပွားရေးလုပ်ငန်း ဆန်ဆန်စီမံဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း ဆင်းရဲချမ်းသာမရွေးလူတိုင်း လျှပ်စစ်မီးသုံးစွဲနိုင်ရန် စနစ်ကောင်းတစ်ရပ်ရှာဖွေ ဆောင်ရွက်သင့်ကြောင်း ထောက်ခံအကြံပြုသည်။

အလားတူ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်နှင့် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မီးလင်းရေးကော်မတီကိုဖွဲ့စည်းရန် ညွှန်ကြားထားခြင်း မရှိသကဲ့သို့ မီးလင်းရေးကော်မတီကို ဖွဲ့စည်းထားသည်ကို အတည်ပြုပေးခြင်းမရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်သည့်အခါ ရင်းနှီးမြှုပ်နှံရမည့် ပမာဏများပြားခြင်း၊ နည်းပညာဆိုင်ရာကိစ္စရပ်များ သာမန်အဆင့်ထက်ပိုလွန်ခြင်း၊ အများပြည်သူကို လျှပ်စစ်ဓာတ်အားရောင်းချရမည့် ဈေးနှုန်းသည်လည်း အများပိုင်ကုမ္ပဏီများ ဆောင်ရွက်လာမည်ဆိုပါက ဈေးနှုန်းများ မြင့်မားလာနိုင်ခြင်း၊ ဆောင်ရွက်မည့် ကုမ္ပဏီအကျိုးအမြတ်ရရှိရန်အတွက် ဝန်ကြီးဌာနက စဉ်းစားပေးရမည်ဆိုပါက အစိုးရက ထိုကုမ္ပဏီများကို နှစ်စဉ်ထပ်မံ၍ အရှုံးထပ်ခံပေးမှသာ ကုမ္ပဏီများ၏ စီးပွားရေးဖြစ်နိုင်ခြေ ပေါ်ပေါက်လာမည် ဖြစ်သောကြောင့် လက်ရှိ ပြည်သူများကို ရောင်းချနေရသည့် အရှုံးနှင့် အများပိုင်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရပ်တည်ရေးအတွက် အစိုးရမှ အရှုံးများသာ ထပ်မံပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။

ပြည်သူများ၏အကျိုးထက် ကုမ္ပဏီ၏အကျိုးကို ရှေ့တန်းတင်လုပ်ကိုင်လာမည့် အများပိုင်ကုမ္ပဏီများ၏ ပြဿနာအားလုံးသည် တစ်နိုင်ငံလုံးအနှံ့ မြန်ဆန်စွာ ဖြစ်ပေါ်လာမည်ဆိုပါက ယခု ကျေးရွာမီးလင်းရေးကော်မတီများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နေရသည့်အနေအထားထက် အခက်အခဲများ ပိုမိုပေါ်ပေါက်လာမည်ကို ကြိုတင်စဉ်းစားကြရန်လည်း လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်းကာ မီးလင်းရေးလျှောက်ထားမှုများကို အနာဂတ်ကာလတစ်ခုတွင် ယခုကာလကဲ့သို့ ဆက်လက်ဆောင်ရွက်မှုများ မပြုလုပ်ရန်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## NEP Plan၊ ၁၁ ကေဗွီလိုင်းနှင့် ၁၁ ဒသမ ၄ ထရန်စဖော်မာများ တည်ဆောက်တပ်ဆင်ပေးမည့် ကျေးရွာများအားလုံးအတွက် လိုအပ်သော ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၏ ဘဏ္ဍာရန်ပုံငွေကို အချိန်မီထည့်သွင်း လျာထားဆောင်ရွက်ပေးသွားမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းချက်အရ တိုင်းဒေသကြီးအတွင်းတွင် NEP Plan၊ ၁၁ ကေဗွီလိုင်းနှင့် ၁၁ ဒသမ ၄ ထရန်စဖော်မာများ တည်ဆောက်တပ်ဆင်ပေးမည့် ကျေးရွာများအားလုံးအတွက် လိုအပ်သော ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၏ ဘဏ္ဍာရန်ပုံငွေကို တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအလိုက် ရန်ပုံငွေတွင် အချိန်မီထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဟု ညှိနှိုင်းသဘောတူညီချက် ရရှိပါကြောင်း၊ ထိုကဲ့သို့ ညှိနှိုင်းသဘောတူရရှိချက်များကို ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ဝန်ကြီးဌာနက ဆက်လက်ညှိနှိုင်းသွားမည် ဖြစ်ပါကြောင်း၊ ညှိနှိုင်းသဘောတူချက်ရရှိခဲ့ပါက ကိုယ်စားလှယ်များစိတ်ပူနေသည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများအတွက် ကျေးရွာသူ၊ ကျေးရွာသားများ ဝန်ထုပ်ဝန်ပိုးများစွာ လျော့နည်းပပျောက် ပြေလည်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်မည်ဆိုပါက ကျေးရွာမီးလင်းရေး ကော်မတီများနှင့် အများပိုင်ကုမ္ပဏီများလည်း မလိုအပ်တော့ပါကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြို့နေအိမ်ခြေများကဲ့သို့ တစ်ပြေးညီတန်းတူညီမျှအခွင့်အရေးများ ရရှိလာမည်ဖြစ်ပါကြောင်း။

လိုအပ်သည့်ဘဏ္ဍာရန်ပုံငွေမြောက်မြားစွာ ဆက်လက်ရှိနေမည် ဖြစ်သောကြောင့် ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် လက်ရှိ အလွန်နည်းပါး နိမ့်ကျနေသည့် လျှပ်စစ်ဓာတ်အားနှုန်းထားကို ပြင်ဆင်သတ်မှတ်နိုင်ပါက ဘတ်ဂျက်ဆုံးရှုံးမှုများ မရှိတော့သည့်အခါ ပြန်လည်ကာမိသွားမည့် ရန်ပုံငွေများဖြင့် ကျေးရွာများအတွက် လိုအပ်နေသည့် ၄၀၀ ဗို့ဓာတ်အားလိုင်းများကို နှစ်စဉ်တိုးချဲ့တည်ဆောက်ဆောင်ရွက်ပေးသွားနိုင်မည့် အခွင့်အလမ်းကို ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ အမှန်တကယ် ရေရှည်တွင် ပြေလည်စေနိုင်မည့် နည်းလမ်းကို ဖြေရှင်းဆောင်ရွက်သွားနိုင်ရန် ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေကို ဝိုင်းဝန်းထောက်ခံပေးပါရန်နှင့် လက်ရှိ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ကျေးရွာများအတွက် လျှပ်စစ်ဓာတ်အားကို ဝန်ထုပ်ဝန်ပိုးမရှိဘဲ အသုံးပြုနိုင်ရန်အတွက် စေတနာအထူးရှေ့ထားပြီး တင်သွင်းခဲ့သည့် အဆိုရှင်အား အသိအမှတ်ပြုပါကြောင်းနှင့် အဆိုအား မှတ်တမ်းအဖြစ် ထားရှိပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းအဖြစ်ထားရှိပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ရန် လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို လွှတ်တော်က မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို မတ် ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု

**နေပြည်တော် မတ် ၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က ဖွဲ့စည်းထားသော ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီအစား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဟု အမည်ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပါကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်တို့ကိုလည်း ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါကြောင်း** လွှတ်တော်သို့ အသိပေးတင်ပြသည်။


အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင် ရှင်းလင်းစဉ်။


ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန် အဆိုတင်သွင်းစဉ်။


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြေကြားစဉ်။


ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး မေးမြန်းစဉ်။

ထို့နောက် **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး**က အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီ အမည်ပြောင်းလဲပြင်ဆင်ခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်ပြင်ဆင်သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က **အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက်** လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမြဟန်က အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးစောယှားဖောင်အွာက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းသည်** ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ **၂၀၁၆ ခုနှစ်၊ အမျိုးသား မြေအသုံးချမှုဝါဒ(National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသား မြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံ အုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါ်မြတ်သီတာထွန်း**က အဆိုရှင် တင်ပြသကဲ့သို့ လိုအပ်နေသည်မှာ အမျိုးသားမြေဥပဒေပေါ်ပေါက်လာရေး ဖြစ်ပါကြောင်း၊ ပညာရှင်များနှင့် အတွေ့အကြုံရှိသူများ စုပေါင်းပါဝင်၍ အချိန်ယူ ငွေကုန်ကြေးကျခံကာ ရေးဆွဲခဲ့သည့် ၂၀၁၆ခုနှစ်၊ မြေအသုံးချမှုဝါဒသည် အတော်အတန် ပြည့်စုံကောင်းမွန်မှုရှိသော်လည်း အဆိုရှင် ဆွေးနွေးသည့် အကြောင်းအရာများ၊ မိမိအပါအဝင် ကိုယ်စားလှယ်များ ထောက်ပြအကြံပြု ဆွေးနွေးခဲ့ကြသည့် ကိစ္စရပ်များ ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ အဆိုပါအချက်များကို ဖော်ဆောင်နိုင်မှသာ လျှင် လက်ရှိရင်ဆိုင်နေရသည့် မြေယာအရှုပ်တော်ပုံများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး တည်ငြိမ်မှုကိုရရှိမည်ဖြစ်ရာ မိမိတို့ မျှော်မှန်းသည့် ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်ကို ရောက်ရှိရန်အတွက် မြေယာကဏ္ဍမှ အားဖြည့်မောင်းနှင်နိုင်မည် ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်** က ဥပဒေတစ်ရပ်၏ တိကျခိုင်မာမှု၊ မျှတမှုနှင့် ကျင့်သုံးရာတွင် အကျိုးဖြစ်ထွန်းစေမှုများသည် ဥပဒေပြုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့ဘက်က တွေးဆ၍ ဆောင်ရွက်ပြီးကောင်းမွန်သန့်စင်သည့် စေတနာနှင့် မြော်မြင်နိုင်သည့် ပညာစွမ်းအားအပေါ်တွင် မူတည်သည့်အတွက် များစွာတာဝန်ကြီးလှပါကြောင်း၊ အဆိုပါ တာဝန်ကို ထမ်းဆောင်သည့်အခါတွင် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ထင်ဟပ်ပြီး ရေးဆွဲသည့် မြေယာဥပဒေဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေလိုပါကြောင်း။

အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးရာ အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး အခြေချတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း မြေအသုံးချမှုများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များကို အလေးထား၍ သယံဇာတထုတ်ယူခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလာခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အကောင်အထည်ဖော်ရမည့်စီမံကိန်းများ၊ မြေမဲ့ယာမဲ့များကို မြေယာခွဲဝေချထားပေးခြင်းလုပ်ငန်းများ စသည့်လုပ်ငန်းစဉ်ပေါင်းများစွာကို နိုင်ငံတော်၏ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်စိစစ်၍ မြေယာဥပဒေကို အပိုင်းလိုက်၊ ကဏ္ဍအလိုက် စီမံချက်ချရေးဆွဲမည်ဆိုပါက အနာဂတ်ကာလတွင် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် မြေယာဥပဒေတစ်ရပ် ပေါ်ထွက်လာနိုင်မည်ဟု ယုံကြည်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးခင်မျိုးဝင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးအေးမင်းဟန်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြေသယံဇာတများသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားစီမံအုပ်ချုပ်အသုံးချရမည့် အကန့်အသတ်ရှိသော အရင်းအမြစ်များဖြစ်ပြီး စနစ်တကျအသုံးချစီမံခန့်ခွဲနိုင်သည်နှင့်အမျှ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေခြင်းကို ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ မြေအသုံးချမှုမူဝါဒ အပိုင်း ၁၀၊ အပိုဒ် ၇၇ (က) ပါ အချက်များနှင့်အညီ နိုင်ငံတော်ရှိ မြေနှင့် သက်ဆိုင်သော တည်ဆဲဥပဒေအားလုံးကို သဟဇာတဖြစ်ရေးအတွက် အမျိုးသားမြေအသုံးချမှု မူဝါဒကို လမ်းညွှန်အဖြစ်အသုံးပြု၍ အမျိုးသားမြေဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် မြေအသုံးချမှုကော်မတီများ၊ အထောက်အကူပြု လုပ်ငန်းကော်မတီများ ပူးပေါင်း၍ အမျိုးသားမြေအသုံးချမှုမူဝါဒဆိုင်ရာဖိုရမ်မှ အကြံပြုချက်နှင့်အညီ အမျိုးသားမြေဥပဒေထွက်ပေါ်လာရေးအတွက် အရှိန်အဟုန်မြှင့်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုရှင် ဒေါက်တာပြည့်ဖြိုးက အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ခံယူမည် ဖြစ်ပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၆၀ မဲ၊ ကန့်ကွက်မဲ ၆ မဲ၊ ကြားနေမဲ ၄ မဲဖြစ်၍ ထောက်ခံမဲများသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

## အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ (၁၃)ခု၏ သက်တမ်းမှာ တစ်နှစ်ပြည့်မြောက်ပြီးဖြစ်ပါ၍ နောက်ထပ်သက်တမ်း တစ်နှစ်တိုးမြှင့်သတ်မှတ်

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသောရေးရာကော်မတီ (၁၃) ခု၏ သက်တမ်းမှာ တစ်နှစ်ပြည့်မြောက်ပြီးဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်းတစ်နှစ်တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို မတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

# Online ပေါ်က Digital E-book စာအုပ်များနှင့် မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲ ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် မတ် ၁

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စီစဉ်ကျင်းပသည့် Online ပေါ်က Digital E-book စာအုပ်များနှင့် မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းထောင့်ရှိ Kafe In Town စားသောက်ဆိုင်၌ ကျင်းပသည်။** (အောက်ပုံ)




ဆွေးနွေးပွဲတွင် WE distribution နှင့်ငါတို့စာပေမှ ဆရာမြေမှုန်လွင်က Moderator အဖြစ် ဆောင်ရွက်ပြီး CEO-Information Matrix Co.,Ltd နှင့် 7 Day News Journal မှ ဦးသောင်းစုငြိမ်း၊ စာပေ၊ ရုပ်ရှင် ဥပဒေပညာရှင် ဒါရိုက်တာ ဦးအောင်စိုးဦး၊ ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းတို့က Online ပေါ်က Digital E-book စာအုပ်များနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဆရာမြေမှုန်လွင်က Online ပေါ်က Digital E-book စာအုပ်များကြောင့် စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူတို့ နစ်နာနိုင်သည့်အပြင် တရားမဝင် ပျံ့နှံ့မှုနှင့် အွန်လိုင်းပေါ်တွင် ရေးသားသူအနေဖြင့်လည်း တရားရင်ဆိုင်ရပါက နစ်နာနိုင်ကြောင်း ပြောကြားသည်။

Online ပေါ်တွင်ပျံ့နှံ့နေမှုနှင့် စပ်လျဉ်း၍ ဦးသောင်းစုငြိမ်းက အွန်လိုင်းပေါ်တွင် ဝက်ဘ်ဆိုက်ထောင်၍ ငွေကြေးယူသူများရှိသကဲ့သို့ အခမဲ့ဖြန့်ဝေပေးနေသူများလည်းရှိနေ၍ ထုတ်ဝေသူများအနေဖြင့် နည်းပညာနှင့် ဒစ်ဂျစ်တယ်နောက်သို့ ယုံယုံကြည်ကြည်လိုက်ပါရန် လိုကြောင်း၊ စာပေလောကဖြတ်သန်းမှုတွင် MPT နှင့် ဝန်ဇင်းကဲ့သို့သော တရားဝင်ပလက်ဖောင်းများ များစွာပေါ်ပေါက်ရန်လိုကြောင်း၊ တာဝန်ရှိသူများနှင့် ထုတ်ဝေသူများအနေဖြင့်လည်း စာအုပ်များကို စာအုပ်ဆိုင်များတွင် တရားဝင်လမ်းကြောင်းဖြင့် ဝယ်ယူရရှိနိုင်သည့်နည်းတူ အားလုံးပူးပေါင်း၍ မည်သည့်တရားဝင် Online Bank များတွင် ဝယ်ယူဖတ်ရှုရရှိနိုင်ကြောင်းကို ပရိသတ်အား အသိပေးမှုများ ပြုလုပ်ဆောင်ရွက်သင့်ကြောင်း၊ စာရေးသူနှင့် ထုတ်ဝေသူညှိနှိုင်းထားပြီး E-Book များကိုလည်း ဆောင်ရွက်ထားသင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ပါက ဒစ်ဂျစ်တယ်ထုတ်လုပ်မှုဈေးကွက်တွင် အသုံးပြုမည့်သူများ အသင့်ရှိနေကြောင်း၊ ထို့ကြောင့် ထုတ်ဝေသူများအနေဖြင့် ဒစ်ဂျစ်တယ်နောက်သို့ ယုံယုံကြည်ကြည်လိုက်ပါရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ထုတ်ဝေသူများနှင့် Online တွင် တရားမဝင် PDF ဖြန့်ချိနေသူများအကြား ဖြစ်ပေါ်နေမှု နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက ထုတ်ဝေ

*စာမျက်နှာ ၉ သို့*

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ (၁/၂၀၁၉) ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ (၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ (၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ပြည့်ပြည့်စုံစုံ စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်သွားရမည်

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်သံလုပ်ငန်းများ စနစ်တကျ ညီညွတ်မျှတစွာ ဆောင်ရွက်နိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေနှင့်အညီ ယခု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ယင်းနည်းဥပဒေ(မူကြမ်း)ထဲတွင် ရုပ်သံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်၊ အများပြည်သူအတွက် ရုပ်သံအစီအစဉ်ပေါင်းများစွာ ကြည့်ရှုနိုင်ရန်၊ ရုပ်သံလုပ်ငန်းများ များစွာလုပ်ကိုင်လာနိုင်ရန် လမ်းဖွင့်ပေးသည့်အပိုင်း၊ အရည်အသွေးမနိမ့်ကျအောင် ထိန်းသိမ်းရသည့်အပိုင်းစသည့် ဆွေးနွေးသုံးသပ်ရမည့် ကဏ္ဍရပ်များစွာပါဝင်သည့်အတွက် ပြည့်ပြည့်စုံစုံ စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ယင်းနည်းဥပဒေ(မူကြမ်း)ကို ဝိုင်းဝန်းသုံးသပ်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာနည်းဥပဒေ(မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

### တည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေမှုရှိစေရေး

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရှေ့နေများကွန်ရက်နှင့် မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းတို့မှ တာဝန်ရှိသူများက နည်းဥပဒေရေးဆွဲရာတွင် လိုက်နာသူများ ကျင့်သုံးနိုင်သည့် ပြဋ္ဌာန်းချက်များဖြစ်စေရေး၊ ပင်မဥပဒေကို လွှမ်းမိုးသည့်၊ ကျော်လွန်သည့် ပြဋ္ဌာန်းချက်များ မပါရှိစေရေး၊ ခေတ်ကာလအခြေအနေ၊ နိုင်ငံတကာ သဘောတူညီချက်များ၊ တည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေမှုရှိစေရေးဆိုင်ရာ ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

သူများအနေဖြင့် PDF ၏ ပြဿနာကို ခံစားနေရကြောင်း၊ မူပိုင်ခွင့်နှင့် ပတ်သက်လျှင် မူလဖန်တီးသူနှင့် အခွင့်အရေးရရှိသူများ၏ခွင့်ပြုချက်ကို တောင်းဆိုမှုမရှိဘဲ ဖန်တီးပြုလုပ်ခြင်းသည် ကျင့်ဝတ်ကိုဖောက်ဖျက်ခြင်းဖြစ်ကြောင်း၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ နားမလည်သောကြောင့် ချိုးဖောက်သူများရှိသကဲ့သို့ သိလျက်နှင့် ချိုးဖောက်နေသူများလည်း ရှိနေကြောင်း၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ နားလည်မှုနည်းပါးနေသည်ဟု ထင်မြင်မိကြောင်း၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ ၁၉၁၄ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေရှိသော်လည်း ခေတ်စနစ်နှင့်လိုက်လျောညီထွေမှု မရှိသည့်အတွက် ဥပဒေသစ်များ ပြဋ္ဌာန်းခဲ့ပြီး ဆက်လက်ပြဋ္ဌာန်းရန်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

မူပိုင်ခွင့်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းမရှိပါက တရားဥပဒေလမ်းကြောင်းအရ အရေးယူဆောင်ရွက်သွားနိုင်မည့်အပေါ် စာပေ၊ ရုပ်ရှင်နှင့် ဥပဒေပညာရှင် ဒါရိုက်တာ ဦးအောင်စိုးဦးက ဆက်သွယ်ရေးဥပဒေ၊ မူပိုင်ခွင့်ဥပဒေများဖြင့် အရေးယူနိုင်ကြောင်း၊ မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းခဲ့သည်မှာ ၁၀၅ နှစ်ရှိခဲ့ပြီဖြစ်သော်လည်း ယင်းဥပဒေဖြင့်ပင် အရေးယူမှုများပြုလုပ်နိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ စာရေးဆရာများ၊ ထုတ်ဝေသူများနှင့် စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သိရှိလိုသည့်မေးမြန်းမှုများအပေါ် ပါဝင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားကြသည်။

စာအုပ်စာပေနှင့်ပတ်သက်၍ Online ပေါ်တွင် ဖြန့်ချိရေးစနစ်များ တွင်ကျယ်လာမှုကြောင့် စာရေးဆရာများနှင့် ထုတ်ဝေသူများအတွက် ရေရှည်ရပ်တည်ရန် အခက်အခဲများ ဖြစ်ပေါ်လာနိုင်သည့်အပေါ် ကြိုတင်ကာကွယ်နိုင်ရန်၊ စာရေးသူနှင့် ထုတ်ဝေသူတို့အတွက် နစ်နာမှုများမရှိစေရန်၊ စာပေအကျိုးစီးပွားတွင် ပါဝင်ပတ်သက်သူအားလုံး အသိပညာများရရှိပြီး ကျင့်ဝတ်လိုက်နာနိုင်စေရန် ရည်ရွယ်၍ ယနေ့ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်သည်။

မူပိုင်ခွင့်နှင့်ပတ်သက်၍ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေတို့ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီး တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်း-ရဲခေါင်၊ ဇော်ကြီး၊ ဓာတ်ပုံ-ရဲထွန်း**

## ကချင်ပြည်နယ်တွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားရရှိမှု ၇၅ ရာခိုင်နှုန်းအထက် တိုးတက်ရရှိလာရန် ရည်မှန်းချက်ထားဆောင်ရွက်နေ

**စစ်တွေ မတ် ၁**

ရခိုင်ပြည်နယ်အတွင်း၌ လျှပ်စစ်ဓာတ်အားရရှိမှု ရာခိုင်နှုန်း (Electrification Ratio) ကို ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းကျော်နှင့် ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းနှင့်အထက် တိုးတက်ရရှိလာရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

### ကျေးရွာမီးလင်းမှု ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရှိ

လက်ရှိကာလတွင် ပြည်နယ်တစ်ခုလုံး၏ လျှပ်စစ်ဓာတ်အားရရှိမှု ရာခိုင်နှုန်း (Electrification Ratio) မှာ ၂၁ ရာခိုင်နှုန်းရှိပြီး ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃၇၄၂ ရွာရှိသည့်အနက် ၁၉၉၅ ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် ပြည်နယ်တစ်ခုလုံး၏ ကျေးရွာမီးလင်းမှု ရာခိုင်နှုန်းမှာ ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

### အချိန်မီပြီးစီးရန်ကြိုးပမ်း

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် နိုင်ငံတော်ဓာတ်အားစနစ်၌ အမြင့်ဆုံး ဓာတ်အားသုံးစွဲမှုမှာ ၃၆၀၀ မဂ္ဂါဝပ်ခန့်ရှိပြီး ဓာတ်အားသုံးစွဲမှု အနေဖြင့် ၁၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းထိ နှစ်စဉ်တိုးတက် သုံးစွဲလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် လက်ရှိအနေအထားထက် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ သဘာဝအရင်းမြစ်များကိုအခြေခံပြီး သံတွဲမြို့တွင် သူဌေးရေအားလျှပ်စစ်စီမံကိန်း (၁၁၁ မဂ္ဂါဝပ်)အား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း၌လည်းကောင်း၊ ကျောက်ဖြူမြို့တွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(၁၃၅ မဂ္ဂါဝပ်)အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း၌ လည်းကောင်း အချိန်မီပြီးစီးရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


"ရခိုင်ပြည်နယ်မှာ ဓာတ်အားစနစ်နဲ့ မီးမရတာ လေးမြို့ကျန်ပါမယ်။ မာန်အောင်၊ ကျောက်တော်၊ စနဲ၊ တောင်ပြိုတို့ ဖြစ်ပါတယ်။ အဲဒီလေးမြို့နယ်မှာ မတ်လကုန်လောက်မှာ စနဲမြို့နဲ့ ကျောက်တော်မြို့တို့ကို ဓာတ်အားစနစ်နဲ့ မီးပေးဖို့ရှိတယ်။ မာန်အောင်မြို့ကို မေလကုန်မှာ ဆိုလာစနစ်နဲ့ ၂၄ နာရီ မီးပေးဖို့ရှိတယ်။ တောင်ပြိုကို မီးပေးနိုင်ဖို့ JICA အထောက်အပံ့နဲ့ ကြိမ်ချောင်းမှာ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ဖို့ လုပ်ငန်းစနေပါပြီ။ ဓာတ်အားခွဲရုံ ဆောက်ပြီးရင် တောင်ပြိုမြို့ကို 11KV ဓာတ်အားလိုင်းနဲ့ မီးပေးသွားဖို့ရှိပါတယ်။ အဲဒီတော့ မီးလင်းဖို့ကျန်ရှိတဲ့ လေးမြို့ရှိတဲ့အနက် မတ်လကုန်မှာ နှစ်မြို့လင်းပြီး မေလကုန်မှာ တစ်မြို့ ထပ်လင်းမယ်ဆိုတော့ ရခိုင်ပြည်နယ်မှာ ကျန်တာက တောင်ပြိုတစ်မြို့ပဲ ကျန်ပါမယ်"ဟု ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

### နိုင်ငံတော် ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးခဲ့

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်း၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ သံတွဲ၊ ရမ်းဗြဲ၊ ကျောက်တော်နှင့် အနီးဝန်းကျင်ရှိကျေးရွာများသို့ ၂၃၀ ကေဗွီအေ မဟာဓာတ်အားလိုင်း(စုစုပေါင်း ၄၀၈ ဒသမ ၂၅ မိုင်)၊ ၂၃၀ ကေဗွီအေ ပင်မဓာတ်အားခွဲရုံ လေးရုံ၊ ၆၆ ကေဗွီအေ ဓာတ်အားလိုင်း ၃၅၄ ဒသမ ၇၁ မိုင်နှင့် ၆၆ ကေဗွီအေ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မအီ၊ မင်းပြားနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တို့ကို ၂၀၁၆ ခုနှစ်အတွင်း၌လည်းကောင်း၊ ဂွမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၃၀ ကေဗွီ အသုတ် ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၅ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တို့ကို ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ် မတ်လတွင် ရသေ့တောင်မြို့နယ်၊ အောက်တိုဘာလတွင် ဘူးသီးတောင်မြို့နယ်နှင့် ဒီဇင်ဘာလတွင် မောင်တောမြို့နယ်သို့ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

**ဟန်လင်းနိုင်၊ ရာမည**



ဘူးသီးတောင် ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

# ၁၂၉၂ ခုနှစ် တောင်သူလယ်သမားအရေးတော်ပုံအကြောင်း မှတ်သားမိသမျှ...

*စောကျော်အေး-ပန်းဘဲတန်း*

ဗြိတိသျှနယ်ချဲ့အစိုးရ၏ ဖန်တီးချက်ကြောင့် တောင်သူလယ်သမားများ အကြွေးတင်လာခြင်း၊ လယ်ယာမြေများ လက်လွှတ်၍ မြေရှင်ကြီးစနစ်ပေါ်လာခြင်း၊ သီးစားခကြီးမြင့်ခြင်း၊ လက်ငုတ်တွင် စွဲမြဲစွာမလုပ်ရခြင်း၊ စပါးဈေးအလွန်အမင်းကျဆင်းမှုနှင့်အတူ ဆင်းရဲမွဲပြာကျလာခြင်း၊ နယ်ချဲ့အစိုးရ၏ ပြည်သူများအပေါ် ဖိနှိပ်ချုပ်ချယ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ ကျူးလွန်စော်ကားလာမှု၊ မတရားပြုကျင့်မှုများ၊ လူကိုရိုက်နှက်ညှဉ်းပန်း၍ လူ့ခွန်နှင့် သဿမေဓအခွန်အတင်းအကျပ် ကောက်ခံမှုများသည် လက်နက်ကိုင်တော်လှန်ရေးသို့ တောင်သူလယ်သမားများအား မရှောင်မလွှဲသာ တွန်းပို့ခဲ့သည်။

**အရေးတော်ပုံစသည့်နေ့-**

၁၂၉၂ ခုနှစ် ပြာသိုလဆန်း ၄ ရက်နေ့ (၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့)တွင် သာယာဝတီနယ် ဇိမ်ဗာ၊ အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်၊ ဆည်နှစ်ခွ၊ လှည်းလမ်းကူး စသည့် ကျေးရွာများမှ တောင်သူလယ်သမားများသည် တုတ်၊ ဓား၊ ဝါးချွန်၊ ဒူးလေး၊ ကောက်ဆွ အစရှိသည့် ရရာလက်နက်ဖြင့် စတင်တော်လှန်ကြသည်။

**အရေးကြီးသောတိုက်ပွဲများ-**

၂၃-၁၂-၁၉၃၀ ရက်နေ့ ဖားရွှေကျော်ပထမတိုက်ပွဲတွင် ဦးမောင်ကလေးခေါင်းဆောင်သော ပုလိပ်အဖွဲ့ဆုတ်ခွာထွက်ပြေးရသည်။ ၂၄-၁၂-၁၉၃၀ ရက်နေ့ ဝဲရွာတိုက်ပွဲတွင် သစ်တောအင်ဂျင်နီယာမစ္စတာ ဖီးကလပ်ကျဆုံးသည်။ ၂၅-၁၂-၁၉၃၀ ရက်နေ့ ဖားရွှေကျော်ရွာ- ဒုတိယတိုက်ပွဲတွင် ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးကျဆုံး၍ ပန်ချာပီတပ်များ ထွက်ပြေးရသည်။ ၃၁-၁၂-၁၉၃၀ ရက်နေ့ ဖားရွှေကျော် တတိယတိုက်ပွဲတွင် ဂေါ္ဂနိတပ် အကျအဆုံးများနှင့် ဆုတ်ခွာရသည်။ ၃၁-၁၂-၁၉၃၀ ရက်နေ့ အလံတောင်တိုက်ပွဲတွင် နယ်ချဲ့စစ်တပ်က အလံတောင်ကို တိုက်ခိုက်၍ သိမ်းသည်။ ဆရာစံ ဆုတ်ခွာရသည်။ ၇-၁-၁၉၃၁ ရက်နေ့ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ထန်းတောရွာအနီးတွင် ဦးအောင်လှခေါင်းဆောင်သော ဂေါ္ဂနိတပ်နှင့် အရေးပိုင် မစ္စတာဘရက်တိုခေါင်းဆောင်သော နယ်ချဲ့ပုလိပ်၊ စစ်ပုလိပ်များ တိုက်ပွဲဖြစ်သည်။ ၁၀-၄-၁၉၃၁ ရက်နေ့တွင် ပြုလုပ်သော သရက်ခရိုင် ကံမမြို့နယ် ခြောက်ပင်ရွာသူကြီးများ အစည်းအဝေးပွဲကို ဂေါ္ဂနိတပ်ဖွဲ့ဝင်များ တိုက်ခိုက်သည်။ ၁၃-၄-၁၉၃၁ ရက်နေ့ သရက်ခရိုင် ထုံးရွာအနီးတွင် ရာဇဝတ်ဝန်ကြီးမစ္စတာ အေစီစမစ်ပုလိပ်အဖွဲ့နှင့် တိုက်ပွဲဖြစ်သည်။ ရာဇဝတ်ဝန်ကြီး အပြင်တပ်ဖွဲ့ဝင်များ အထိနာခဲ့သည်။ ၄-၅-၁၉၃၁ ရက်နေ့ ပြည်ခရိုင် ဝက်ထီးကန်အနီး မြို့မရွာတွင် ရာဇဝတ်ဝန်ကြီး မစ္စတာ ဩစတင်အဖွဲ့ကို ဂေါ္ဂနိတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းတိုက်ခိုက်သည့်အတွက် ရာဇဝတ်ဝန်ကြီးနှင့် ပုလိပ်ခုနစ်ဦး ကျဆုံးသည်။ ၁၀-၅-၁၉၃၁ ရက်နေ့ ဟင်္သာတမြို့လယ် ဂတ်ဝင်းအတွင်း ပန်ချာပီတပ်ကို ဂေါ္ဂနိတပ်တို့ ဝင်ရောက်တိုက်ခိုက်ရာ ပန်ချာပီစစ်သားတို့ ဒဏ်ရာရကြသည်။ ၁၅-၅-၁၉၃၁ ရက်နေ့ ဟင်္သာတခရိုင် လယ်တီစာဖြူစု ပုလိပ်ကင်းစခန်းကို ဂေါ္ဂနိတပ်တို့ ဝင်ရောက်တိုက်ခိုက်ကြသည်။



> **“ခေတ်မီသော သဘောတရားတစ်ရပ် မကိုင်စွဲနိုင်ခဲ့ခြင်း၊ ပြည်သူ့တပ်မတော်တစ်ရပ် မတည်ဆောက်နိုင်ခဲ့ခြင်း၊ နိုင်ငံရေးပါတီတစ်ရပ်၏ ရှေ့ဆောင်မှုမရှိခဲ့ခြင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစား မဟာမိတ်ခိုင်မြဲစွာ တည်ထောင်မှုကို အခြေမပြု၍ ပြည်သူလူထုတစ်ရပ်လုံးကို မစုစည်းနိုင်ခဲ့ခြင်းတို့သည် အဓိကအကြောင်းအရင်းများဖြစ်သည်။ ထိုအကြောင်းများကြောင့် တောင်သူလယ်သမားတို့၏ အရေးတော်ပုံကြီးတိုက်ပွဲမှာ ဆုံးရှုံးခဲ့ရသည်ဟု မြန်မာ့နိုင်ငံရေး သုတေသီများက သမိုင်းပုံရိပ်များကို လေ့လာသုံးသပ်၍ မှတ်ချက်ပြုခဲ့ကြ”**

**တော်လှန်ရေးဒေသများ**

သာယာဝတီ၊ ဖျာပုံ၊ ဟင်္သာတ၊ အင်းစိန်၊ ပဲခူး၊ ပြည်၊ သရက်ခရိုင်များနှင့် ရှမ်းပြည်နယ် နောင်ချိုတို့တွင် လှုပ်ရှားတိုက်ခိုက်ခဲ့ကြသည်။ ပုသိမ်၊ မအူပင်၊ မင်းဘူး၊ တောင်ငူ၊ ရမည်းသင်းခရိုင်များတွင် စီစဉ်မှုများ ပြုလုပ်ကြသည်။

**တော်လှန်သည့်အချိန်ကာလ**

နှစ်နှစ်နီးပါး ပြင်းထန်စွာလှုပ်ရှားခဲ့ပြီးနောက် ယာယီအားဖြင့် တန့်သွားခဲ့သည်။

**မိမိဘက်မှ အကျအဆုံးများ**

စာရင်းကို နီးကပ်စွာ ခန့်မှန်း၍မရ။ ၁၉၃၁ ခုနှစ် စက်တင်ဘာလ ၁ ရက် ဥပဒေပြုလွှတ်တော်တွင် ထိုစဉ်က ပြည်ထဲရေးဌာန ဝန်ကြီး၏ ဖြေကြားချက်အရ အစိုးရဘက်မှ ၇၈ ယောက်ကျဆုံးပြီး ၉၆ ဦး ဒဏ်ရာရသည်။ တော်လှန်ကြသည့် တောင်သူလယ်သမားများဘက်မှ ကျဆုံးသူ ၂၀၀၀ ခန့်ရှိ၍ ၎င်းအနက် ထက်ဝက်ကျော်မှာ တိုက်ပွဲတွင် ကျဆုံးသူနှင့် ဒဏ်ရာရရှိပြီး ဆေးဝါးမကုသနိုင်၍ သေဆုံးသူများဖြစ်သည်ဆို၏။

**နယ်ချဲ့ရန်သူစစ်အင်အား**

ဗြိတိသျှနယ်ချဲ့အစိုးရ၏ ပြည်တွင်း စစ်ပုလိပ်အင်အားနှင့် မလုံလောက်၍ အိန္ဒိယမှ စစ်ပုလိပ်တပ်များကို ခေါ်ယူခဲ့ရသည်။ အစိုးရဘက်မှ စုစုပေါင်းအင်အား ၁၁၇၄၀ ကို အသုံးပြုခဲ့သည်။

၁၉၂၉ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ သုံးနှစ်အတွင်း အတည်ပြုပြီး ကြိုးဒဏ်ပေါင်း ၂၈၁ မှု၊ ကြိုးဒဏ်ခံရသူများ ၃၀၂ ဦး၊ တစ်သက်တစ်ကျွန်းခံရသူ ၈၉ ဦး ဖြစ်သည်။

**အရေးတော်ပုံခေါင်းဆောင်ဆရာစံ**

မွေးသက္ကရာဇ် ၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် အင်္ဂါနေ့၊ မွေးရာဇာတိ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် သရက်ကန် အရှေ့ရွာ၊ မိဘများမှာ တောင်သူလယ်သမားကြီး ဦးကျေး၊ ဒေါ်ဖက်။ ဆရာစံအဖမ်းခံရသည့်နေ့ (၂-၈-၁၉၃၁) ရက်နေ့ ဖြစ်ပြီး သေဆုံးသည့်နေ့မှာ (၂၈-၁၁-၁၉၃၁)ရက်နေ့ (သာယာဝတီထောင်ကြိုးစင်တွင်)ဖြစ်သည်။

**အရေးတော်ပုံ ဘာ့ကြောင့်ရှုံးရသလဲ**

- ခေတ်မီသော သဘောတရားတစ်ရပ် မကိုင်စွဲနိုင်ခဲ့ခြင်း၊
- ပြည်သူ့တပ်မတော်တစ်ရပ် မတည်ဆောက်နိုင်ခဲ့ခြင်း၊
- နိုင်ငံရေးပါတီတစ်ရပ်၏ ရှေ့ဆောင်မှုမရှိခဲ့ခြင်း၊
- တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစား မဟာမိတ်ခိုင်မြဲစွာ တည်ထောင်မှုကို အခြေမပြု၍ ပြည်သူလူထု တစ်ရပ်လုံးကို မစုစည်းနိုင်ခဲ့ခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်သည်။ ထိုအကြောင်းများကြောင့် တောင်သူလယ်သမားတို့၏ အရေးတော်ပုံကြီးတိုက်ပွဲမှာ ဆုံးရှုံးခဲ့ရသည်ဟု မြန်မာ့နိုင်ငံရေးသုတေသီများက သမိုင်းပုံရိပ်များကို လေ့လာသုံးသပ်၍ မှတ်ချက်ပြုခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် ယခုနှစ် မတ်လ ၂ ရက်နေ့တွင် တောင်သူလယ်သမားနေ့၌ အမှတ်တရချီးကျူးဂုဏ်ပြုသောအားဖြင့် ဆရာစံနှင့်တကွ အရေးတော်ပုံတွင် ပါဝင်ခဲ့သည့် တောင်သူလယ်သမားတို့အား ချီးကျူးဂုဏ်ပြုရင်း သရီရံ ခဏဝိဒ္ဓံသိ- ကပ္ပံန္တဌာယိနောဂုဏာ **(ခန္ဓာကိုယ်သည် ခဏခြင်းအားဖြင့် ပျက်စီးကျေပျက်သွားသော်လည်း၊ ဂုဏ်တို့သည်ကား၊ ကမ္ဘာတည်လျက်ရှိကြ၏ဆိုသော)** ရှင်မဟာသီလဝံသ၏ မဟာရဟနီတိစကား **“လူသေသော်လည်း နာမည်မသေ- ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ”** ဆိုရိုးစကားများနှင့်အညီ ဆရာစံနှင့်တစ်ကွ တောင်သူလယ်သမားများအား ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသတည်း။ ။

## မူဆယ်၌ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး

**မူဆယ် မတ် ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ မြို့မရဲစခန်း အောင်ဆန်းသူရိယ အေးချိုရိပ်သာခန်းမ၌ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ ကာကွယ်စောင့်ရှောက်ရေး၊ တရားမဝင်ရောင်းဝယ်မှုများ ပပျောက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တခရိုင် အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အမှာစကားပြောကြားခဲ့ပြီး သစ်တောလုံခြုံရေးတပ်ဖွဲ့၊ လားရှိုးခရိုင်တပ်ဖွဲ့စုမှ ဒုတိယရဲမှူး ဒွေးကြွယ်က သစ်တောဥပဒေဆိုင်ရာ သိကောင်းစရာများ၊ တရားမဝင်သစ်ရောင်းချမှုများ ပပျောက်နိုင်ရေး၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေး၊ အများပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်နှင့် တက်ရောက်လာကြသည့် ပြည်သူများက မိမိဒေသ၌ရှိသည့် ဒေသခံပြည်သူများကို တစ်ဆင့် ပြန်လည်ဖြန့်ဝေပေးရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကွတ်ခိုင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးမျိုးမင်းနိုင်က ဇီဝမျိုးစုံ၊ မျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးဥပဒေများကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ရာ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးနောင်နောင်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ဇန်ရိုးထန်(ပြန်/ဆက်)



## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းအတွက် အလှူငွေပေးအပ်

**ရန်ကုန် မတ် ၁**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းက မတ် ၂၄ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံ အာဇာနည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည့် အသက် ၈၀ နှင့်အထက် အသင်းသားများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲအတွက် ဗိုလ်တထောင်သတင်းစာတိုက်မှ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ဦးအောင်လင်း-ဒေါ်ခင်သန်းနွဲ့(ဆရာခို၊ခေါခံတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)မိသားစုက အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြင့်ဆွေ (ကြေးမုံသတင်းစာတိုက်စာတည်းမှူးချုပ် - ငြိမ်း)နှင့် အမှုဆောင်အဖွဲ့က လက်ခံယူသည်။ **(အပေါ်ပုံ)**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများသို့ ဆက်သွယ်လှူဒါန်းလိုပါက အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း- ၀၉- ၄၂၀၁၀၁၃၈၉နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း- ၀၉- ၄၄၀၃၇၇၆၃၆ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကိုဇော်

## သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖောက်လုပ်ရာတွင် နစ်နာခဲ့သည့် တောင်သူများအား မြေယာနှင့် သီးနှံနစ်နာကြေးပေးအပ်

**မင်းဘူး မတ် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်း မြန်မာ - တရုတ်အရှေ့တောင် အာရှသဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းဆောင်ရွက်ရာတွင် နစ်နာခဲ့သည် တောင်သူများကို မြေယာနှင့် သီးနှံနစ်နာကြေးငွေများကို ဖေဖော်ဝါရီ ၂၇ ရက်က မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာတောင်သူများ လက်ဝယ်အရောက်ပေးအပ်သည်။

သဘာဝဘေးဒဏ်ကြောင့် မန်းချောင်းရေတိုက်စားသွားသဖြင့် ၉.၈.၂၀၁၈ ရက်နေ့တွင် မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြန်လည်ပြုပြင်ရာ၌ရေကြောင်းလွှဲပြောင်းဖောက်လုပ်မှုအတွက် အမြဲသုံးမြေဧရိယာအဖြစ် ပါဝင်သွားသော တောင်သူ ၁၆ ဦး၏ မြေဧရိယာ ဧက ၁၇ ဒသမ ၆၀ အတွက် သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေး စုစုပေါင်း ၄၉၁၈၂၀၀၀ ကို သက်ဆိုင်ရာတောင်သူများထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် မင်းဘူး(စကု) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော် မတီဥက္ကဋ္ဌ ဦးသိန်းဇော်ကံက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေက သီးနှံလျော်ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ - တရုတ်အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တာဝန်ရှိသူတစ်ဦးက မြေယာနှင့်သီးနှံလျော်ကြေးငွေပေးအပ်ရခြင်းအပေါ် ချပြရှင်းလင်းခဲ့သည်။

ထို့နောက် မင်းဘူး(စကု) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ကံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေနှင့် တာဝန်ရှိသူများက မြန်မာ - တရုတ် အရှေ့တောင် အာရှသဘာဝဓာတ်ငွေ့လုပ်ငန်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် နစ်နာခဲ့သော တောင်သူများအား မြေယာနှင့်သီးနှံလျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးမြတ်(မင်းဘူး)

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁**

၂၀၁၈- ၂၀၁၉ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဆာဘော်ဇော်ဆီး | ရွှေရာပြည့်(ကပက) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မနှင်းသီရိကျော် | အထက(၁)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ပြည့်ဖြိုးကျော် | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မအေးသန္တာအောင် | အထက(၁)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်မင်းသန့် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၆ | မယမင်းစည်သူ | အထက(၂)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်မျိုးထွယ်အောင် | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မဝင်းလဲ့လဲ့မောင် | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ခွန်စိုးလင်း | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မဒေစီထွယ်နူး | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်စောလင်းထက်ကိုကို | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မနန်းအေးမြတ်ချမ်းဇံ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်ရှိုင်းထက်အောင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မမေသဇင်မင်း | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောကဲဗလု | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | နော်အင်ဂျလင်းဇင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်သန့်ဇင်ထွန်း | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၈ | မခင်စုဝေ | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၉ | မောင်ရှန်ကျုံးလျန် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မရှယ်ရွှန်ဒါရ်နှံမ်တီာလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်နဲမ်းသွင်းလှိုင် | အထက(၁)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၂ | မသျှုန်းနွန်မွေး | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မနိုင်းလီကုံ | အထက(၂)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်ကျော်ထင် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်သက်ဇော်မိုး | အထက(၃)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မခိုင်သဇင်ထွန်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ထက်ဝေယံဟိန်း | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၂၈ | မောင်ဖြိုးဟိန်းထက် | အထက(၁)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၉ | မခင်ရတနာဖြိုးစံ | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၀ | မလင်းလက်ရှင်းသာ | TWS(ကပက) | ရွှေဘို | ရွှေဘို |
| ၃၁ | မောင်ဝေယံဘုန်းမြင့် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |

(ဆက်လက်ဖော်ပြပါမည်)

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်လော့ဝိုင်ဒယ်နီရယ်ဒေါင်ခေါင် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မသွန်းဝတီလမင်း | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်စိုင်းသီဟအောင် | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မဝေါ်မလေး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်အောင်ကျော်ကျော်ဘို | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၆ | မမေရှယ်ရှယ်လင်း | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်ဇော်အောင်ခမ်း | စံ(ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မမြသက်ခင် | စံ(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ကျော်ရှင်းသန့် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မမီးမီးနှာ | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်ဇွန်ဇင်မင်းထက် | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မဆုလဲ့နန္ဒာ | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်သွင်ထူးနိုင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မသံစဉ်ညွှန်း | အထက-မော်ချီး | ဖားဆောင်း | ဘောလခဲ |
| ၁၅ | စောညဏ်လင်းအောင် | အထက-လှကာ | ဘားအံ | ဘားအံ |
| ၁၆ | နန်းမေမေဇင် | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်သိဒ္ဓိညဏ် | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၈ | မမေဦးငယ် | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မောင်မာစတာကျုံချင်းဆန် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မစာရှာ့ပါရ်ချင်းထွေး | အထက(၄)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်ကမ်းရှန်းမွမ်းခိုင် | အထက(ခွဲ)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၂ | မနော့မိဒွေါ့လှယ်တီာလ် | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်နိုင်းမနား | အထက-ကန်ပက်လက် | ကန်ပက်လက် | မင်းတပ် |
| ၂၄ | မရွှေမနားချိုင် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်အောင်ငွေတိုး | အထက(ခွဲ)အုတ်နဲ့ဘုတ် | မြောင် | စစ်ကိုင်း |
| ၂၆ | မပြည့်ပြည့်ဖြိုးမွန် | အထက(၂)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်သီဟဇော် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၂၈ | မောင်ကျော်ပုညဟိန်း | ဇွဲသန်(ကပက) | ရေဦး | ရွှေဘို |
| ၂၉ | မယွန်းဟေသာခင် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၀ | မမေမြတ်နိုး | ဇွဲသန်(ကပက) | ရေဦး | ရွှေဘို |
| ၃၁ | မောင်ခန့်လွင်သန့် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |

(ဆက်လက်ဖော်ပြပါမည်)

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဇာနည်ဘုန်းထက် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မထက်ထက်ထွန်း | အထက(ခွဲ)အလက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်လူခန့်စိုး | အထက-မိုင်းနား | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မနန်းသဇင်သိန်း | အထက-ခတ်ချို | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ထူးမြတ်စံ | အထက-အုတ်ကျင်း | မိုးညှင်း | မိုးညှင်း |
| ၆ | မသန့်ရည်မွန်ဆွေ | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်စိုင်းဘုန်းပြည့်သိမ့် | အထက(၁)ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၈ | မသီရိထက်ထက် | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ခမ်းလိတ် | အထက-မချမ်းဘော | မချမ်းဘော | ပူတာအို |
| ၁၀ | မစန္ဒာထွန်း | အလက-မြို့မ | ပူတာအို | ပူတာအို |
| ၁၁ | မောင်အောင်ကျော်ဦး | အထက-ငွေတောင် | ဒီးမော့ဆို | လွိုင်ကော် |
| ၁၂ | မသင်းနန္ဒီစိုး | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်သီဟမင်း | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၄ | မနော်ပုလဲဝါး | အထက(ခွဲ)ခဲမဖြူ | ဖားဆောင်း | ဘောလခဲ |
| ၁၅ | ခွန်အောင်ပိုင်သူ | အထက-စက်ရုံ | ဘားအံ | ဘားအံ |
| ၁၆ | နန်းအေးမြမြရှင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်ဖြိုးနိုင်ဦး | အထက(ခွဲ)ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မဆုမြတ်သန္တာ | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မောင်ထော်နီရွှေတလိန်း | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မနော်မီနွန်ထပါရ် | အထက(၄)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်သိန်းမင်းဦး | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မဒါလ်းနဲမ်းလွန်း | အထက(ခွဲ)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၃ | မမြင့်မြတ်မွန် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်နိုင်းလိန်း | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်ကျော်စောဟိန်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မမျိုးပွင့်မြတ် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ဝေထွန်း | အထက(၁)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၈ | မောင်သစ်မင်းချစ် | အလက-ကျီကုန်း | ကျွန်းလှ | ရွှေဘို |
| ၂၉ | မမြသင်းကြူ | အထက(၃)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၀ | မနှင်းနဒီအောင် | အထက(၁)ရေဦး | ရေဦး | ရွှေဘို |
| ၃၁ | မောင်စိုးလွင်ထက် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မဟန်ဆုနိုင် | အထက-ညောင်ကန် | ဘုတလင် | မုံရွာ |
| ၃၃ | မောင်ဇေယျာမင်း | အထက(ခွဲ)ကုန်းရွာ | ယင်းမာပင် | ယင်းမာပင် |
| ၃၄ | မမြင့်သော်တာထက် | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၅ | မောင်ကျော်ကိုကိုသက် | အထက-မဲဇာ | အင်းတော် | ကသာ |

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် **အမျိုးသားနိုင်ငံရေး ဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ သူရိယလမ်းနှင့် မြတ်လေးရုံ လမ်းထောင့်၊ အမှတ် (ဒ/၃၂၂၀၆) တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၂-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ**
**[Democratic Party of National Politics (DNP)]၏ အလံပုံစံ**



**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ**
**[Democratic Party of National Politics (DNP)] ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✪ *ကျောဖုံးမှ*

အရုပ်တွေကို ဖန်တီးထားတာပါ။ မြန်မာပြည်မှာ ဒီလိုလုပ်နိုင်တဲ့ ပညာရှင်တွေရှိတယ်ဆိုတာရယ်၊ အရုပ်တွေကို ဘယ်လိုစိတ်ကူးတွေနဲ့ ဖော်ထားတယ်ဆိုတာ မြင်စေချင်တယ်၊ ပြည်သူတွေ ပျော်ပျော်ပါးပါးနဲ့ လည်လို့ရတဲ့ နေရာတစ်ခုဖြစ်အောင်လို့ ဖန်တီးထားခြင်း ဖြစ်ပါတယ်" ဟု Hercule Group မှ ဒါရိုက်တာ မရွှေလေးက ပြောသည်။

အဆိုပါ မီးအလှပွဲတော်တွင် ဖျော်ဖြေမှုများ၊ မီးအကအလှပြသမှုများ၊ မျက်လှည့်၊ ကျွမ်းဘားများ အပတ်စဉ်စီစဉ်ထားမည်ဖြစ်ကြောင်း သိရသည်။ ယင်း LED မီးအလှပွဲတော်ပြပွဲကို တစ်လခွဲကျော်ပြသမည်ဖြစ်ပြီး နေ့စဉ်ညနေ ၅ နာရီခွဲမှ ည ၁၁ နာရီအထိ ပြသမည်ဖြစ်ကာ ဝင်ကြေးလူကြီး ငွေကျပ် ၂၀၀၀၊ ကလေး ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**

● *ကျောဖုံးမှ*

များစွာ ပြုလုပ်ခဲ့ပြီး အရန်ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ သို့သော် ခြေစွမ်းအရ ကွာခြားသောကြောင့် တရုတ်အသင်းကသာ ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သည်။ တရုတ်အသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူကာ ခုနစ်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒုတိယနေ့အပြီးတွင် တရုတ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းက နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် တစ်ပွဲကစားရန်ကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး မြန်မာနှင့် ဖိလစ်ပိုင်အသင်းသည် နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် မတ် ၃ ရက်တွင် ဖိလစ်ပိုင်နှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၈ ဇန်နဝါရီလ | ၂၀၁၉ ဇန်နဝါရီလ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၁၃၀၉၄၁ | ၁၅၀၂၂၉ | ၁၉၂၈၈ | (+) ၁၅% |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၉၉ | ၆၃၃ | ၅၃၄ | (+) ၅၃၉% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၅၁၂၄ | ၁၁၇၅၀ | ၆၆၂၆ | (+) ၁၂၉% |
| | ဗီဇာဖြင့်လာရောက်သူပေါင်း | ၁၃၆၁၆၄ | ၁၆၂၆၁၂ | ၂၆၄၄၈ | (+) ၁၉% |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၈၈၃၄၁ | ၂၁၇၅၆၀ | ၂၉၂၁၉ | (+) ၁၆% |
| | **စုစုပေါင်း** | **၃၂၄၅၀၅** | **၃၈၀၁၇၂** | **၅၅၆၆၇** | **(+) ၁၇%** |

**ပြည်ပဧည့်သည်လာရောက်မှုအနေဖြင့်**

(က) လေကြောင်းလိုင်း၊ အပျော်စီးသင်္ဘောနှင့် နယ်စပ်ဝင်ပေါက်များမှ ပတ်စ်ပို့ဗီဇာဖြင့် ဝင်ရောက်သူများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ၀ ဒသမ ၁၆ သန်းကျော်ရှိပြီး ယခင် ၂၀၁၈ ခုနှစ်တွင် ၀ ဒသမ ၁၄ သန်းခန့်ရှိသဖြင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၀၃ သန်းခန့် ၁၉ ရာခိုင်နှုန်း တိုးတက်ပါသည်။

(ခ) နယ်စပ်ဒေသများတွင် (Border Pass, Entry Permit တို့ဖြင့်) လာရောက်မှုမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၌ ၀ ဒသမ ၂၂ သန်းခန့်ရှိပြီး ယခင် ၂၀၁၈ ခုနှစ်တွင် ၀ ဒသမ ၁၉ သန်းခန့်ရှိသဖြင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၀၃ သန်းခန့်၊ ၁၆ ရာခိုင်နှုန်း တိုးတက်ပါသည်။

(ဂ) သို့ဖြစ်၍ စုစုပေါင်း ပြည်ပဧည့်သည်လာရောက်မှုမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ၀ ဒသမ ၃၈ သန်းကျော်ရှိပြီး ယခင် ၂၀၁၈ ခုနှစ်တွင် ၀ ဒသမ ၃၂ သန်းကျော်ရှိသဖြင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၀၆ သန်းခန့်၊ ၁၇ ရာခိုင်နှုန်း တိုးတက်ပါသည်။

## မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည် လာရောက်မှုအခြေအနေ (နှိုင်းယှဉ်ချက်)

| စဉ် | နိုင်ငံသား | ၂၀၁၈ (ဇန်နဝါရီ) | ၂၀၁၉ (ဇန်နဝါရီ) | ခြားနားချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | **မြောက်အမေရိက** | **၉၁၄၅** | **၈၇၅၇** | **-၃၈၈** | **-၄%** |
| ၁ | အမေရိကန် | ၇၆၅၈ | ၇၃၇၅ | -၂၈၃ | -၄% |
| ၂ | ကနေဒါ | ၁၄၈၇ | ၁၃၈၂ | -၁၀၅ | -၇% |
| | **အခြားအမေရိကများ** | **၁၇၀၇** | **၁၃၉၁** | **-၃၁၆** | **-၁၉%** |
| | **အနောက်ဥရောပ** | **၂၄၈၃၅** | **၂၃၅၂၂** | **-၁၃၁၃** | **-၅%** |
| ၁ | ပြင်သစ် | ၇၁၄၈ | ၆၄၇၇ | -၆၇၁ | -၉% |
| ၂ | ဗြိတိန် | ၄၇၆၃ | ၃၉၄၂ | -၈၂၁ | -၁၇% |
| ၃ | ဂျာမနီ | ၃၇၁၉ | ၄၀၈၄ | ၃၆၅ | ၁၀% |
| ၄ | အီတလီ | ၂၀၆၅ | ၂၂၉၆ | ၂၃၁ | ၁၁% |
| ၅ | ဆွစ်ဇာလန် | ၁၄၄၂ | ၁၂၅၄ | -၁၈၈ | -၁၃% |
| ၆ | နယ်သာလန် | ၁၂၃၆ | ၁၁၁၅ | -၁၂၁ | -၁၀% |
| ၇ | ဘယ်လ်ဂျီယံ | ၈၆၄ | ၇၆၆ | -၉၈ | -၁၁% |
| ၈ | သြစတြီးယား | ၅၀၅ | ၆၄၈ | ၁၄၃ | ၂၈% |
| ၉ | စပိန် | ၇၇၅ | ၈၂၉ | ၅၄ | ၇% |
| ၁၀ | အခြားနိုင်ငံသားများ | ၂၃၁၈ | ၂၁၁၁ | -၂၀၇ | -၉% |
| | **အရှေ့ဥရောပ** | **၂၉၉၅** | **၂၆၇၃** | **-၃၂၂** | **-၁၁%** |
| ၁ | ရုရှား | ၉၀၅ | ၈၁၆ | -၈၉ | -၁၀% |
| ၂ | အခြားနိုင်ငံသားများ | ၂၀၉၀ | ၁၈၅၇ | -၂၃၃ | -၁၁% |
| | **အာဖရိက** | **၃၈၂** | **၄၅၆** | **၇၄** | **၁၉%** |
| | **အရှေ့အလယ်ပိုင်း** | **၇၇၇** | **၉၁၀** | **၁၃၃** | **၁၇%** |
| | **အာရှ** | **၉၂၄၃၃** | **၁၂၁၄၃၉** | **၂၉၀၀၆** | **၃၁%** |
| ၁ | ထိုင်း | ၂၇၇၇၀ | ၂၅၃၂၅ | -၂၄၄၅ | -၉% |
| ၂ | တရုတ် | ၂၀၇၁၇ | ၄၁၈၆၀ | ၂၁၁၄၃ | ၁၀၂% |
| ၃ | ဟောင်ကောင် | ၂၂ | ၂၆၃၄ | ၂၆၁၂ | |
| ၄ | ဂျပန် | ၉၃၂၇ | ၁၁၄၆၈ | ၂၁၄၁ | ၂၃% |
| ၅ | ကိုရီးယား | ၈၅၉၁ | ၁၄၄၃၅ | ၅၈၄၄ | ၆၈% |
| ၆ | မကာအို | ၂ | ၁၉၆ | ၁၉၄ | |
| ၇ | စင်ကာပူ | ၄၉၉၇ | ၄၇၃၉ | -၂၅၈ | -၅% |
| ၈ | ဗီယက်နမ် | ၃၉၃၀ | ၂၈၅၇ | -၁၀၇၃ | -၂၇% |
| ၉ | ထိုင်ဝမ်(တရုတ်တိုင်ပေ) | ၃၃၃၄ | ၄၀၀၈ | ၆၇၄ | ၂၀% |
| ၁၀ | အိန္ဒိယ | ၃၉၂၅ | ၄၅၉၄ | ၆၆၉ | ၁၇% |
| ၁၁ | မလေးရှား | ၄၇၁၇ | ၃၇၁၉ | -၉၉၈ | -၂၁% |
| ၁၂ | ဖိလစ်ပိုင် | ၁၆၇၄ | ၁၇၂၇ | ၅၃ | ၃% |
| ၁၃ | အခြားနိုင်ငံသားများ | ၃၄၂၇ | ၃၈၇၇ | ၄၅၀ | ၁၃% |
| | **သမုဒ္ဒရာဒေသ** | **၃၈၉၀** | **၃၄၆၄** | **-၄၂၆** | **-၁၁%** |
| ၁ | သြစတြေးလျ | ၃၄၃၆ | ၃၀၀၁ | -၄၃၅ | -၁၃% |
| ၂ | နယူးဇီလန် | ၄၄၀ | ၄၄၅ | ၅ | ၁% |
| ၃ | အခြားနိုင်ငံသားများ | ၁၄ | ၁၈ | ၄ | ၂၉% |
| | **စုစုပေါင်း** | **၁၃၆၁၆၄** | **၁၆၂၆၁၂** | **၂၆၄၄၈** | **၁၉%** |

## ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှုပြုလုပ်မည်

**ရန်ကုန် မတ် ၁**

ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်အဖြစ် ဒါရိုက်တာ Emir Kusturica (Serbian) ၏ Underground ဇာတ်ကားအား မတ် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်ကြမည်ဖြစ်သည်။

ထိုသို့ လေ့လာခြင်းကို Chinematheque Program ၏ ကဏ္ဍခွဲတစ်ခုအဖြစ် (၁၂)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် အမျိုးသားစာပေဆုရှင် စာရေးဆရာ ဦးညီပုလေး၏ "လူထုထဲကဝတ္ထုတိုများ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲကို ကျောင်းသား ကျောင်းသူများ ဗဟုသုတရှိစေရေး၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးနှင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာရပ်ကို တန်ဖိုးထားလေးစားတတ်စေရေးတို့အတွက် ရည်ရွယ်၍ Personal and Professional Development (PPD) အစီအစဉ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရဲသွေးနီက ဂျပန်ဘုန်းကြီးကိုအနိုင်ရသည့် ဂျပန်လက်ဝှေ့ပွဲစဉ် (၁၁)

**ရန်ကုန် မတ် ၁**

ဂျပန်နိုင်ငံတွင် ၂၀၁၆ ခုနှစ်ကစပြီး စဉ်ဆက်မပြတ်ကျင်းပနေသည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမှတ်(၁၁)တွင် မြန်မာ့ရိုးရာလက်ဝှေ့သုံးထပ်ကွမ်း ကမ္ဘာ့ချန်ပီယံ ရဲသွေးနီက ဂျပန်ဘုန်းကြီး အီခယူစိုးဂျွန်ကို ငါးချီမြောက်တွင် ဆရာဝန်က အီခယူအား ဆက်လက်ယှဉ်ပြိုင်ခွင့်မပြုသည့်အတွက် အနိုင်ရရှိသွားသည်။

အခြားပွဲစဉ်များတွင် လိုကုကု(ကွန်ဂို)က ကင်ချီ(မလေးရှား)ကို တတိယအချီတွင် အလဲထိုးဖြင့် လည်းကောင်း၊ ဟီကာရို(ဂျပန်)က ဖိလစ်ရစ်ပလစ်(နယူးဇီလန်)ကို ပထမအချီတွင် ပင် ဖိလစ်ရစ်ပလစ် နှာခေါင်းကျိုးသွားသဖြင့် အကွဲထိုးဖြင့် လည်းကောင်း၊ တိုခဲရို(ဂျပန်)က ရှမ်းကို(မြန်မာ)ကို တတိယအချီတွင် ရှမ်းကို မျက်ခုံးကွဲသွားပြီး ဆရာဝန်က ဆက်လက်ထိုးသတ်ခွင့် မပြုသည့်အတွက် အကွဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး စောမင်းအောင်(မြန်မာ)နှင့် ကိန်းခိုလန်(နယူးဇီလန်)တို့ပွဲမှာ သရေပွဲဖြစ်သွားသည်။

အဆိုပါပြိုင်ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့ ခိုလခုအန်ခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲက ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့(ဂျပန်)ပွဲစဉ် (၁၂)ကို မေ ၁၇ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်**

# မောင်တောနှင့် အောင်မြေသာစံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက မောင်တောမြို့နယ် ကညင်တန်းကျေးရွာအုပ်စု မောင်နီကျေးရွာရှိ လူမနေသည့် နူမာမတ်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အတွင်း၌ ဇာဖောအာလောင်နှင့် ဖိုက်ဆဲလ်တို့ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ဒေါနဘွား ကားကြီးဝင်းအတွင်း၌ သားငယ်နှင့် မထိပ်ထား (ခ) မအေးမွန်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၉၉၀၊ ဘိန်းဖြူ ၁၇၈၂ ဂရမ်၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၃၆၀၀၀၀ တို့ကို လည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် သီရိမာလာ(အရှေ့)ရပ်ကွက်၊ ၂၄ လမ်း၊ ၈၉လမ်းနှင့် ၉၀ လမ်းကြားရှိ မင်းဟန်ကျော်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နိုင်နိုင်ဦး၊ စုနိုင်ထူးတို့ကို တွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂၀၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေကျပ် ၁၁ သိန်း တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လူနှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀၀ ကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၈ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မောင်တောမြို့နယ် မင်္ဂလာကြီးချောင်းဝ အနီး၌ တစ်ဖက်နိုင်ငံဘက်ကမ်းသို့ ဖြတ်ကူးနေသော မောင်တောမြို့နယ် ကျောက်လှေကားကျေးရွာနေ ဟာရိုလာမိန်ပါ နှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၃၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၁၃၂၆ သိန်း) ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



နူရိုလာမိန်နှင့် ဟာရိုလာမိန်တို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂-၃-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း “တရားရုံးများကို မထီမဲ့မြင်ပြုသည် ဆိုခြင်းမှာ”
- ၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (ဓာတုဗေဒဘာသာရပ်)
- ၁၄း၃၅ - “မြင့်မားလုပ လယ်သမားဘဝ”

**ညပိုင်း**

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Ayeyawady United FC နှင့် Southern Myanmar FC အသင်း)
- ၁၇း၄၅ - “ခေတ်သစ်မော်ဒန် လယ်သမား”
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးမပြေ” (အပိုင်း - ၇၀)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "Line Walker - 2 မှသည်"
- - ဂီတသမား၊ ဂီတစကား “မင်းမဟာဂီရိသီချင်း (၂) ပုဒ်” ဂီတစာဆို - ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်

# သာပေါင်းနှင့် မုဒုံမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (CMRS) ၏ သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၂၆ ရက်တွင် သာပေါင်းမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော ဝန်ထမ်းများအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သာပေါင်းမြို့နယ် စိုင်ကြီးကွင်း ဝေနံမြစ်ကမ်းဘေးမှ တရားမဝင် တောင်သရက်ခွဲသား (၆၃) ချောင်း၊ (၂၀ ဒသမ ၅၇၀၈ တန်)ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

အလားတူ မွန်ပြည်နယ်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့၊ နယ်မြေခံတပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့တို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် မုဒုံမြို့နယ် အဘစ်ဘိနယ် ကမာဝက်ချောင်းနှင့် ကော့ပနောင်ချောင်းတို့ကို သွားရောက်စစ်ဆေးရာ ချောင်းနံဘေး လယ်ကွင်းတို့၌ တရားမဝင်ပိတောက်ခွဲသား ၇၆ ဒသမ ၁၄၅၀ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး၊ တရားမဝင်သစ် ခိုးထုတ်သယ်ဆောင်မှု မရှိစေရေးနှင့် နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# မရမ်းကုန်း၌ နေအိမ်၌လူမရှိချိန် မီးလောင်မှုဖြစ်

**ရန်ကုန် မတ် ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်း မြို့နယ် (၃) ရပ်ကွက် သာယာအေးလမ်းသွယ် (၄) လမ်း၌ ဦးစိုးဝင်း၏ နေအိမ်တစ်လုံး ယနေ့နံနက် ၇ နာရီဝန်းကျင်ခန့်က မီးလောင်မှု ဖြစ်ခဲ့သည်။

### ဝိုင်းဝန်းငြိမ်းသတ်

မီးလောင်ရာသို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးမှူးရဲကျော်သူ စိုးနိုင်ပါ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးသည် မီးသတင်းရရှိချိန် နံနက် ၇ နာရီ ၁၅မိနစ်တွင် Level-1 အဆင့် ထွက်ခွာလာပြီး မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ မရမ်းကုန်းမြို့နယ်တွင် အခြေပြု အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုအဖွဲ့များမှ ဦးဇွဲရန်နိုင် ဦးစီးသော ရွှေရောင်သမိုင်းအဖွဲ့နှင့် ရှင်သန်ရေးအဖွဲ့၊ ဦးလွင်မောင်ဦးစီးသော မြန်မာ့ကြယ်ဖြူအဖွဲ့တို့က လူနာတင်ယာဉ် တစ်စီးစီနှင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၇ နာရီ မိနစ် ၂၀တွင် မီးငြိမ်းသွားခဲ့သည်။

### အမှုဖွင့်အရေးယူ

အဆိုပါမီးလောင်မှုဖြစ်စဉ်မှာ နေအိမ်ရှိ မိသားစုဝင်အားလုံး ဈေးရောင်းသွားနေစဉ် မီးပလပ်ခုံအပူလွန်ကဲမှုဖြစ်ကာ အောက်ခြေ စက္ကူပုံးပေါ်သို့ မီးပွားလွင့်စဉ်ကျပြီး မီးစတင်လောင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်အပေါ်ထပ်ကြမ်းခင်းနှင့် အခန်းတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး တစ်ဦးတစ်ယောက်မျှ ထိခိုက်မှု အန္တရာယ်မရှိခဲ့ကြောင်းနှင့် နေအိမ်ပိုင်ရှင်အား ဘုရင့်နောင် နယ်မြေရဲတပ်ဖွဲ့စခန်းတွင် မီးပေါ့ဆမှုဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# နမ့်ခမ်းမြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် မတ် ၁**

နမ့်ခမ်းမြို့နယ် ပန်ဆေးကျေးရွာ အနောက်မြောက်ဘက် ၁ မိုင် ၆ ဖာလုံခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း နှစ်ကေခန့်ကို ပန်ဆေးနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဝင်း ဦးစီးပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# တောင်နဝင်းဆည်ကြံ့ခိုင်မှုရှိစေရေး ပညာရှင်များဖြင့် ဆောင်ရွက်လျက်ရှိ

ပေါက်ခေါင်း မတ် ၁

**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းဆည် နှင့်ပတ်သက်၍ ဒေသခံများအကြားတွင် စိုးရိမ်မှုများရှိနေကြပြီး ဆည်တမံကြီး အမြန်ဆုံးကြံ့ခိုင်မှုရှိစေရန် ကျွမ်းကျင်ပညာရှင်များဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ပြောကြားသည်။**

တောင်နဝင်းဆည်ကြီးကို ၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ပေါက်ခေါင်း၊ သဲကုန်း၊ ပြည်မြို့နယ်များရှိ စပါးစိုက်ပျိုးသည့်တောင်သူများအတွက် ရေပေးဝေနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မြေငလျင်များ၏ အကျိုးသက်ရောက်မှုကြောင့် တောင်နဝင်းဆည်ကြီး၏ မြေသားတမံ ပေ ၆၀၀၀ မှ ၆၁၀၀ အကြား၌ ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ အနည်းငယ်နိမ့်ကျခြင်းနှင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှကျွမ်းကျင်ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ ပူးပေါင်းကာတမံကြံ့ခိုင်မှုရှိစေရန် လတ်တလောဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကောင်းဆုံးရွေးချယ်ပြီး လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်နေသည်များကို ဝန်ကြီးဌာနအဆင့် တာဝန်ရှိသူများက ပေါက်ခေါင်းမြို့ ဒေသခံများနှင့် တွေ့ဆုံ၍ ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ လုပ်နေတာကတော့ ဒီအပေါ်မှာရှိတဲ့အက်ကြောင်းရာတွေကိုတစ်လွှာချင်းလွှာပြီး တမံထိပ်ပြင်ကို ပြုပြင်တဲ့လုပ်ငန်းစဉ်ပါ။ အဲဒါကတစ်ခု၊ အခု ဒီမှာတိုင်ထောင်ထားတာက ဖောင်ဒေးရှင်းတမံအောက်ခြေမှာရှိတဲ့ သဘာဝမြေသားတွေကို အားဖြည့်တဲ့အနေနဲ့ ဘိလပ်မြေမှုတ်ထည့်တာ။ အဲဒါမှ အောက်ခြေမှာရှိတဲ့မြေကို နိမ့်ကျတာမျိုးမဖြစ်အောင်လို့ပါ။ ငလျင်လှုပ်လိုက်တဲ့အခါကျတော့ အောက်ခြေမြေသားလှုပ်ရှားမှုများဖြစ်တဲ့အပေါ်မှာ ပြန်ပြီးအားဖြည့်တာပါ။ တွက်ချက်ထားတဲ့ အောက်ခြေ ပေ ၁၀၀ ကျော်လောက်မှာ ဘိလပ်မြေမှုတ်တာ။ ဒါကအပေါ်မှာလုပ်တဲ့လုပ်ငန်းနဲ့ ဟိုးအောက်ခြေမှာလည်း လုပ်ငန်းစဉ်တွေလုပ်နေပါတယ်” ဟု ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ပြောကြားသည်။

ဆည်တမံနိမ့်ကျမှု၊ အက်ကွဲမှုတို့ ဖြစ်ပေါ်နေသောဖြစ်စဉ်ကြောင့် ဆည်အောက်ဘက်ရှိ ကျေးရွာများ ဖြစ်သော ရပ်သစ်ကျေးရွာနှင့် စိုင်ခေါင်းကျေးရွာများမှ ဒေသခံအချို့က ဘေးလွတ်ကင်းနိုင်မည့် တောင်ကုန်းများသို့ ကိုယ့်အစီအစဉ်ဖြင့် ကိုယ်ပြောင်းရွှေ့ကာ ယာယီရွက်ဖျင်တဲများ ထိုးနေကြကြောင်း သိရသည်။



တောင်နဝင်းဆည် ကြံ့ခိုင်ရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

**သန်းလွင်**

# အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး သဘောတူညီချက်မရဘဲ အဆုံးသတ်ခဲ့

**ဝါရှင်တန် မတ် ၁**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်တွင်ပြုလုပ်ခဲ့သော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးသည် သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဘက်မှ မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သော်လည်း အမေရိကန်နိုင်ငံ၏ အလုံးစုံ နျူကလီးယားကင်းစင်ရေးကိုမူ လိုက်လျောခဲ့ခြင်းမရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

အစည်းအဝေးအတွင်း မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသော နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှုများအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးမှုတွင် နှစ်ဖက်သဘောတူညီချက်မရဘဲ မျှော်လင့်ထားသည့်အချိန်မတိုင်မီ အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သမ္မတထရမ့်က သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

"အခြေခံအားဖြင့် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုတွေ အကုန်လုံးကို ရုပ်သိမ်းဖို့ သူတို့ဘက်က တောင်းဆိုခဲ့တာကို ကျွန်တော်တို့ကလည်း မလုပ်ပေးနိုင်ပါဘူး။ ကျွန်တော်တို့ ဖြစ်ချင်သလောက် နျူကလီးယားအစီအစဉ်တစ်ခုကို သူတို့ဘက်က ဖျက်သိမ်းပေးဖို့ ဆန္ဒရှိပေမယ့်လည်း ကျွန်တော်တို့ဘက်က ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ မဖြစ်နိုင်သေးပါဘူး။"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆက်လက်ပြောဆိုဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ အစည်းအဝေးကို ကျွန်တော်တို့ အဆုံးသတ်လိုက်ရပြီ"ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ကို အတူတကွ တွေ့ရစဉ်။

အစည်းအဝေးတွင်တိကျသည့်အဖြေ မထွက်ရှိဘဲ ပြီးဆုံးခဲ့သော်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအပေါ်တွင် မိမိအနေဖြင့် အပြည့်အဝယုံကြည်မှုရှိကြောင်းနှင့် နျူကလီးယားကင်းစင်ရေး လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ၎င်း၏ပြောစကားများကို လက်ခံသွားမည်ဖြစ်ကြောင်းလည်း အမေရိကန်သမ္မတထရမ့်က ပြောသည်။

ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများမရရှိဘဲ အဆုံးသတ်သွားသော်လည်း ကင်ဂျုံအန်းအပေါ် ယုံကြည်မှုရှိကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့ပြီး မိတ်ဆွေကောင်းများအဖြစ် ဆက်ရှိသွားမည်ဖြစ်ကြောင်းလည်း ပြောခဲ့သည်။

"အရေးယူမှုတွေ ဆက်ရှိနေမှာပါ။ ကျွန်တော်တို့ ဘက်က အားလုံးကိုအလျှော့ပေးလိုက်ပြီလို့ ပြောဆိုနေကြ တာတွေ တွေ့ရပါတယ်။ ကျွန်တော်တို့ဘက်က အလျှော့မပေးထားပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ရော မြောက်ကိုရီးယားနိုင်ငံနဲ့ပါ မိတ်ဆွေကောင်းတွေအဖြစ် ဆက်ရှိသွားမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒဏ်ခတ်အရေးယူမှုတွေ ရုပ်သိမ်းဖို့ သူတို့က လိုလားပေမယ့် ကျွန်တော်တို့ လိုချင်တဲ့အပိုင်းကိုတော့ သူတို့မလုပ်ပေးချင်ပါဘူး။ သူတို့လုပ်ပေးချင်တဲ့ အပိုင်းတွေ ရှိပေမယ့်လည်း ကျွန်တော်တို့ လိုချင်တာတော့ မဟုတ်ပါဘူး" ဟု သမ္မတထရမ့်က ပြောသည်။

ဆွေးနွေးပွဲ အဆင်မပြေခဲ့သော်လည်း နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုကို ရပ်ဆိုင်းထားမည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်က မိမိကို အာမခံနှင့် ပြောဆိုခဲ့ကြောင်းနှင့် နျူကလီးယားကင်းစင်ရေး နှစ်ဖက်လုံးက ဆန္ဒများရှိသော်လည်း အမြင်မတူသောကြောင့် သဘောတူညီချက်မရလိုက်ကြောင်းလည်း သမ္မတထရမ့်က ပြောခဲ့သည်။

နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးသည် အလွန်ကောင်းမွန်ခဲ့သဖြင့် နှစ်နိုင်ငံကြား ဆွေးနွေးပြောဆိုမှုများ ဆက်လုပ်သွားမည်ဟု သမ္မတထရမ့်က အခိုင်အမာပြောဆိုခဲ့သော်လည်း ခေါင်းဆောင်နှစ်ဦးအနေဖြင့် တတိယအကြိမ်တွေ့ဆုံမှု လုပ်မလား၊ မလုပ်ဘူးလားဆိုသည်ကို ကတိကဝတ်ပြု ပြောဆိုခဲ့ခြင်းမရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

---

## ဖိလစ်ပိုင်သမ္မတနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ တောင်တရုတ်ပင်လယ် နယ်မြေပိုင်ဆိုင်မှု ဆွေးနွေး

**မနီလာ မတ် ၁**

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်သော ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဒုတိယအကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲအပြီး မကြာမီအချိန်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးနှင့် တွေ့ဆုံဆွေးနွေးရန် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း နိုင်ငံတကာသတင်းများအရ သိရသည်။

ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ မနီလာလေဆိပ်သို့ ရောက်ရှိလာသည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကို ဖိလစ်ပိုင်အစိုးရ အရာရှိများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။



ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့ တွေ့ဆုံနှုတ်ဆက်နေစဉ်။

အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လုံခြုံရေးအရ အမျိုးမျိုးခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရချိန်တွင် အမေရိကန်ဘက်မှ ကူညီပံ့ပိုးပေးသည်ကို ပြသသည့်အနေဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက သတင်းထုတ်ပြန်လိုက်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးတို့သည် ၁၉၅၁ ခုနှစ် ကာကွယ်ရေးဆိုင်ရာ အမေရိကန်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံကြား အပြန်အလှန် သဘောတူညီချက်အပြင် တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ**

---



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

## နိုင်ငံတော်ရှေ့နေချုပ်က အစ္စရေးဝန်ကြီးချုပ်ကို လာဘ်စားမှုဖြင့် တရားစွဲမည်

**ဂျေရုဆလင် မတ် ၁**

အစ္စရေးနိုင်ငံတော် ရှေ့နေချုပ် အဗီချိုင် မန်ဒယ်ဘစ်တ်သည် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ နိုင်ငံရေး ပါဝင်ပတ်သက်မှုများကို အဆုံးသတ်စေရန်အတွက် ၎င်းကို အဂတိလိုက်စားမှုများနှင့် စွဲချက်တင်လိုက်ကြောင်း သတင်းရရှိသည်။ နိုင်ငံတော်ရှေ့နေချုပ်အနေဖြင့် စုံစမ်းစစ်ဆေးမှုများကို နှစ်နှစ်ကျော် လုပ်ဆောင်ခဲ့ပြီးနောက်တွင် ယခုကဲ့သို့ ၎င်း၏အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်အပေါ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည့် အချက်များကို အသေးစိတ် ထုတ်ပြန်ဖော်ပြခြင်းမရှိသော်လည်း လာဘ်ပေး လာဘ်ယူမှု၊ အဂတိလိုက်စားမှုနှင့် ယုံကြည်မှု ချိုးဖောက်မှုများနှင့် တရားစွဲဆိုမည်ဖြစ်ကြောင်း သိရသည်။ နောက်ထပ် ရွေးကောက်ပွဲ မဲဆွယ်ပွဲအတွက် အပြင်းအထန်ကြိုးစားနေသည့် နေတန်ယာဟုက ၎င်းအနေဖြင့် အမှားတစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် ယမန်နေ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

---

# ပါကစ္စတန်က ဖမ်းဆီးထားသော အိန္ဒိယလေယာဉ်မှူးကို ပြန်လွှတ်ပေး

**နယူးဒေလီ မတ် ၁**

နှစ်နိုင်ငံကြားဖြစ်ပွားသော ရှားရှားပါးပါး လေကြောင်းတိုက်ခိုက်မှုများသည် တောင်အာရှ၏ အရေးပါသော နိုင်ငံနှစ်နိုင်ငံအတွက် အန္တရာယ်ရှိသည့် ပဋိပက္ခများကို ဖြစ်ပေါ်ပြီးနောက်ပိုင်း ပါကစ္စတန်နိုင်ငံသည် ဖမ်းဆီးထားသော အိန္ဒိယလေယာဉ်မှူးတစ်ဦးကို မတ် ၁ ရက်က ပြန်လွှတ်ပေးလိုက်ခြင်းသည် ငြိမ်းချမ်းရေးအချက်ပြသင်္ကေတတစ်ခုဖြစ်သဖြင့် နျူကလီးယားမဟာပြိုင်ဘက် နှစ်နိုင်ငံကြား တင်းမာမှုများကို လျှော့ချခြင်းလည်းဖြစ်ကြောင်း သိရသည်။

နှစ်အနည်းငယ်အတွင်းကက်ရှ်မီးယားအရေးသည် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံကြား ယခုတစ်ပတ်အတွင်း အတင်းမာဆုံးဖြစ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံမှ ထောင်ပေါင်းများစွာသောလူများသည် ဝါဂါနယ်စပ်တွင် အလံငယ်များဝှေ့ယမ်းကာ စုရုံးခဲ့ကြပြီး လေယာဉ်မှူးအား ကြိုဆိုခဲ့ကြသည်။

အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသော အိန္ဒိယလေယာဉ်မှူးဖြစ်သူ အဘီနန်ဒန် ဗာသာမင်န်ကို မတ် ၁ ရက်က အိန္ဒိယအာဏာပိုင်များထံသို့ နယ်စပ်တွင် ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှာမာမွတ်ကွက်ရှီက ပြောသည်။

လေယာဉ်မှူးအား ပြန်လည်လွှတ်ပေးလိုက်ခြင်းသည် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးနယ်ပယ်တွင် အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် စစ်ရေးအခြေအနေတွင် သတိဖြင့်သာ ပြုမူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံကြား ကက်ရှ်မီးယားအရေး တင်းမာမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် လေကြောင်းတိုက်ခိုက်မှုများဖြစ်ပွားခဲ့ကာ အဘီနန်ဒန်သည် ကက်ရှ်မီးယားဒေသတွင် ဖေဖော်ဝါရီ ၂၇ ရက်က ပစ်ချခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါ အရေးနှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံကလည်း လက်တုံ့ပြန်ရန် ပြောကြားခဲ့သလို ပါကစ္စတန်ကလည်း သည်းခံသွားမည်မဟုတ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




လေယာဉ်မှူးအန္တရာယ်ကင်းစွာဖြင့် ပြန်လည်လွတ်မြောက်ရေး ဆုတောင်းနေသော အိန္ဒိယနွယ်ဖွားများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အများပြည်သူများ၏ အချက်အလက်များကို ဝင်ရောက်ရှာဖွေရန် ထိုင်းဆိုက်ဘာလုံခြုံရေး ဥပဒေကြမ်းတွင် အတည်ပြု

**ဗန်ကောက် မတ် ၁**

ထိုင်းနိုင်ငံတွင် အများပြည်သူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တရားရုံး၏ ခွင့်ပြုချက်မပါဘဲ အာဏာပိုင်များက ဝင်ရောက်ရှာဖွေနိုင်သည့် ဆိုက်ဘာလုံခြုံရေး ဥပဒေကြမ်းတစ်ခုကို ထိုင်းပါလီမန်က ယမန်နေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ကွန်ပျူတာမှ သတင်းအချက်အလက်များကို ခိုးယူသည့် ပြစ်မှုများကို ဆိုက်ဘာလုံခြုံရေး ဥပဒေကြမ်းက ဖော်ထုတ်သွားမည် ဖြစ်ကြောင်း သိရသည်။

လုံခြုံရေးခြိမ်းခြောက်မှုများ ကြီးမားနေသည်ဟု သက်ဆိုင်ရာ ကော်မတီက ယူဆမည်ဆိုလျှင် ကွန်ပျူတာများတွင် ရှိသည့် အချက်အလက်များနှင့် ကွန်ပျူတာစနစ်များကို တရားရုံး၏ ခွင့်ပြုချက်မပါဘဲ မိတ္တူကူးရန်၊ ဖမ်းဆီးရှာဖွေရန်၊ လျှို့ဝှက်အချက်များကို ဖော်ထုတ်ရန် ယခုဥပဒေကြမ်းက ခွင့်ပြုထားကြောင်း သိရသည်။

သို့သော်လည်း အဆိုပါလုပ်ရပ်များနှင့် ပတ်သက်ပြီး နောက်ပိုင်းတွင် သက်ဆိုင်ရာ တရားရုံးသို့ အကြောင်းကြား ရမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဆီးရီးယားဒုက္ခသည်များ နေရပ်ပြန်

**ဒမတ်စကတ် မတ် ၁**

များပြားလှသော ဆီးရီးယားဒုက္ခသည်များသည် လက်ဘနွန်နိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ ယမန်နေ့က ပြန်ရောက်လာခဲ့ကြောင်း ပြည်နယ်သတင်း အေဂျင်စီဖြစ်သော ဆာနားတွင် ဖော်ပြခဲ့သည်။

ဆီးရီးယားဒုက္ခသည်များကို ဘတ်စကား ၂၂ စီးဖြင့် ဆီးရီးယားနိုင်ငံအတွင်းသို့ ခေါ်ဆောင်လာကာ ထိုမှတစ်ဆင့် နိုင်ငံအလယ်ပိုင်း ဟုမ်းပြည်နယ်နှင့် အလက်ပို၊ ဟားမား၊ ဒယ်အယ်လ်ဇိုနှင့် ဒမတ်စကတ် ဒေသများရှိ ၎င်းတို့၏ နေရပ်များသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ ၎င်းတို့၏ နယ်မြေများတွင် သူပုန်များအား ရှင်းလင်းခဲ့ပြီးနောက် လွန်ခဲ့သော လအနည်းငယ်အတွင်း လက်ဘနွန်နိုင်ငံမှ ဆီးရီးယားဒုက္ခသည်များသည် ၎င်းတို့၏ နေအိမ်များသို့ ပြန်လျက်ရှိကြောင်း ဆာနားသတင်းဌာန သတင်းများအရ သိရသည်။

ဆီးရီးယား ဒုက္ခသည်များသည် ၎င်းတို့၏ ဇာတိမြေကို လွယ်ကူချောမွေ့စွာ ပြန်ရောက်ရေး ရုရှားနိုင်ငံက မဟာဗျူဟာတစ်ရပ် ရေးဆွဲကာ လက်ဘနွန် အာဏာပိုင်များထံ တင်ပြခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မျှော်မှန်းသလိုဖြစ်မလာတဲ့ ထရမ့်နဲ့ ကင်တို့ရဲ့ ထိပ်သီးအစည်းအဝေး

*ကလျာမိုးမြင့်*

**နိုင်ငံတကာက စိတ်ဝင်တစားစောင့်ကြည့်နေကြတဲ့ အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲဟာထင်ထားတဲ့အခြေအနေနဲ့ ကွဲလွဲစွာသဘောတူညီချက် ဘာတစ်ခုမှ မရလိုက်ဘဲ ပြီးဆုံးသွားခဲ့တာကို တွေ့ရပါတယ်။ ဗီယက်နမ်မှာ ကျင်းပတဲ့ အဲဒီထိပ်သီးအစည်းအဝေးအပြီးမှာ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုက အမေရိကန်ဘက်က နောက်ထပ်ဆွေးနွေးပွဲတွေ ထပ်လုပ်ဖို့ကြိုးစားလည်း မြောက်ကိုရီးယားရဲ့ သဘောထားကတော့ ပြောင်းလဲလာမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။**



ခေါင်းဆောင်ကင်နှင့် သမ္မတထရမ့်ကို အတူတကွ တွေ့ရစဉ်။

### ဘာကြောင့်လဲ

ဘယ်လိုအကြောင်းတွေကြောင့် သဘောတူညီချက်တစ်ခုလေးတောင် မရဘဲ ဆွေးနွေးပွဲတစ်ခန်းရပ်သွားခဲ့တာလဲ။ သမ္မတထရမ့်ကတော့ အမေရိကန်ဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသမျှ ပိတ်ဆို့မှုတွေ အကုန်ရုပ်သိမ်းပေးဖို့ တောင်းဆိုလာတာတွေကို ငြင်းပယ်လိုက်တယ်လို့ ဆိုပါတယ်။ သို့သော်လည်း ညပိုင်းမှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ မစ္စတာရီက မြောက်ကိုရီးယားဟာ ပိတ်ဆို့မှု တချို့တစ်ဝက်လောက်ပဲ ဖယ်ရှားပေးဖို့ တောင်းဆိုခဲ့တာဖြစ်တယ်။ အားလုံးကိုဖယ်ရှားပေးဖို့ မဟုတ်ဘူးလို့ ထပ်ပြောခဲ့ပါတယ်။

### လက်တွေ့ကျတဲ့ ကမ်းလှမ်းမှုဖြစ်

သမ္မတထရမ့်ပြောတာက အမေရိကန်ဟာ အမေရိကန်လေ့လာသူတွေရဲ့ စောင့်ကြည့်မှုအောက်မှာ ရှိနေတဲ့ ယောင်ဗြွန်နျူကလီးယား သုတေသနစင်တာကို အပြီးအပြတ် ပိတ်သိမ်းပေးဖို့ ဆိုတာအပါအဝင် လက်တွေ့ကျတဲ့ ကမ်းလှမ်းမှုတွေကိုပဲ လုပ်ခဲ့တာလို့ ဆိုပါတယ်။ ဒီကမ်းလှမ်းချက်က မြောက်ကိုရီးယားနဲ့ အမေရိကန်တို့ အကြား အပြန်အလှန်ယုံကြည်ဖို့ ထည့်သွင်းစဉ်းစားရတဲ့ လက်ရှိအချိန်မှာ ကျွန်ုပ်တို့ မဖြစ်မနေလုပ်သင့်တဲ့ အကြီးကျယ်ဆုံး နျူကလီးယား လက်နက်ဖျက်သိမ်းရေး ဆောင်ရွက်မှုတစ်ခုပဲလို့ ထရမ့်က ပြောပါတယ်။

### ပိတ်ဆို့မှု တချို့ကိုဖယ်ရှားပေးဖို့ဖြစ်

ဒီတော့ မစ္စတာရီဘက်က တုံ့ပြန်လာတာက မြောက်ကိုရီးယား အနေနဲ့ ပြည်သူတွေရဲ့ အသက်မွေးမှုဘဝနဲ့ စီးပွားရေးကိုထိခိုက်စေတဲ့ အရေးယူပိတ်ဆို့မှု တချို့ကို ဖယ်ရှားစေချင်ခဲ့တာလို့ ပြန်လည်ချေပထားပါတယ်။ ပြုံယမ်းဟာဆိုရင် နျူကလီးယား လက်နက်နဲ့ တာဝေးပစ်ဒုံးကျည်တွေ စမ်းသပ်တာကို အပြီးစွန့်လွှတ်မယ်လို့လည်း ကမ်းလှမ်းခဲ့တယ်။ ဒီလိုအခြေအနေမျိုးနဲ့ ဆိုရင်တော့ ဟန်ွိုင်းမှာလုပ်တဲ့ ထိပ်သီးအစည်းအဝေးလို အခွင့်အရေးမျိုးက နောက်တစ်ကြိမ်မြင်ရဖို့ ခက်ခဲသွားနိုင်တယ်လို့ ၎င်းက မှတ်ချက်ချလာပါတယ်။

### သဘောထားပြောင်းလဲရန်မရှိ

ကျွန်ုပ်တို့ရဲ့ မူလရပ်တည်ချက်သဘောထားဟာ အပြောင်းအလဲမရှိသလို ကျွန်ုပ်တို့ဘက်က ကမ်းလှမ်းချက်တွေလည်း ပြောင်းလဲစရာမရှိဘူး။ အကယ်၍များ အမေရိကန် ပြည်ထောင်စုကလာမယ့် တစ်ချိန်ချိန်မှာ ဒါနဲ့ပတ်သက်လို့ ညှိနှိုင်းဆွေးနွေးပွဲတွေ ထပ်လုပ်ဖို့ ကမ်းလှမ်းလာဦးမယ်ဆိုရင်လည်း ကျွန်ုပ်တို့ဘက်က သဘောထားကတော့ ဒီအတိုင်းပဲ ဖြစ်နေဦးမှာပဲလို့ မစ္စတာရီက သတင်းထောက်တွေကို ဖြေကြားလိုက်ပါတယ်။

### ပိတ်ဆို့မှုအားလုံးကို ဖယ်ရှားပေးရန် မဖြစ်နိုင်

တကယ်တမ်း နှစ်ဖက်ခေါင်းဆောင်နှစ်ဦးတို့ မျှော်လင့်ထားတဲ့ပုံစံက ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေးမှာ အောင်မြင်တိုးတက်မှုရရှိကြောင်း ကြေညာနိုင်ဖို့နဲ့ ပူးတွဲသဘောတူညီမှုတစ်ရပ်ကို အတူတကွလက်မှတ်ရေးထိုးနိုင်ဖို့ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ထိပ်သီးအစည်းအဝေးတစ်ခု တုံးတိတိနဲ့ ပြီးဆုံးသွားပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်တဲ့အခါမှာ သမ္မတထရမ့်က အဓိကကတော့ အရေးယူ ပိတ်ဆို့မှုတွေနဲ့ ပတ်သက်တဲ့ အကြောင်းပဲ။ မြောက်ကိုရီးယားဘက်က ပိတ်ဆို့မှုတွေအားလုံးကို ဖယ်ရှားပေးစေချင်တယ်။ ကျွန်ုပ်တို့ ဒီလိုမလုပ်နိုင်ဘူးလို့ ပြောကြားခဲ့ပါတယ်။ နောက်တော့ သမ္မတထရမ့်က ဂျပန်နဲ့တောင်ကိုရီးယား လုပ်ဖော်ကိုင်ဖက်တွေကို မြောက်ကိုရီးယားနဲ့ဆက်ပြီး ဆွေးနွေးသွားဦးမှာပါဆိုပြီး ချေးသိပ်လိုက်တယ်လို့ သိရပါတယ်။

အမေရိကန်ကို ပြန်သွားတဲ့ လေယာဉ်ပေါ်မှာ သမ္မတထရမ့်နဲ့ လေယာဉ်တစ်စင်းတည်း လိုက်ပါလာတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက နှစ်ဖက်စလုံးက အာဏာပိုင်တွေဟာ အချိန်သိပ်မကြာခင်မှာ ဆွေးနွေးပွဲတွေပြန်စနိုင်တယ်လို့ မျှော်လင့်နေတဲ့အကြောင်း ဖွင့်ဟခဲ့ပါတယ်။

### ပြေလည်မှုမရလိုက်တဲ့အကြောင်းရင်း

သမ္မတထရမ့် ပြောပုံအရဆိုရင် မစ္စတာကင်က မြောက်ကိုရီးယား နျူကလီးယားအစီအစဉ်တွေရဲ့ နှလုံးသည်းပွတ်တစ်ခုပမာဖြစ်တဲ့ နျူကလီးယား လက်နက်ဆိုင်ရာ သုတေသနနဲ့ ထုတ်လုပ်ရေးဆောင်ရွက်တဲ့ ယောင်ဗြွန် နျူကလီးယား အဆောက်အအုံကို အပြီးဖျက်သိမ်းပေးမယ်။ ဒါပေမယ့် အပေးအယူအနေနဲ့ မစ္စတာကင်က မြောက်ကိုရီးယားအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို အကုန်ဖယ်ရှားပေးရမယ်ဆိုပြီး တောင်းဆိုလာတယ်။ ဒါက အမေရိကန်ဘက်က လုပ်ပေးဖို့ ကြိုတင်ပြင်ဆင်ထားတာမရှိတဲ့ အရာတစ်ခုဖြစ်တယ်လို့ ထရမ့်က ပြောပါတယ်။

### တစ်ခုလုံးမဟုတ်

ယောင်ဗြွန် နျူကလီးယားသုတေသန စင်တာအပြင် တခြားသော နျူကလီးယား ဆောင်ရွက်မှုကွန်ရက်နဲ့ ပတ်သက်ပြီးတော့လည်း မေးခွန်းတစ်ခု ရှိခဲ့ပါသေးတယ်။ ပြီးခဲ့တဲ့လတုန်းက မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အထူးကိုယ်စားလှယ် စတီဖင်ဘီဂမ်က ပြုံယမ်းဟာ အမေရိကန်ဘက်က တစ်ခုခု ဆောင်ရွက်ပေးနိုင်မှုအပေါ် မူတည်ပြီး ပလူတိုနီယံနဲ့ ယူရေနီယံအများအပြား ထုတ်လုပ်တဲ့ စက်ရုံတွေအားလုံးကို ဖျက်ဆီးလိုက်ဖို့ ထိပ်သီးဆွေးနွေးမှု မတိုင်မီမှာ ကတိပေးခဲ့တယ်လို့ ဆိုပါတယ်။

### သံသယဖြစ်နေ

သူတို့ပြောတဲ့ အမေရိကန်ဘက်က တစ်ခုခုလုပ်ပေးဖို့ဆိုတာဟာ ပိတ်ဆို့မှုအလုံးစုံကို ဖယ်ရှားပေးဖို့ဆိုတဲ့အချက်ဖြစ်ဟန်ရှိတယ်လို့ ယူဆရပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ ထရမ့်ပြောခဲ့တဲ့အထဲမှာ မစ္စတာကင်က ယောင်ဗြွန် နျူကလီးယား သုတေသနစင်တာကိုပဲ ဖျက်သိမ်းပေးဖို့ ကမ်းလှမ်းခဲ့တယ်။ မြောက်ကိုရီးယားရဲ့ နျူကလီးယားနဲ့ ဆက်စပ်နေတဲ့ ကွန်ရက်တစ်ခုလုံးတော့ မဟုတ်ဘူးလို့ ပြောပါတယ်။ ယောင်ဗြွန်ဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ ပလူတိုနီယံရင်းမြစ်အဖြစ် သိထားကြတဲ့ တစ်ခုတည်းသော နေရာဖြစ်သော်လည်း တချို့က မြောက်ကိုရီးယားမှာ ယူရေနီယံ ပေါပေါများများ ရနိုင်တဲ့ တခြားစက်ရုံနှစ်ခုထက်မနည်း ရှိတယ်လို့ သံသယဖြစ်လျက် ရှိပါတယ်။

### နျူကလီးယားလက်နက် ဖျက်သိမ်းရေး ဆိုသည်မှာ

နျူကလီးယားလက်နက် ဖျက်သိမ်းရေးအပေါ် နှစ်ဖက်စလုံးက နားလည် သဘောပေါက်ထားတဲ့အချက်နဲ့ ပတ်သက်လို့ မသေချာမရေရာမှုတွေ ရှိနေပုံပါပဲ။ အမေရိကန်ဘက်က ပြောထားတာက မြောက်ကိုရီးယားဟာ ပိတ်ဆို့မှုတွေ မဖယ်ရှားခင်မှာ ၎င်းရဲ့ နျူကလီးယားလက်နက်တွေအားလုံးကို စွန့်လွှတ်ပြီး နျူကလီးယားစက်ရုံတွေကိုဖျက်ဆီးရမှာ ဖြစ်တယ်လို့ အရင်က ဆိုထားခဲ့ပါတယ်။ သို့သော်လည်း အခြေအနေတွေက တစ်မျိုးတစ်မည်ဖြစ်လာခဲ့ပါပြီ။

မစ္စတာကင်အနေနဲ့ နျူကလီးယား လက်နက်ဖျက်သိမ်းရေးဆိုတာကို အပြန်အလှန်လုပ်ဆောင်မှုတစ်ခု အနေနဲ့ ရှုမြင်နေပြီး အဲဒီလုပ်ဆောင်တဲ့ နေရာမှာ အမေရိကန်က ကိုရီးယား ကျွန်းဆွယ်မှာ ချထားတဲ့ ၎င်းရဲ့တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းမယ်ဆိုတာမျိုး ထင်မြင်စရာရှိတယ်လို့ တချို့က ယူဆလျက် ရှိပါတယ်။ အမေရိကန်ဘက်က နည်းလမ်းတချို့ရှိသေးတယ်။ ဒါပေမယ့် ဒီအချိန်မှာ အဲဒီနည်းလမ်းတွေ တစ်ခုမှမသုံးဖို့ ဆုံးဖြတ်ထားတယ်လို့ သမ္မတထရမ့်က ပြောခဲ့ပါတယ်။ ။

**ကိုးကား-ဆင်ဟွာ၊ ဘီဘီစီ**

**သမ္မတထရမ့်နဲ့ လေယာဉ်တစ်စင်းတည်း လိုက်ပါလာတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက နှစ်ဖက်စလုံးက အာဏာပိုင်တွေဟာ အချိန်သိပ်မကြာခင်မှာ ဆွေးနွေးပွဲတွေ ပြန်စနိုင်တယ်လို့ မျှော်လင့်နေတဲ့အကြောင်း ဖွင့်ဟခဲ့**

# ရေဘေးကြောင့်ရွှေ့ပြောင်းရမည့် ကျွန်းတောစုရွာမှ ပြည်သူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

**ရေတာရှည် မတ် ၁**
ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်ခဲ့စဉ်က ရွာလုံးကျွတ်နီးပါး ပျက်စီးမှုများရှိခဲ့၍ ပြောင်းရွှေ့ကြရမည့် ကျွန်းတောစုကျေးရွာမှ ပြည်သူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ရွာလုံးကျွတ်နီးပါး ပျက်စီးဆုံးရှုံးခဲ့ရ၍ များစွာ ဒုက္ခရောက်ကြသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာမြို့နယ်အဆင့် တာဝန်ရှိသူများဖြင့် ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ရာတွင် အိမ်ခြေပေါင်း ၂၂၈ အိမ်အနက် အိမ်ခြေ ၄၆ လုံးမှာ ရေမျောပျက်စီးသွားခဲ့ရသည့်အတွက် ဆွာချောင်းတစ်ဖက်ကမ်းရှိ သိုင်းဝကျေးရွာနှင့် တုံးကြီးကျေးရွာကြား၌ စံပြကျေးရွာအဖြစ် ဆောင်ရွက်ပေးနေပြီး အဆိုပါမြေနေရာတွင် ပျက်စီးသွားခဲ့ရသော အိမ်ခြေ ၄၆ လုံးအတွက် နေအိမ်များကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က ဆောက်လုပ်ပေးမည်ဖြစ်ပြီး ကျန်သော အိမ်ခြေ ၁၈၂ လုံးအတွက်လည်း မြေနေရာများ အသင့်ဖော်ဆောင်ပေးမည်ဖြစ်ကာ ဒေသခံများ၏ အစီအစဉ်ဖြင့် မိုးမကျမီ ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာဒေသခံများကိုယ်စား ဦးထွန်းထွန်းက မြေကွက်များကို ပေ ၆၀× ပေ ၄၀ သတ်မှတ်ပေးခြင်းသည် ကျဉ်းနေသည့်အတွက် ပေ ၈၀×ပေ ၆၀ သတ်မှတ်ပေးပါရန်နှင့် နေအိမ်များကို မိမိတို့အစီအစဉ်ဖြင့် ရွှေ့ပြောင်းရလျှင် အိမ်ဖျက်ခ၊ သယ်ဆောင်စရိတ်၊ ပြန်တည်ဆောက်သည့်စရိတ် များအတွက် အခက်အခဲရှိသဖြင့် တိုင်းဒေသကြီးအစိုးရက တစ်အိမ်ထောင်လျှင် ကျပ် ၁၀ သိန်းနှုန်း ထုတ်ချေးပေးကာ အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးဆပ်နိုင်ရေး ဆောင်ရွက်ပေးပါရန်၊ ထို့အပြင် ပျက်စီးသည့်စာရင်းတွင် မပါဝင်သော အိမ်ထောင်စု ၁၈ စုအတွက်လည်း နေအိမ်များ ဖြည့်စွက်တည်ဆောက်ပေးပါရန် တင်ပြခဲ့သည်။

ဝန်ကြီးချုပ်က သတ်မှတ်ထားသော မြေကွက်အတိုင်းအတာသည် မြို့ပြဒေသများ၏ သတ်မှတ်စံနှုန်းဖြစ်ကြောင်း၊ ထို့အပြင် အိမ်ထောင်စုများအား မြေလွတ်များ လျှောက်ထားရန် ခွင့်ပြုထားသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆက်စပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာ ရွှေ့ပြောင်းရေးအတွက် မြေနေရာများ ရှင်းလင်းပေးရာတွင်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးနေပြီး ပြည်သူများအနေဖြင့် မြေကွက်များကို ဂရန်အမည်ပေါက် ရရှိနိုင်မည်ဖြစ်၍ များစွာတန်ဖိုး ရှိကြောင်း၊ စာရင်းတွင်ကျန်ရှိသော အိမ်ထောင်စု ၁၈ စုအတွက် မြေနေရာရရှိရေးကို အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ရွှေ့ပြောင်းစရိတ် ချေးငွေအတွက်လည်း ပြည်ထောင်စုအစိုးရသို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **ကိုလွင်(ဆွာ)**


ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရွာရွှေ့ပြောင်းရမည့် ပြည်သူများ တွေ့ဆုံဆွေးနွေးစဉ်။

# အိမ်မဲမြို့နယ် တောင်သူလယ်သမားနေ့ ပြခန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှု

**အိမ်မဲ မတ် ၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ကျင်းပမည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားမှ ပြခန်းများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က မတ် ၁ ရက်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူလယ်သမားနေ့အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အိမ်မဲမြို့နယ် တောင်စုကျေးရွာရှိ အဆိုပါ တောင်သူလယ်သမားနေ့ အခမ်းအနားကိုမတ် ၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားတွင် ပြခန်းပေါင်း ၆၀ကျော် ပါဝင်ပြသကာ စွန့်လွှတ် မြေကေများအတွက် တောင်သူလယ်သမားများထံ ပုံစံ(၃)နှင့် ပုံစံ(၇)များပေးအပ်မည့် အစီအစဉ်များလည်းထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**


ပြခန်းများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှုစဉ်။

# ဖာပွန်မြို့နယ်မှ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအား ထောက်ပံ့ငွေပေးအပ်

**ဖာပွန် မတ် ၁**
ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအား ပထမအကြိမ် ထောက်ပံ့ငွေများပေးအပ်ပွဲကို ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွင်လှိုင်ထွေးက နိုင်ငံတော်အစိုးရ၏ မူဝါဒအရ အနာဂတ်မျိုးဆက်သစ်ကလေးငယ်များ၊ မိခင်လောင်းများ အာဟာရပြည့်ဝအောင် နိုင်ငံတော်မှ စီမံပြီး ယခုလိုထောက်ပံ့ငွေပေးခြင်းဖြစ်ကြောင်း၊ မိခင်နှင့် ရင်သွေးငယ်များအား အာဟာရပြည့်ဝစေရန်အတွက် သက်ဆိုင်ရာ ကျန်းမာရေး ဆရာ၊ ဆရာမများ၏ လမ်းညွှန်မှုအတိုင်း ကျွေးမွေးစောင့်ရှောက်စေလိုကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးဇော်မင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ထောက်ပံ့ငွေပေးရသည့် ရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖာပွန်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၅၁၁ ဦးနှင့် နှစ်နှစ်အောက်ကလေး ၁၇၁ ဦးတို့အတွက် စုစုပေါင်း ထောက်ပံ့ငွေ ကျပ် ၂၆၅၀၅၀၀၀ ကို ဝန်ကြီးက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးထံ ပေးအပ်ခဲ့ပြီး ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်ကလည်း အသက်နှစ်နှစ်အောက် ကလေးငယ် ၁၅ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်(အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ)အတွက် ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်ခုမှ ကိုယ်ဝန်ဆောင်မိခင် ၁၁၀၄၃ ဦးနှင့် နှစ်နှစ်အောက်ကလေး ၄၆၄၉ ဦးတို့အတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၇၆၆၀ ကျော်ကို ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မျိုးဆက်သစ်(ဘားအံ)**

# ရှမ်းပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး တောင်ကြီးမြို့၌ ဖွင့်လှစ်

**တောင်ကြီး မတ် ၁**
ရှမ်းပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ရုံး ဖွင့်ပွဲကို မတ် ၁ ရက်က အဆိုပါရုံးတည်ရှိရာ တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရရုံး(ဟောင်း)၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုလွှတ်တော်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလကလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းဥပဒေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကလည်းကောင်း ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကိုလည်း ၂၀၁၇ နိုဝင်ဘာ ၁၅ ရက်မှ စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်များ၌ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ကို ဆက်လက် ဖွဲ့စည်းလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်တွင်လည်း ပြည်နယ်နှင့် မြို့နယ် ၂၇ ခု၌ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ကျန်မြို့နယ်များ၌ ဖွဲ့စည်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့နှင့် တရားဥပဒေစိုးမိုးရေးစင်တာသည် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပြီး ဘက်မလိုက်သည့် လွတ်လပ်သော တရားမျှတမှုနှင့် ဆင်ခြင်တုံတရားကို ချိန်ခွင်လျှာထိန်းညှိနိုင်သည့် တရားစီရင်ရေး မဏ္ဍိုင်ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတကြီးက မကြာခဏ မှာကြားသည်ကို အလေးအနက်ထား သတိပြုကြရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးခင်ဇော်က အမှာစကားပြောကြားကြပြီး ရှမ်းပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် အမှာစကားပြောကြားစဉ်။

# ထားဝယ်မြို့၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

**ထားဝယ် မတ် ၁**
အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ မတ် ၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က နိုင်ငံတော်ကချမှတ်ပေးထားသည့် အားကစားနှင့်ကာယပညာ မူဝါဒများနှင့်အညီ အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းသည်လည်း လုပ်ငန်းတစ်ရပ်အနေဖြင့် ပါဝင်ကြောင်း၊ နွေရာသီအခြေခံ အားကစားသင်တန်းများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၁၅ မျိုးကို ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် အားကစားအဖွဲ့များက မြန်မာ့သိုင်း၊ ဂျူဒို၊ ဝူရှူး၊ လက်ဝှေ့နှင့် Physical Fitness အကများဖြင့် သရုပ်ပြဖျော်ဖြေပြီး ဝန်ကြီးက သရုပ်ပြဖျော်ဖြေခဲ့ကြသည့် အားကစားအဖွဲ့ခေါင်းဆောင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါ နွေရာသီအားကစားသင်တန်းတွင် အားကစားနည်း ၁၅ မျိုးကို မတ်လ ၂၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းများသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကောလိပ်နှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၂၄ ဦး တက်ရောက်ကြောင်း သိရသည်။
**ခရိုင် (ပြန်/ဆက်)**

# ဒေဝူးဘတ်စ်မြန်မာမှ ဘတ်စ်ကားနှစ်မျိုး မြန်မာပြည်တွင်တပ်ဆင်ထုတ်လုပ်၍ ပြည်ပသို့လည်းတင်ပို့မည်



Daewoo ကုမ္ပဏီမှ ကားသစ်ထုတ်လုပ်ရန် မီဒီယာများနှင့်တွေ့ဆုံရှင်းလင်းနေစဉ်။

**ရန်ကုန် မတ် ၁**

Daewoo Bus Myanmar Co.Ltd., မှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန် Daewoo Bus Standard အရည်အသွေးမီဘတ်စ်ကားများကို မြန်မာပြည်တွင် တပ်ဆင်ထုတ်လုပ်၍ ပြည်ပသို့လည်းတင်ပို့ရန် မကြာမီစက်ရုံတည်ဆောက်မည်ဖြစ်ကြောင်း မတ် ၁ ရက်က ရန်ကုန်မြို့ UMFCCI တွင် ကျင်းပသော မီဒီယာများနှင့်တွေ့ဆုံသည့် အခမ်းအနားမှ သိရသည်။

ကိုရီးယားနိုင်ငံတွင် ၆၂ နှစ်ကြာ ဘတ်စ်ကား ထုတ်လုပ်ခဲ့သော Zyle Daewoo မှ နှစ်စဉ် ကားအစီးရေ ၁၅၀၀၀ ကျော်ကို နိုင်ငံပေါင်း ခုနစ်နိုင်ငံတွင် SKD စနစ်ဖြင့် ထုတ်လုပ်လျက်ရှိပြီး ရှစ်နိုင်ငံမြောက်အဖြစ် မြန်မာနိုင်ငံ၌ စက်ရုံတည်ဆောက်ကာ BS106 နှင့် Lestar အမျိုးအစားယာဉ်နှစ်မျိုးကို တပ်ဆင် ထုတ်လုပ်သွားမည်ဖြစ်သည်။

Lestar minibus နှင့်City Bus BS 106 ယာဉ် နှစ်မျိုးကိုသာ တစ်နှစ်လျှင် အစီးရေ ၅၀၀ ကို လက်ရှိကိုရီးယားနိုင်ငံတွင်ထုတ်လုပ်နေသည့် ပုံစံ၊ အရည်အသွေးအတိုင်းထုတ်လုပ်သွားမည်ဖြစ်သည်။ ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့သွားမည်ဖြစ်ရာ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိစေမည့်အပြင် ပြည်တွင်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမည်ဖြစ်သည်။

"မတ်လအကုန်မှာ စပြီး ယာဉ်နှစ်မျိုးကို ထုတ်လုပ်မှာပါ။ တစ်နှစ်ကို အစီး ၅၀၀ ထုတ်လုပ်မယ်။ အရည်အသွေးမီတဲ့ ပြည်တွင်းက ပစ္စည်းတွေကိုလည်း အသုံးပြုပြီး ကျန်တာကို နိုင်ငံခြားက မှာယူမှာပါ။ အကျိုးခံစားခွင့်မှာ Daewoo က ၂၅ ရာခိုင်နှုန်းနဲ့ ကျွန်တော်တို့က ၇၅ ရာခိုင်နှုန်း ပါဝင်တယ်။ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၇ သန်းကနေ ၁၀ သန်းအထိရှိတယ်"ဟု Daewoo Bus Myanmar Co., Ltd. ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါက်တာ ကျော်ကျော်အောင်က ပြောသည်။

Daewoo Bus သည် ကမ္ဘာ့ဘတ်စ်ကားဈေးကွက်တွင် အနှစ် ၂၀ ကျော်ကြာ ရပ်တည်ခဲ့ပြီး အာရှ၊ အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကနိုင်ငံသို့တိုင် ထုတ်ကုန်အဖြစ် တင်ပို့ခဲ့ရာ နည်းပညာနှင့် အရည်အသွေးကောင်းမွန်မှုကြောင့် ပြည်ပဈေးကွက်တွင် နာမည်ရလျက်ရှိသော ယာဉ်များဖြစ်သည်။

မြန်မာနိုင်ငံတွင် Daewoo Bus Myanmar Co.,Ltd. အား ၂၀၁၇ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ ၁၄ ဧကကျယ်ဝန်းသောမြေနေရာ၌ နှစ်ရှည်ငှားရမ်း၍ စက်ရုံသစ်ကို တည်ဆောက်လျက်ရှိကာ ၂၀၁၉ ခုနှစ် မတ်လတွင် စက်ရုံကို စတင်ဖွင့်လှစ်လျက် Daewoo Bus များကို SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သွားမည် ဖြစ်သည်။ တစ်နှစ်လျှင် ယာဉ်အစီးရေ ၅၀၀ ခန့် ထုတ်လုပ်ရာ၌ Service Centre များကို ရန်ကုန်မြို့တွင် ထောက်ကြန့်၊ မန္တလေးနှင့် နေပြည်တော်တို့၌ တည်ဆောက်ဖွင့်လှစ်သွားမည်ကြောင်း သိရသည်။ **သန်းထိုက်**

# ပင်းတယမြို့၌ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ရာနှုန်းပြည့်ကောက်ခံရရှိပြီးဖြစ်

**ပင်းတယ မတ် ၁**

ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးရွာအုပ်စုများရှိ ကျေးရွာများမှ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ချေးပေးခဲ့ရာ တောင်သူများထံမှ ထုတ်ချေးငွေများ၏ အတိုးနှင့်အရင်းများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ရာနှုန်းပြည့် ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများအဖြစ် ကျေးရွာအုပ်စု ၂၄ အုပ်စုမှ တောင်သူဦးရေ ၂၅၈၇ ဦးအတွက် မိုးစပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ၉၆၄၆ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်းငွေကျပ် သိန်းတစ်သောင်းကျော်၊ ပဲပုပ်၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်းနှင့်အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ၂၀၂၆ ဧကအတွက် ငွေကျပ်သိန်းတစ်ထောင်ကျော်နှင့် ကျေးရွာအုပ်စု နှစ်စုမှ လက်ဖက်စိုက်တောင်သူ ၂၁၉ ဦးအတွက် လက်ဖက်ထုတ်လုပ်မှုစရိတ်အဖြစ် တစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ဧက ၁၃၀ အတွက် ငွေကျပ်သိန်း ၆၅၀ တို့ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပင်းတယဘဏ်ခွဲမှ ထုတ်ချေးပေး ခဲ့ရာ ယခုအခါ ချေးငွေများအား အပြေအကျေရာနှုန်းပြည့် ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်မိုးရာသီသီးနှံစိုက်တောင်သူများအား စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိပြီး လာမည့်နှစ်များတွင်လည်း စိုက်ပျိုးစရိတ်ချေးငွေအဖြစ် အခြားသီးနှံများအား တစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းထုတ်ချေးပေးရာမှ ယခုနှစ်တွင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မျိုးနွယ်(ပင်းတယ)**

# မိုဘိုင်းဖုန်းဖြင့် သီးနှံစာရင်းကောက်ယူပြုစုခြင်းနှင့် ကွန်ရက်စနစ် အသုံးပြုမှုဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် မတ် ၁**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် Korea Agency of Education, Promotion and Information Service in Food, Agriculture, Foresty and Fisheries (EPIS) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် "National Agri-food Information (NAIS) စီမံကိန်းမှ မိုဘိုင်းဖုန်းဖြင့် သီးနှံစာရင်းကောက်ယူပြုစုခြင်းနှင့် ကွန်ရက်အသုံးပြုမှုဆိုင်ရာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က နေပြည်တော်ဟိုတယ်မက်စ်၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမ်းမိုးက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လယ်ယာကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်း၊ သတင်းအချက်အလက်များ ထောက်ပံ့ပေးရေး၊ မြေအသုံးချမှုဆိုင်ရာစာရင်းအင်း အချက်အလက်များကို အခြေခံ၍ ခိုင်မာသော သတင်းအချက်အလက်စနစ် ထူထောင်ရေးနှင့် ခိုင်မာမှန်ကန်သည့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းသတင်းအချက်အလက် စနစ်ထူထောင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့အပြင် အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းဖြင့် အစိုးရနှင့်ပြည်သူများအကြား ပွင့်လင်းမြင်သာမှုရရှိလာစေရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြင့်လာစေမည်ဖြစ်သည့်အတွက် လယ်ယာကဏ္ဍဆိုင်ရာ မြေအသုံးချမှုစာရင်းများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိန်းဂဏန်းအချက်အလက်များကိုကောက်ယူ၊ စုစည်း၊ ပြုစု၊ ဆန်းစစ်၊ တာဝန်ယူတင်ပြနေရသည့် ဌာနတစ်ခုဖြစ်သည်နှင့်အညီတာဝန်ရှိသူများက ကိန်းဂဏန်းသတင်းအချက်အလက်များ ပြုစုပေးပို့ကြရာ၌ ခိုင်မာမှန်ကန်သည့်စာရင်းများ ပြုစုပေးပို့နိုင်ရေးအတွက် မြေပြင်ပကတိအရှိ အခြေအနေအမှန်အတိုင်း စာရင်းကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ယခုဖွင့်လှစ်သည့်သင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်များမှ စာရင်းအင်းပြုစုသူတာဝန်ခံ လေးဦးစီကို ၂၀၁၈ ခုနှစ် မေလဒုတိယပတ်တွင် ပထမအကြိမ်အဖြစ် ဖွင့်လှစ်ပို့ချခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်အဖြစ် နေပြည်တော်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များရှိ စာရင်းအင်းကောက်ယူပြုစုသူများကို ပို့ချခြင်းဖြစ်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

## ကလေးမြို့နယ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေကျပ်သိန်းတစ်ထောင် လွှဲပြောင်းပေးအပ်

**ကလေး မတ် ၁** - ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကြန်သာ၊ သာစည်၊ စော်ဘွားရေရှင်၊ လက်ပန်ချောင်း၊ ချင်းကင်း၊ ကျော်ရွာ၊ လယ်ခြား၊ ရာဇဂြိုလ်၊ စခန်းကြီး၊ အင်ဒိုင်းလေးကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကို ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ ကျေးရွာလေးရွာတွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၇ ရွာကို ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း (ဂန့်ဂေါ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၀၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၃၀ | ကျပ် | ၉၄၀/၉၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ | ကျပ် | ၉၅၅/၉၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၄၀ | ကျပ် | ၇၈၅/၈၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၇၅/၈၃၅ | ကျပ် | ၈၈၀/၈၈၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၁ · ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၇ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၃ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၀ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၂ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ · ၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၆၁၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ထိုင်းနိုင်ငံ၏ Shake the World ဂီတပွဲတော်တွင် ရွှေထူး ပါဝင်ဖျော်ဖြေမည်

ထိုင်းနိုင်ငံ၏ အကျော်ကြားဆုံး အဆိုတော်များနှင့် မြန်မာနိုင်ငံ၏ အကျော်ကြားဆုံး အဆိုတော်များ ပူးပေါင်းဖန်တီးတင်ဆက်မည့် Shake the World ဂီတပွဲတော်တွင် အဆိုတော် ရွှေထူးလည်း ပါဝင်ဖျော်ဖြေမည်ဟု သိရသည်။

"ဒီပွဲက သူတို့ ထိုင်းကအဆိုတော်တွေနဲ့ မြန်မာနိုင်ငံက အဆိုတော်တွေနဲ့ ပေါင်းပြီး လုပ်ကြတာပေါ့၊ ကျွန်တော် ဒီထဲမှာ ပါဝင်ရတဲ့အပိုင်းက ထိုင်းက The Toys အဖွဲ့နဲ့ တွဲဆိုရမှာပါ၊ ကျွန်တော်တွဲဆိုရမယ့်သူကလည်း အရည်အချင်း တော်တော်ရှိမယ့်ပုံပဲ၊ သူနဲ့အတူ သီချင်းလုပ်ရမယ့်အတွက် ဝမ်းသာတယ်၊ သီချင်းကတော့ အခုထိ မလုပ်ရသေးပါဘူး၊ သူနဲ့လည်း မဆုံရသေးတော့ အဲ့ဒါတွေ မတိုင်ပင်ရသေးဘူး၊ သူလည်းသူ သီချင်းလုပ်ချင်တဲ့ ပုံစံလေးတွေ ပြောပြမယ်၊ ကျွန်တော်ကလည်း ကျွန်တော်ဖြစ်ချင်တဲ့ပုံစံလေးတွေပြောရင်း အရင်ဆုံး အွန်လိုင်းကနေ ညှိကြမယ်ပေါ့၊ အဆင်ပြေသွားပြီဆိုရင် ကျွန်တော်တို့ သုံးရက်လောက် ဗန်ကောက်ကိုသွားပြီး သီချင်းသွားသွင်းရမှာ ပေါ့နော်၊ သူ့လိုင်းနဲ့ ကိုယ့်လိုင်းနဲ့ကလည်း တူတဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ နှစ်ယောက်ပုံစံအတိုင်း မိန်းကလေးအကြိုက်ပုံစံလေးပဲ ဖန်တီးဖြစ်မယ်ထင်ပါတယ်၊ ဒါကတော့ ကျွန်တော့်အမြင်ကို ပြောတာပေါ့နော်၊ သူ့အနေနဲ့ကတော့ ဘယ်လိုမျိုးဇစ်ပုံစံတွေ လာဦးမလဲဆိုတာတော့ ကျွန်တော်မသိသေးဘူး။ နိုင်ငံခြားကလူတွေနဲ့ သီချင်းလုပ်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်၊ နောက်ပိုင်းမှာလည်း အခွင့်အရေးရရင်ရသလို လုပ်သွားဖို့ရှိပါတယ်"ဟုရွှေထူးက ပြောသည်။

ရွှေမှုံရတီအတွက် သီချင်းသစ်ထပ်လုပ်ပေးမည့် အစီအစဉ်ရှိမရှိနှင့် ပတ်သက်၍လည်း ရွှေထူးက "သူ့ကို သီချင်းထပ်ပြီးလုပ်ပေးဖို့ တိုင်ပင်ထားတာတွေ ရှိပါတယ်၊ ဒါပေမယ့် သူရဲ့ Professional က သရုပ်ဆောင်ပိုင်းဖြစ်နေတော့ သီချင်းဆိုခဲ့တာကလည်း ကျွန်တော့်အမျိုးသမီး ပင်ပန်းလို့ အိမ်ပြန်လာတဲ့အချိန် နားထောင်ဖို့ လုပ်ပေးဖြစ်တာပါ၊ နောက်ထပ်လည်း သူ့ကိုဖန်တီးမှုအသစ်တွေလုပ်ပေးဖို့ရှိပေမယ့် အခုတော့ ပြောပြဖို့ အချိန်စောနေသေးလို့ပါ၊ အချိန်တန်ရင်တော့ ပြောပြမှာပါ"ဟု ပြောသည်။

အဆိုပါ မြန်မာ-ထိုင်း ဂီတပွဲတော်ကို JOOX App ကစီစဉ်၍ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ အကျော်ကြားဆုံး အနုပညာရှင်များ၏ ထူးခြားပြောင်မြောက်သော ဂီတအနုပညာ ပူးပေါင်းဖန်တီးမှုတစ်ရပ်အဖြစ် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနှင့် ထိုင်း ထိပ်တန်းအနုပညာရှင်များ ပူးပေါင်း၍ တေးသီချင်းကောင်း ငါးပုဒ်ကို အတူတကွ ဖန်တီးသီဆိုကြမည်ဖြစ်ကာ မြန်မာနိုင်ငံ၏ ထိပ်တန်းရော့ခ်ဂီတအဖွဲ့ Big Bag နှင့် ထိုင်းနိုင်ငံမှ ထိပ်တန်းရော့ခ်ဂီတအဖွဲ့ Silly Fools အဖွဲ့၊ ရွှေထူးနှင့် ထိုင်းမှ The Toys အဖွဲ့၊ မြန်မာနိုင်ငံမှ Hip-Hop ဂီတအနုပညာရှင် Ar-T နှင့် ထိုင်းမှ နာမည်ကြီးအဆိုတော် Two Popthorn၊ မိစန္ဒီနှင့် ထိုင်းအဆိုတော် Stamp ၊ မြန်မာ ရက်ပ်ဂီတ အနုပညာရှင် X Box နှင့် ထိုင်းအဆိုတော် Mild တို့ ပူးပေါင်းဖန်တီး ဖျော်ဖြေကြမည်ဟု သိရသည်။



**ကိုလင်း**

# သက်မွန်မြင့်က အငြိမ်ဇာတ်ရုပ်မျိုးကို ပိုကြိုက်လာသည်ဟုဆို

သရုပ်ဆောင် သက်မွန်မြင့်သည် ဇာတ်ကားရိုက်ကူးမှုများကို ကာလတစ်ခု နားထားခဲ့ပြီး ယခု ပြန်ရိုက်သည့်အချိန်တွင် အငြိမ်ဇာတ်ရုပ်မျိုးကိုသာ ပို၍ ကြိုက်လာကြောင်းနှင့် နောက်ပိုင်းတွင် ကိုယ်တိုင်ကြိုက်သည့် ဇာတ်ရုပ်များနှင့် မလုပ်ဖူးသေးသည့် ဇာတ်ရုပ်မျိုးကိုသာ ဦးစားပေး သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"သက်မွန် ဇာတ်ကားရိုက်တွေနားထားပြီး ပြန်ရိုက်တဲ့အချိန်မှာ အဓိက ကိုယ်မလုပ်ဖူးသေးတဲ့ ဇာတ်ရုပ်မျိုးကို ပိုဦးစားပေးဖြစ်တယ်၊ ဇာတ်ကားတစ်ကားဆို သက်မွန်ရိုက်ထားတာ အဲဒီဇာတ်ရုပ်က လုံးဝ အငြိမ်ပဲ၊ တစ်ကားလုံး အငြိမ်သရုပ်ဆောင်ရတာ၊ ဒါပေမယ့် လုပ်ရတာ တော်တော်ခက်တယ်၊ အဲ့ဒါမျိုးတွေ သက်မွန်ကြိုက်တယ်၊ အဲဒါကြောင့် ကိုယ်ကြိုက်တဲ့ဇာတ်ရုပ် မလုပ်ဖြစ်သေးတာမျိုးကို ပိုဦးစားပေးချင်တယ်၊ သက်မွန် ဒီနှစ်အတွက် လက်ခံထားတဲ့ဇာတ်တွေကလည်း ကိုယ်တကယ်လုပ်ချင်စိတ်ရှိလို့ လက်ခံခဲ့တဲ့ ဇာတ်တွေပါပဲ၊ တစ်ခါတလေ ကိုယ်သရုပ်ဆောင်ရတဲ့အပိုင်း နည်းရင်နည်းမယ်၊ ဒါပေမယ့် လုပ်ရတဲ့ဇာတ်ရုပ်က သက်မွန် လုပ်ခဲ့တဲ့ပုံစံမျိုးဆို ပိုပြီးစိတ်ဝင်စားတယ်၊ လုပ်ချင်တယ်၊ တစ်ခါတလေ ကိုယ်လုပ်ချင်တဲ့ဇာတ်ရုပ်လေးတွေ လာပြောပြီး အကြောင်းမသင့်လို့ မရိုက်ဖြစ်တာ လေးတွေလည်း ရှိပါတယ်၊ အဓိကတော့ သက်မွန်ပရိသတ်လည်း မြင်ရခဲ့တဲ့ဇာတ်ရုပ်၊ကိုယ့်အတွက်လည်း လုပ်ရတာ အကျိုးရှိရှိနဲ့ ကျန်ခဲ့မယ့်ဇာတ်ရုပ်မျိုး ဇာတ်ကားမျိုးတွေကိုပဲ စိတ်ထဲမှာစွဲနေပြီး ရိုက်ချင်တယ်"ဟု သက်မွန်မြင့်က ဆိုသည်။

သက်မွန်မြင့်သည် Real Bros ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးပြီး မကြာမီ ရုံတင်ပြသတော့မည့် သခင်ကြီးနှင့် ငါးပိရည်တို့စရာ ရုပ်ရှင်ဇာတ်ကားကြီးတွင် ချင်းတောင်တန်း၏ တောင်ဇလပ်ပန်းတစ်ပွင့် ချင်းတိုင်းရင်းသူလေးအဖြစ် သရုပ်ဆောင်ထားပြီး ထိုဇာတ်ကားကို ဇာတ်ညွှန်း ချာန်သခင်သွေး၊ ဇာတ်လမ်း နေစိုးသော်တို့က ရေးသား၍ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ) ဖန်တီးပုံဖော်ရိုက်ကူးထားကာ ထွန်းကိုကို၊ ဇေရဲ၊ သိန်းလင်း၊ ဇင်ဝိုင်း၊ ရွှေသမီးနှင့် သက်မွန်မြင့်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ **ကိုလင်း**



# ဇွဲပြည့်၏ တတိယမြောက်သီချင်းခွေ 'အားကိုးပါ' ကို စတင်ဖြန့်ချိ



အဆိုတော် ဇွဲပြည့်သည် အပြည်ပြည်ဆိုင်ရာအသည်းကွဲသောနေ့နှင့် ခိုလှုံရာစသည့် တေးသီချင်းခွေနှစ်ခွေ ထွက်ရှိခဲ့ပြီးနောက် တတိယမြောက်အခွေဖြစ်သည့် အားကိုးပါ စီးရီးကို ဖေဖော်ဝါရီ ၂၈ ရက်က ထပ်မံထုတ်ဝေလိုက်ပြီး အဆိုပါစီးရီးအတွက် စာနယ်ဇင်းမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ Novotal Hotel ၌ ကျင်းပခဲ့သည်။

"ကျွန်တော်ရဲ့ သုံးခုမြောက် ဂီတမှတ်တိုင်ကိုလည်း ပရိသတ်တွေပေးတဲ့ခွန်အားနဲ့ စိုက်ထူချင်ပါတယ်၊ ဒီအခွေမှာ Own Tune တွေ များပါတယ်၊ ပြန်ဆိုတေးက တစ်ပုဒ်ပဲပါတယ်၊ သူသတိရရမရရ ဆိုတဲ့ သီချင်းလေးတစ်ပုဒ်တည်းပေါ့၊ Title သီချင်း အားကိုးပါကိုတော့ ကိုဇဝါ ရေးပေးထားတာပါ။ ချစ်သူကို ကိုယ့်ကိုအားကိုးပါပေါ့၊ သူဝင်လာမယ့် ဘဝခရီးအတွက် ဦးနှောက်ထဲမှာ အစီအရီတွေးထားပြီးသား၊ ရယ်ဒီပါပဲ၊ ကိုယ့်ကိုသာ အားကိုးလိုက်ပါပေါ့၊ အဲ့လိုလေးပါ၊ ဒီအခွေလေးထဲမှာ Title ပေးချင်တဲ့သီချင်းတွေက အများကြီးပါပဲ၊ အဲဒီအများကြီးထဲကမှ အားကိုးပါသီချင်းကို Title ပေးဖြစ်တာက ရှေ့နှစ်ခွေမှာက အပြည်ပြည်ဆိုင်ရာအသည်းကွဲသောနေ့က အသည်းကွဲတယ်၊ ပြီးတော့ 'ခိုလှုံရာ' ခွေလေးနဲ့ ခိုလှုံရာရှာတယ်၊ အဲဒါပြီးတော့ အခု အားကိုးပါဆိုတော့ ဇာတ်လမ်းတစ်ပုဒ်လို ဖြစ်သွားတာပေါ့၊ နောက်ပြီး 'ဇွဲ' ဆိုတဲ့ သီချင်းတစ်ပုဒ်က ကျွန်တော့်ဘဝရဲ့ တစ်စိတ်တစ်ဒေသလောက်နီးနီး ထပ်တူကျလို့ ထည့်ထားပါတယ်၊ တေးရေးတွေက နေမျိုးဆေး၊ ဇဝါ၊ အောင်ကိုမြင့်၊ လင်းရာ၊ စော ပိပိ၊ ဝေကြီး၊ အောင်ထက်၊ ရှုမောင်၊ ထက်မွန်၊ အောင်မြင့်မြတ်၊ မင်းဇော်ထက်နဲ့ ပိုပိုတို့ ရေးထားတဲ့ သီချင်း ၁၂ ပုဒ် ပါပါတယ်။ M-United ကနေ ဖေဖော်ဝါရီ ၂၈ ရက် ဖြန့်ပါမယ်၊ ပရိသတ်တွေက နားထောင်ပေးပြီး ပြန်ပြောလာမယ့် အကြောင်းအရာတွေကို ရင်ခုန်စွာနဲ့ ကြားချင်ဖတ်ချင်မိပါတယ်၊ နားထောင်ပေးစေချင်ပါတယ်၊ ဇွဲပြည့်ကလည်း အားလုံးကို အားကိုးပါတယ်"ဟု အခွေမိတ်ဆက်ပွဲတွင် ဇွဲပြည့်က ပြောသည်။ **ကိုလင်း**

# တေးရေး ကိုလေးလွင်၏ သီချင်းများကို ပြန်ဆိုထားသည့် စတူဒီယိုခေတ် တေးသီချင်းများ DVD အခွေ ထွက်ရှိ

တေးရေးဆရာကြီး ကိုလေးလွင်၏ ဂီတသက်တမ်းနှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် ၄င်း၏ တေးသီချင်းများ ပြန်လည်သီဆိုထားသည့် 'စတူဒီယိုခေတ် နှစ်လေးဆယ်အလွန် တေးသီချင်းများ' Audio အခွေကို ပြီးခဲ့သည့်နှစ်က ထွက်ခဲ့ပြီး နောက် ယခု DVD အခွေကို ရွှေအနုပညာ တေးထုတ်လုပ်ရေးမှ စီစဉ်တင်ဆက်၍ လှိုင်းတေးသံသွင်းမှ ဖြန့်ချိတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခွေတွင် တေးရေး ကိုလေးလွင်၏ အောင်မြင်ကျော်ကြားခဲ့သော မရိုးနိုင်သည့် ဂန္ထဝင်တေးသီချင်းများကို တေးဆိုဇွဲပြည့်၊ အောင်ထက်၊ နေမင်းအိမ်၊ ထက်အိမ်၊ မိုးသောက်၊ စောလားထော်ဝါး၊ Oo Fat၊ အိမ့်ချစ်၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်းနှင့် အိုင်းရင်းဇင်မာမြင့်တို့က သီဆိုထားသည်။

DVD အခွေကို စီစဉ်ဖြန့်ချိမည့် ကိုနိုင်ဇော် (Lazy Club)က "အဓိကပြောချင်တာက ဒီရွှေစီးရီး က မနှစ်က ထွက်ခဲ့တာပေါ့၊ အဲဒီတုန်းက Audio အဖြစ်နဲ့ ထွက်ခဲ့တာ၊ အခု အဲဒီအခွေကို ကျွန်တော် ကိုယ်တိုင် DVD အဖြစ်နဲ့ ပြန်ထုတ်မှာပါ၊ ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာ လုပ်ထားပါတယ်၊ ဒီသီချင်းတွေက နှစ် ၄၀ တုန်းက အောင်မြင်ခဲ့တဲ့ သီချင်းတွေဆိုတော့ တီးတဲ့ အတီးကအစ ကျွန်တော် သေချာစိစစ်ပြီး လုပ်ခဲ့ ရပါတယ်၊ မရှိတော့တဲ့အဆိုတော်တွေရဲ့ သီချင်းတွေလည်း ပါနေတော့ ကိုယ့်အတွက်အများကြီး အခက်တွေ့ရတာတော့အမှန်ပဲ"ဟု ပြောသည်။

အခွေတွင် ပါဝင်သီဆိုထားသည့် အိမ့်ချစ်ကလည်း သီချင်းများနှင့်ပတ်သက်၍ "သီချင်းတွေကို အရင်ကန်တော့ရမယ်၊ ဒီသီချင်းလေးတွေကို အိမ့်ချစ်ကိုယ်တိုင်တောင် ရေးရေးလေးပဲ သိတယ်၊ နှစ်လေးဆယ်အလွန် သီချင်းတွေက သေသေချာချာ ဝေဖန်နိုင်မယ့်သူလည်း ရှားပါတယ်၊ အိမ့်ချစ်တို့ မောင်နှမတွေ ပါဝင်ခွင့်ရလို့လည်း ကျေးဇူးအထူးတင်ပါတယ်၊ အိမ့်ချစ်က ဟိုတုန်းကသီချင်းတွေကို နားထောင်လေ့တော့ရှိတယ်၊ ဒါပေမယ့် ကိုယ်တိုင်တောင် ရေးရေးလေးပဲ ကြားဖူးခဲ့တဲ့ သီချင်းလေးတွေပါ၊ အားလုံးက သင်ကြားပေးကြတာမို့ အများကြီးတော့ အခက်မတွေ့ခဲ့ရဘူး"ဟု ပြောသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### မိုက်ကယ်ဂျက်ဆင်၏ခြံကြီးကို ဈေးကွက်အတွင်း လျှော့ဈေးဖြင့် ပြန်လည်ရောင်းချလျက်ရှိ

ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်၏ ယခင်နေအိမ်ဟောင်းကို ၂၀၁၅ ခုနှစ်က ဈေးကွက်အတွင်း ရောင်းချခဲ့ရာ ယခုအခါ မူရင်းဈေးထက် အနည်းငယ်လျှော့ကာ ပြန်လည်ရောင်းချလျက်ရှိကြောင်း သိရသည်။ မိုက်ကယ်ဂျက်ဆင်၏ Neverland ခြံကြီး၏ ဈေးနှုန်းမှာ ဒေါ်လာ ၃၁သန်းဟု သတ်မှတ်ထားပြီး လွန်ခဲ့သောလေးနှစ်က အဆိုပါခြံကြီး၏ဈေးနှုန်းကို ဒေါ်လာသန်း ၁၀၀ ဟု သတ်မှတ်ထားရာ ယခုအခါ ၇၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချနေခြင်းဖြစ်သည်ဟု ဝေါစထရိဂျာနယ်တွင် ဖော်ပြထားသည်။

အဆိုပါခြံကြီး ရောင်းထွက်ရေးအတွက် လုပ်ဆောင်နေသည့် အိမ်ခြံမြေအကျိုးဆောင်တစ်ဦးဖြစ်သူ ဆူဇန်နီပါကင်က ခြံရောင်းချရာတွင် တွေ့ကြုံသည့်အကြီးမားဆုံး စိန်ခေါ်မှုမှာ ဒေါ်လာသန်း ၁၀၀ ဟု ခြံကြီးကိုဈေးခေါ်ခဲ့ခြင်းမှာ ရှုံးသွပ်ခြင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။ မိုက်ကယ်ဂျက်ဆင်သည် ၁၉၈၇ ခုနှစ်က ဧက ၂၇၀၀ အတွက် ဒေါ်လာ ၁၉ ဒသမ ၅ သန်းပေးကာ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဈေးကွက်အတွင်း အရောင်းတင်ရာတွင် ဝယ်မည့်သူမရှိဖြစ်ခဲ့ခြင်းအတွက် ၂၀၁၇ ခုနှစ်တွင် ဈေးချပေးခဲ့ကြောင်း ဒေါ်လာ ၆၇ သန်းအထိ ဈေးလျှော့ချခဲ့ကြောင်း သိရသည်။

ယခုရောင်းချမည့်ခြံကြီးတွင် မိုက်ကယ်ဂျက်ဆင် ၁၅ နှစ်ခန့်နေခဲ့သည့် အဓိကအိမ်ကြီးလည်းပါဝင်သည်။ အဆိုပါ နေအိမ်တွင် ယခုအငြင်းပွားဖွယ်ဖြစ်နေသည့် မှတ်တမ်းရုပ်ရှင်လည်း ရိုက်ကူးထားသည်။ Leaving Neverland ဆိုသည့် မှတ်တမ်းရုပ်ရှင်ကို HBO မှ ရိုက်ကူးခဲ့ပြီး မတ် ၃ ရက်တွင် ထုတ်လွှင့်မည် ဖြစ်သည်။

**စီအင်န်အင်န်**



မိုက်ကယ်ဂျက်ဆင်၏ အိမ်ခြံဝင်းကို တွေ့ရစဉ်။

### အော်စကာဆုရှင် ဂီတစာဆို အန်ဒရီပရီဗင် အသက် ၈၉ နှစ်တွင်သေဆုံး

ကျော်ကြားလှသည့် ဂီတစာဆို အန်ဒရီပရီဗင်သည် အကယ်ဒမီဆုကို လေးကြိမ်တိုင်တိုင် ရရှိခဲ့သူဖြစ်ပြီး သူ၏အောင်မြင်ကျော်ကြားလှသည့် လက်ရာများမှာ My Fair Lady, Porgy & Bess တို့ဖြစ်ကြသည်။ အန်ဒရီပရီဗင်သည် အသက် ၈၉ နှစ်အရွယ်တွင် သေဆုံးသွားပြီဟု ၎င်း၏ကုမ္ပဏီဖြစ်သည့် IMG Artist မှအတည်ပြုပြောကြားခဲ့သည်။ ပရီဗင်မှာ ခဏတာဖျားနာပြီး မက်ဟင်တန်ရှိ ၎င်း၏နေအိမ်တွင် သေဆုံးသွားပြီဟု ၎င်း၏မန်နေဂျာဖြစ်သူ လင်ဒါပက်ထရီကိုဗာက ပြောသည်။

၎င်း၏ အနုပညာသက်တမ်းတစ်လျှောက်တွင် ပရီဗင်သည် အော်စကာဆုလေးကြိမ်၊ ဂရမ်မီဆု ၁၀ ဆု၊ တစ်သက်တာ အအောင်မြင်ဆုံးဂရမ်မီဆု အစရှိသည်တို့ကို ရရှိခဲ့သည်။ ပရီဗင်ကို ၁၉၂၉ ခုနှစ်တွင် ဘာလင်မြို့၌ မွေးဖွားခဲ့ပြီး ယင်းနောက်အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် လော့အိန်ဂျလိစ်မြို့တွင် ကြီးပြင်းလာပြီး ၁၉၆၇ ခုနှစ်တွင် ဂီတဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၆၆ခုနှစ်မှစတင်ကာ ရုပ်ရှင်ဇာတ်ကားများအတွက် သီချင်းများ ရေးစပ်ပေးခဲ့သည်။

ပရီဗင်သည် ငါးကြိမ်တိုင်တိုင် လက်ထပ်ခဲ့သူလည်းဖြစ်သည်။ ရုပ်ရှင်မင်းသမီး မီရာဖာရိုးသည်လည်း ၎င်း၏ဇနီးဟောင်းတစ်ဦးဖြစ်ပြီး ၁၉၇၀ မှ ၁၉၇၉ ခုနှစ်အထိ လက်ထပ်ပေါင်းသင်းခဲ့သည်။ ကြာသပတေးနေ့က ဖာရိုးသည် ၎င်း၏ခင်ပွန်းဟောင်းဖြစ်သူအတွက် ဝမ်းနည်းစကားဆိုခဲ့သည်။

**စီအင်န်အင်န်**



အော်စကာဆုရှင် ဂီတစာဆို အန်ဒရီပရီဗင်



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၁၀)

**မောင်ခင်မင် (ဓနုဖြူ)**

"တစ်ယောက်နဲ့တစ်ယောက် ပြောကြဆိုကြတဲ့အခါ ထုတ်မပြောပေမယ့် အပြန်အလှန် ကြိုတင်နားလည်ထားတဲ့အချက်တွေရှိတယ် သမီးရဲ့။ တစ်ချက်က ဘာလဲဆိုရင် ပြောတဲ့သူဟာ ပုံမှန်အားဖြင့် စကားကို လိုသလောက်ပဲ ပြောလေ့ရှိတယ်။ လိုအပ်တာထက် ပိုပြီးပြောတာမျိုး၊ လျှော့ပြီးပြောတာမျိုး လုပ်လေ့မရှိဘူးဆိုတဲ့ အချက်ပဲ"

"ဘယ်လိုပြောပုံမျိုးလဲ ဘဘ"

"ဆိုပါတော့ကွယ်။ ဘဘက အိမ်ကတူမလေးကို 'ကော်ဖီဖျော်ပြီးပြီလား' လို့ မေးတာကို သူက 'ရေနွေး တည်ထားပါတယ်' လို့ ပြန်ဖြေရင် သမီးဘယ်လို နားလည်သလဲ"

"ဟုတ်ကဲ့၊ ကော်ဖီဖျော်ဖို့ ရေနွေးတည်ထားပါတယ်၊ ရေနွေးမဆူသေးလို့ ကော်ဖီမဖျော်ရသေးပါဘူးလို့ ဆိုလိုတာပါ ဘဘ"

"ဟုတ်တယ်။ သူက လိုအပ်တဲ့အတိုင်းအတာအထိပဲပြောတာကို ဘဘက ဖြည့်ပြီး နားလည်ရတာပေါ့။ အဲဒီလိုပဲ ဘဘအရင် တစ်ခါပြောဖူးပါတယ်။ ခရီးသွားပြီး ပြန်လာတဲ့မိတ်ဆွေကို 'ခင်ဗျားဘယ်က ပြန်လာသလဲ' လို့မေးတာ သူက 'မန္တလေးက ပြန်လာတယ်'လို့ ဖြေရင် လုံလောက်ပြီလေ။ 'မြန်မာနိုင်ငံ မန္တလေးမြို့က ပြန်လာတယ်' လို့ ပြောစရာမလိုဘူး မဟုတ်လား။ မေးတဲ့သူရော၊ ပြောတဲ့သူရော မြန်မာနိုင်ငံမှာနေလို့ မြန်မာနိုင်ငံကို ထည့်ပြောစရာ မလိုဘူးလေ။ ဒါပေမယ့် နိုင်ငံခြားက ပြန်လာတဲ့သူတစ်ယောက်ကို မေးရင်တော့ "ဂျပန်နိုင်ငံကပါ။ နာဂိုယာမြို့က ပြန်လာတာပါ "ဆိုတာမျိုး ဖြေဖို့လိုမှာပေါ့။ ပြောတဲ့အခြေအနေအရ လိုအပ်သလောက် ပြောတယ်လို့ ဆိုလိုတာပါ"

"ဟုတ်ကဲ့ပါ"

"ဒီနေရာမှာ လိုအပ်တာထက် လျှော့ပြောမိလို့ ပြဿနာဖြစ်ရတဲ့ သာဓကလေးတစ်ခု ပြောပြရဦးမယ်။ အနက်အဓိပ္ပာယ်ကို လက်တွေ့လေ့လာတဲ့ပညာရှင်တစ်ယောက်ပြတဲ့သာဓကလေ"

"ဟုတ်ကဲ့ပါ"

"ပန်းခြံတစ်ခြံထဲမှာ မိန်းကလေးတစ်ယောက် ခုံတန်းတစ်ခုမှာ ထိုင်နေတယ်။ သူ့ရှေ့မှာ ခွေးကြီးတစ်ကောင်က ဝပ်နေတယ်တဲ့။ အဲဒီတုန်း ကောင်လေးတစ်ယောက်က ခုံတန်းနားရောက်လာပြီး မိန်းကလေးကို မိတ်ဆက်တဲ့အနေနဲ့ စကားကို ဖောရောလုပ်ပြီး 'ခင်ဗျား ခွေးက ကိုက်တတ်သလား' လို့ မေးသတဲ့။ မိန်းကလေးက 'မကိုက်တတ်ပါဘူး' လို့ဖြေတော့ ကောင်လေးက သဘောကျပြီး မိန်းကလေးနားမှာ ထိုင်ဖို့လည်း လုပ်ရော 'ဝပ်နေတဲ့ ခွေးကြီးက ခြေသလုံးကို ကိုက်လိုက်ရော...တဲ့"

"ဟယ်"

"အဲဒီတော့ ကောင်လေးက ကောင်မလေးကို 'ခင်ဗျားခွေးက မကိုက်တတ်ဘူးဆို' လို့ မကျေမနပ် ပြန်မေးသတဲ့။ အဲဒီတော့ ကောင်မလေးပြန်ဖြေလိုက်တာက 'ဒါ ကျွန်မခွေးမှ မဟုတ်တာ' တဲ့"

"ဩော်... ဒီလိုကိုး"

"စကားကို လိုအပ်တာထက်ပိုမပြောတာလည်း ပုံမှန်အခြေအနေပဲ။ လိုအပ်တာထက်ပိုပြောရင် စကားတံရှည်တယ်လို့ ထင်စရာ ဖြစ်တာပေါ့"

"ဟုတ်ကဲ့ပါ"

" 'ညစာဘာချက်သလဲ' လို့မေးတာကို 'ကြက်သားနဲ့ အာလူးချက်ထားတယ်' လို့ ဖြေရင် ပုံမှန်ပဲလေ။ အဲဒီလို မဖြေဘဲ 'မနေ့က ရုံးကအပြန် ကမာရွတ်ဈေးဝင်တာ ကြက်သားတွေကောင်းလို့ အစိတ်သားဝယ်ပြီး ရေခဲ သေတ္တာထဲထည့်ထားတယ်၊ ဒီညနေ ဆီပြန်ချက်ရမလား၊ ကြော်ရမလားလို့ စဉ်းစားတာ၊ အာလူးတွေရှိနေတာနဲ့ အာလူးနဲ့ရောပြီး ဆီကျန်ရေကျန်လေး ချက်ထားတယ်လေ' လို့ ပြန်ဖြေရင် ကြားတဲ့သူက တော်တော် စကားတံရှည်တာပဲ၊ ပုံမှန်မဟုတ်ဘူး ထင်တယ်လို့ ထင်စရာရှိတာ ပေါ့ကွယ်"

"ဘဘပြောတာ သရုပ်ပေါ်လိုက်တာနော်"

"အဲ... နောက်တစ်ချက်က ပြောတဲ့သူဟာ ဟုတ်တဲ့မှန်တဲ့အကြောင်းကို ပြောနေတာလို့ နားထောင် တဲ့သူက ခံယူတယ်ဆိုတဲ့ အကြောင်းပဲ။ ပုံမှန်အားဖြင့် ပြောသူဟာ လိမ်ညာပြီး ပြောမှာမဟုတ်ဘူး။ အမှန်ကိုပဲ ပြောမှာလို့ နားလည်ပြီး အဓိပ္ပာယ်ကောက်ကြတယ်။ ကလေးတစ်ယောက်ကို 'သား အဖေနဲ့ အမေ အိမ်မှာရှိသလား' လို့ မေးတာကို 'ဟုတ်ကဲ့ အမေရှိပါတယ်' လို့ ပြန်ဖြေတာမျိုးပေါ့။ ဒီစကားအရ သူ့အဖေတော့အိမ်မှာ မရှိဘူးဆိုတဲ့ အချက်ကို မှန်တဲ့အချက်လို့ နားလည် နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

" 'ဒီဆရာက တော်တော်စာသင်ကောင်းတယ်ဆို' ဆိုတဲ့ အမေးကို တစ်ဖက်လူက 'ဟုတ်ကဲ့ ဒီဆရာက ကျွန်တော်တို့အတန်းမှာ မြန်မာစာ သင်ပါတယ်' လို့ ပြန်ပြောရင် စာသင်ကောင်း မကောင်း မသိနိုင်တဲ့ခေတ်မှာ မြန်မာစာသင်တယ်ဆိုတဲ့အချက်ကိုပဲ အမှန်အဖြစ် ကောက်ယူနိုင်မှာပေါ့ကွယ်"

"တော်တော်သိမ်မွေ့တာပဲနော် ဘဘ"

"ဟုတ်တယ် သမီးရဲ့။ ဒါကြောင့် ပါးစပ်ထဲက ထွက်သွားတဲ့ စကားဟာ လှောင်အိမ်ဖွင့်လွှတ်လိုက်တာနဲ့ ထွက်ပြေးတဲ့ ခွေးနဲ့တူတယ်။ ဝီစီမှုတ်ပြီး ပြန်ခေါ်လို့ မရတော့ဘူးလို့ တင်စားပြောကြတယ်။ ကြမ်းကျွံရင် နုတ်လို့ရတယ်။ စကားကျွံရင် နုတ်လို့ မရဘူးဆိုတာလည်း အဲဒီသဘောကို ဆိုလိုတာပေါ့ကွယ်"

"မှတ်ထားပါ့မယ် ဘဘ"

" နောက်တစ်ချက်က ပြောတဲ့သူဟာ ပြောနေတဲ့ အကြောင်းနဲ့ သက်ဆိုင်တဲ့အကြောင်းကိုပဲပြောလေ့ရှိတာ ပုံမှန်ပဲလေ။ ဒါကြောင့် အဓိပ္ပာယ်ကောက်တဲ့အခါမှာလည်း ဘယ်လိုသက်ဆိုင်တယ်ဆိုတာကို စဉ်းစားပြီး အဓိပ္ပာယ်ကောက်ရတာပေါ့ "

" ဟုတ်ကဲ့ပါ။ သာဓကလေး... "

" ပြောပါ့မယ်။ ' ကျွန်မစာမူကလေးဖတ်ပြီးပြီလား' ဆိုတဲ့ မေးခွန်းကို ' မနေ့က မျက်မှန်ကိုင်းကျိုးသွားလို့ ကိုင်းလဲဖို့ဆိုင်ပို့ ထားရတယ် 'လို့ ပြန်ဖြေရင် အမေးနဲ့ အဖြေက မဆိုင်သလိုဘဲလေ။ ဒါပေမယ့် စာဖတ်ရင် မျက်မှန်နဲ့ဖတ်မှ မြင်တဲ့သူက သူ့မျက်မှန်မတပ်ရလို့ စာမဖတ်နိုင်သေးဘူးဆိုတာကို ဆက်စပ်စဉ်းစားပြီး နားလည်နိုင်တာမို့ သက်ဆိုင်တဲ့အကြောင်းကို ပြောတာပဲလို့ သိနိုင်ပါတယ် "

" ဟုတ်ကဲ့ပါ "

" တချို့စကားတွေကျတော့ သက်ဆိုင်ကြောင်းသိဖို့အတွက် နောက်ခံအကြောင်းကိုအရင်သိထားဖို့လိုတာပေါ့။ ဆိုပါတော့ကွယ်...။ သူငယ်ချင်းနှစ်ယောက် ဘုရားသွားရင်း တစ်ယောက်ကမေ့ပြီး ဘုရားပေါ်မှာဖိနပ်မချွတ်မိဘူးဆိုပါတော့။ တစ်ယောက်ကမြင်ပြီး 'ဟေ့ကောင်မင်း ဖိနပ်မချွတ်ဘူးလား' လို့ သတိပေးတော့တစ်ယောက်က ' ဟယ်...ကံကောင်းလို့ ငါဗိမ္ဗိသာရဖြစ်တော့မလို့ ' ဆိုပြီး ဖိနပ်ချွတ်လိုက်တယ်။ အဲဒီနှစ်ယောက်ရဲ့ စကားတွေ ဘယ်လိုဆိုင်တယ်ဆိုတာ ' ဗိမ္ဗိသာရဖြစ်တော့မလို့ ' ဆိုတဲ့ နောက်ခံအကြောင်းကို သိမှနားလည်နိုင်မှာလေ "

"ဩော်...ဗိမ္ဗိသာရဆိုတာ အဇာတသတ်ရဲ့ခမည်းတော် ဘုရင်ကြီးမဟုတ်လား ဘဘ "

" ဟုတ်တယ်။ အဲဒီဘုရင်အကြောင်း သမီးသိတယ် မဟုတ်လား "

" ဟုတ်ကဲ့၊ သူ့သားက ခြေဖဝါးကိုဓားနဲ့ခွဲပြီး နှိပ်စက်တဲ့အကြောင်းကြားဖူးပါတယ် ဘဘ "

" ဟုတ်တယ်။ အဲဒီလို ခြေဖဝါးကိုဓားခွဲခံရတာဟာ အရင်ဘဝက ဘုရားကျောင်းကန်ထဲကို ဖိနပ်စီးပြီး ဝင်မိလို့ ခံရတာဆိုတဲ့ အယူအဆကို တော်တော်များများ ကြားဖူးကြတယ်။ အဲဒီအယူအဆအရ ဘုရားဝင်း၊ ကျောင်းဝင်းထဲ ဖိနပ်စီးမိရင် ဗိမ္ဗိသာရကို သတိရတတ်ကြတာပေါ့ကွယ် "

" ဒီလိုဆိုတော့လည်း သက်ဆိုင်တဲ့စကားလို့ ဆိုရမှာပေါ့နော် ဘဘ "

" သူငယ်ချင်းနှစ်ယောက် ခရီးထွက်ရင်း တစ်ယောက်က ' ငါ့ပိုက်ဆံ ကုန်ခါနီးနေလို့ တစ်သောင်းလောက် ခဏပေးပါကွာ ' လို့ တောင်းဆိုတာကို တစ်ယောက်က ' ဟိုစားပွဲပေါ်မှာ ငါ့ပိုက်ဆံအိတ်တင်ထားတယ်လေ ' လို့ပြန်ပြောရင် အိတ်ကိုဖွင့်ပြီး ငွေတစ်သောင်း ယူလိုက်လို့ ဆိုလိုတယ်ဆိုတာ ဆက်စပ်ပြီး အဓိပ္ပာယ်ကောက်နိုင်တယ်မဟုတ်လား "

" ဟုတ်ပါတယ် ဘဘ "

" နောက်တစ်ချက်ကတော့ ပြောသူက သူပြောတဲ့အကြောင်းအရာကိုလေးနက်အောင် အဓိပ္ပာယ်လည်း မဝေဝါးအောင် ပြောဟန်ဆိုဟန်အရသိသာအောင် ပြောတာမျိုးပဲ။ သမီးတို့အိမ်မှာ ဟင်းကသိပ်ငန်နေရင် လူကြီးတွေဘယ်လိုပြောတာကြားဖူးသလဲ "

" ဟင်းအိုးထဲကို ငံပြာရည်တစ်ပုလင်းလုံးမှောက်ကျသလိုပဲလို့ သမီးအမေပြောတာ ကြားဖူးပါတယ် ဘဘ "

" အေးပေါ့။ ပြောတဲ့အကြောင်းအရာကို လေးနက်သွားအောင် အဓိပ္ပာယ်ထင်ရှားသွားအောင်ပြောပုံမျိုးပေါ့ကွယ် "

" ဟုတ်ကဲ့ပါ "

" နောက်တစ်ချက်က ဘဘတို့ပြောတဲ့စကားထဲမှာ အဆင့်ဆင့်ကွာခြားသွားတဲ့ အတိုင်းအဆကိုဖော်ပြတဲ့ ပုံမှန်စကား တွေရှိတယ်။ ဒီစကားတွေထဲက သုံးလိုက်တဲ့စကားအရအဓိပ္ပာယ်ကောက်ရတယ် "

" ဘယ်လိုဟာမျိုးလဲ ဘဘ "

" သမီးက ' သမီး ဘဘဆီမကြာခဏရောက်ပါတယ် ' လို့ ပြောရင်ဘယ်လိုအဓိပ္ပာယ်ရှိသလဲ "

" သမီး သိပ်နားမလည်ပါဘူး ဘဘ "

" မကြာခဏဆိုတာ ဘယ်လိုအတိုင်းအဆမျိုးလဲလို့ စဉ်းစားကြည့်လေ "

" မကြာခဏဆိုတာ ခဏခဏရောက်တာပါ။ အမြဲတော့ ရောက်တာမဟုတ်ပါဘူး "

" ဟုတ်ပြီ မကြာခဏလောက်အကြိမ်မများရင် ဘယ်လိုသုံးသလဲ "

" ' တစ်ခါတစ်ခါ ' လို့ ' တစ်ခါတလေ ' လို့ သုံးပါတယ် ဘဘ "

" အဲဒီသဘောပြောတာပါ။ တစ်ခါတလေက အကြိမ်အနည်းဆုံးပေါ့။ ပြီးရင် ' မကြာခဏ ' က ပိုများတာပေါ့။ ' အမြဲ ' ကတော့ အများဆုံးပေါ့ "

" သမီးသဘောပေါက်ပါပြီ။ မကြာခဏရောက်တယ်ဆိုရင် တစ်ခါတလေရောက်တာလည်းမဟုတ်ဘူး။ အမြဲရောက်တာလည်း မဟုတ်ဘူးလို့ အဓိပ္ပာယ်ကောက်ရမှာပေါ့နော် "

" ဟုတ်တယ်။ အဲဒီလိုပဲ ပမာဏအနည်းအများနဲ့ပတ်သက်ရင် ' အားလုံး၊ အများစု၊ အများ၊ တချို့၊ နည်းနည်း ' ဆိုတဲ့စကားတွေရှိတယ် မဟုတ်လား။ အဲဒါတွေထဲက တစ်ခုကိုသုံးရင် ကျန်တာတွေဆိုလိုတာ မဟုတ်ဘူးလို့ နားလည်ရတာပေါ့ကွယ်"

**"ဆိုပါတော့ကွယ်။ ဘဘက အိမ်ကတူမလေးကို 'ကော်ဖီဖျော်ပြီးပြီလား' လို့ မေးတာကို သူက 'ရေနွေး တည်ထားပါတယ်' လို့ ပြန်ဖြေရင် သမီးဘယ်လို နားလည်သလဲ"**

**"ဟုတ်ကဲ့၊ ကော်ဖီဖျော်ဖို့ ရေနွေးတည်ထားပါတယ်၊ ရေနွေးမဆူသေးလို့ ကော်ဖီမဖျော်ရသေးပါဘူးလို့ ဆိုလိုတာပါ ဘဘ"**

# လောကနန္ဒာဘေးမဲ့တောဥယျာဉ်မှ ကြယ်လိပ်ကောင်ရေ ၅၀၀ ကို ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လွှတ်ပေး

**ပုဂံ မတ် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ရှိ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ခြံလှောင်မွေးမြူထားသော မြန်မာ့ကြယ်လိပ်များမှ ကောင်ရေ ၅၀၀ ကို ၎င်းတို့၏ နေရင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဖေဖော်ဝါရီ ၂၂ ရက်က ပြန်လွှတ်ပေးခဲ့ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်ထံမှ သိရသည်။

ကြယ်လိပ်များမွေးမြူထားရသည့် ရည်ရွယ်ချက်မှာ ကြယ်လိပ်များသည် မြန်မာတစ်နိုင်ငံတည်းတွင်သာရှိသည့် ဌာနေဖွားမျိုးစိတ်ဖြစ်ကာ နေရင်းဒေသများတွင် မျိုးသုဉ်းရန် အလွန်နီးကပ်နေသော အခြေအနေ ရှိနေခြင်းကြောင့် မျိုးဆက်မပျက်သုဉ်းစေရန် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်၌ စီမံချက်တစ်ခုအနေဖြင့် ခြံခတ်၍ စနစ်တကျမွေးမြူကာ ပေါက်ပွားစေရန်နှင့် တိုးပွားလာသော သားပေါက်များကို ၎င်းတို့၏ နေရင်းဒေသများသို့ ပြန်လွှတ်ပေးနိုင်ရန်၊ ဝါသနာရှင်များ၊ ပညာရှင်များ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ အနီးကပ်ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်မွေးမြူထားခြင်းဖြစ်ကြောင်း သိရသည်။

တိုးပွားလာသောသားပေါက်များကို နေရင်းဒေသများသို့ ပြန်လွှတ်ရန် ရည်ရွယ်ချက်အရ ကြယ်လိပ်ကောင်ရေ ၅၀၀ ကို နေရင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (WCS/TSA) မှ ဌာနေ တာဝန်ခံ ဒေါက်တာကလျာထံသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကြယ်လိပ်များကို နေရင်းဒေသသို့ ပြန်လွှတ်ပေးနိုင်ရန်အတွက် (WCS/TSA)မှ တာဝန်ခံ ဒေါက်တာကလျာ ဦးဆောင်သည့် တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် လိပ်ပညာရှင် ကိုးဦးက လောကနန္ဒာ ဘေးမဲ့တောဥယျာဉ် ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ပိုးသတ်ဆေးထိုးပေးခြင်း၊ ကြယ်လိပ် ဘေးစွန်းများပေါ်၌ တံစဉ်းတိုက်၍ ကိုယ်ပိုင်နံပါတ် အမှတ်အသား ပြုလုပ်ပေးခြင်း၊ မိုက်ခရိုချစ်(ပ်) ထည့်သွင်းပေးခြင်း၊ ကျောပေါ်တွင် ဘာသာရေးစာလုံး(စဓဗဝ) နှင့် ကိုယ်ပိုင်နံပါတ်များ ဆေးမင်ထိုး၍ အမှတ်အသားပြုလုပ်ပေးခြင်းတို့ကို လောကနန္ဒာဘေးမဲ့တောဥယျာဉ်၌ တစ်ပတ်တိတိ ဆောင်ရွက်ခဲ့ကြကြောင်းလည်း သိရသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်မှ မွေးမြူထားသော မြန်မာ့ဒေသရင်းမျိုးစိတ် ကြယ်လိပ်များကို နေရင်းဒေသသို့ ပြန်လွှတ်ပေးခြင်းမှာ ယခုအကြိမ်သည် ပဉ္စမအကြိမ်မြောက်ဖြစ်ပြီး ၂၀၀၈ ခုနှစ်က ကောင်ရေ ၅၀၊ ၂၀၁၄ ခုနှစ်က ကောင်ရေ ၁၅၀၊ ၂၀၁၅ ခုနှစ်က ကောင်ရေ ၁၅၀ နှင့် ၂၀၁၈ ခုနှစ်ထဲတွင် ကောင်ရေ ၈၀၀ တို့ကိုလည်း လွှတ်ပေးခဲ့ကြောင်း သိရသည်။ နေရင်းဒေသသို့သာမက အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အတွက်လည်း ၂၀၀၈ ခုနှစ်က နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ ရှစ်ကောင်နှင့် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ ခြောက်ကောင်၊ ၂၀၁၀ ခုနှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ကောင်ရေ ၂၀ နှင့် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ ခြောက်ကောင်၊ ၂၀၁၂ ခုနှစ်တွင် ကန်တော်ကြီး ရေချိုငါးဥယျာဉ်သို့ ၁၀ ကောင်တို့ကိုလည်း လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်များကို ၂၀၀၁ ခုနှစ်က အထီး ၄၂ ကောင်၊ အမ အကောင် ၄၀ ဖြင့် စတင်မွေးမြူခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် နေရင်းဒေသသို့ ပြန်လွှတ်ပေးခဲ့သည့် ကြယ်လိပ်များအပါအဝင် ကောင်ရေ ၆၀၀၀ ခန့်အထိ တိုးပွားလာအောင် မွေးမြူနိုင်ခဲ့ကြောင်းလည်း ဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူးက ပြောသည်။ လက်ရှိအချိန်တွင် ဘေးမဲ့တောဥယျာဉ်၌ အရွယ်စုံ ကြယ်လိပ်ကောင်ရေ ၄၅၀၀ ကျော် ကျန်ရှိနေပြီး ကြယ်လိပ်အမများ၏ ဥနှုန်းမှာလည်း ယခင်နှစ်များထက် ပိုများလာသောကြောင့် စက်တင်ဘာလမှ ဖေဖော်ဝါရီလအထိ ဥထားသော ဥအလုံးရေ ၂၇၀၀ ခန့်ရှိနေကာ ဥဥရာသီကုန်ဆုံးချိန် မတ်လတွင် ဥအလုံးရေ ၃၀၀၀ ခန့်အထိ ရှိလာပြီး သားပေါက်ရာသီတွင် လိပ်သားပေါက်ကောင်ရေ ၁၅၀၀ ခန့် ပေါက်ဖွားလာမည်ဖြစ်ကြောင်း သိရသည်။



ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ပို့ဆောင်မည့် ကြယ်လိပ်များကို အမှတ်အသားပြုလုပ်နေစဉ်။

ထို့ကြောင့် လာမည့်နှစ်များတွင် နှစ်စဉ် လိပ်အကောင်ရေ ၁၀၀၀ စီကို နေရင်းဒေသဖြစ်သော ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်ရှိ ကြယ်လိပ်မွေးမြူရေးခြံသည် ကမ္ဘာပေါ်တွင် ကြယ်လိပ်အကောင်ရေအများဆုံးရှိသည့် ခြံတစ်ခြံဖြစ်ပြီး နှစ်စဉ် ကြယ်လိပ်ကောင်ရေ ၁၀၀၀ ကျော် ပေါက်ပွားနေသောကြောင့် ကြယ်လိပ်ထုတ်လုပ်သည့်စက်ရုံဟုပင် တင်စားခေါ်ရလောက်အောင် အောင်မြင်လျက်ရှိကြောင်းလည်း အုပ်ချုပ်ရေးမှူးက ဆက်ပြောသည်။ အဆိုပါ ကြယ်လိပ်များကို ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဥယျာဉ်သို့သာမက မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ရှိ မင်းစုံတောင်ဘေးမဲ့တောဥယျာဉ်သို့လည်း လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဝမ်းတွင်းမြို့နယ်မှ ကိုယ့်အားကိုယ်ကိုးတံတားတည်ဆောက်မှု ၈၅ ရာခိုင်နှုန်း ပြီးစီးနေ

**ဝမ်းတွင်း မတ် ၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရှောက်တောအုပ်စု ဆင်သေကွေ့ကျေးရွာမှ ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး၍ ငွေကျပ် သိန်း ၂၂၀၀ ကျော် အကုန်အကျခံ တည်ဆောက်နေသည့် သင်ပုန်းချောင်းကူး ရွှေဆံပင်သံကူကွန်ကရစ်တံတား တည်ဆောက်မှုလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါတံတားဆောက်လုပ်ရေး တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ ရွှေဆံပင်သံကူကွန်ကရစ်တံတား အမည်မှာ လက်ရှိအချိန်တွင် ဒေသခံများခေါ်နေသည့် အမည်သာဖြစ်ပြီး အတည်မပြုရသေးကြောင်း၊ ဆင်သေကွေ့ကျေးရွာမှ အခြားအနီးဝန်းကျင်ကျေးရွာများသို့ လည်းကောင်း၊ အရှေ့ဘက် ဝမ်းတွင်းမြို့သို့လည်းကောင်း၊ အနောက်ဘက် အမြန်လမ်းနှင့် မလှိုင်မြို့သို့လည်းကောင်း သွားလာရေးတွင် သင်ပုန်းချောင်းကို မဖြစ်မနေဖြတ်သန်းသွားရ၍ ဒေသခံတို့၏ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးတွင် များစွာ အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသောကြောင့် ကျေးရွာရှိ ဆရာတော်ကြီးနှင့် ဆရာတော်နှစ်ပါးတို့၏ ကွပ်ကဲမှုဖြင့် အဆိုပါ သင်ပုန်းချောင်းကူး သံကူကွန်ကရစ်တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။



၈၅ ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေသောတံတား

သင်ပုန်းချောင်းကူး သံကူကွန်ကရစ် တံတားကို ဆရာတော်သုံးပါး၏ ဦးဆောင်မှုဖြင့် ဒေသခံများ၏ မတည်လှူဒါန်းမှုများဖြင့် စတင်အကောင်အထည်ဖော်ခဲ့ပြီး တံတားအနီး အလှူခံမဏ္ဍပ်ဆောက်၍ အလှူခံခြင်းနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ အလှူခံထွက်ခြင်းများဖြင့်လည်း ရန်ပုံငွေရှာဖွေ၍ ဆောင်ရွက်ခဲ့ကြောင်း၊ အလှူခံရရှိငွေများဖြင့် တည်ဆောက်ခဲ့ရာ ယခုအချိန်တွင် တံတားမှာ ၈၅ရာခိုင်နှုန်းအထိ ပြီးစီးနေပြီး ကုန်ကျငွေမှာ ကျပ်သိန်း ၂၂၆၀ ကျော် ကုန်ကျခဲ့ပြီဖြစ်ကြောင်း တံတားတာဝန်ခံ ဦးကြည်ခိုင်က ပြောကြားသည်။

တံတားကို ဦးဆောင်၍ အကောင်အထည်ဖော်နေသူ ရန်ကုန်မြို့ မြေလတ်ဆရာတော်ကလည်း ကျေးရွာအတွက် အဆိုပါတံတား၏ အရေးပါပုံနှင့် အခက်အခဲများကို မန္တလေးတိုင်းဒေသကြီး အစိုးရသို့ တင်ပြ၍ အကူအညီတောင်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေမှ ကျပ်သိန်း ၆၅၀ ကို ချထားပေးမည်ဖြစ်ပြီး ကော်မတီဖွဲ့စည်း၍ ငွေကြေးကူညီထောက်ပံ့မှုများ ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သဖြင့် တံတားကို ဧပြီလအတွင်း အပြီးတည်ဆောက်နိုင်တော့မည်ဖြစ်ကြောင်း မိန့်ကြားသည်။

တံတားသည် သံကူကွန်ကရစ် ဘိုးပိုင်တံတား အမျိုးအစားဖြစ်ပြီး ရေလယ်တိုင်သုံးတိုင်၊ ချဉ်းကပ်ခုံ နှစ်ခုံ၊ အမြင့် ၁၀ ပေ၊ အရှည် ပေ ၁၈၀၊ ယာဉ်သွားလမ်း ၁၂ပေ၊ ပလက်ဖောင်းတစ်ဖက်သုံးပေစီရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်+ကုန် ၁၅ တန်ရှိကြောင်းနှင့် ချဉ်းကပ်လမ်းမှာ တစ်ဖက်လျှင် ပေ ၂၀၀ ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# မြင်းခြံမြို့ ပရိယတ္တိ သဒ္ဓမ္မပါလအသင်းကြီး၏ စာအောင်ဆုကပ်လှူပွဲကျင်းပ

**မြင်းခြံ မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ပရိယတ္တိ သဒ္ဓမ္မပါလအသင်းကြီးအနေဖြင့် နှစ်စဉ် စာမေးပွဲများ ကျင်းပလာခဲ့သည်မှာ (၆၇)ကြိမ်မြောက်ရှိပြီဖြစ်ကာ ယခုနှစ်တွင် ဘိဝံသဘွဲ့ကို ဖြေဆိုအောင်မြင်သော သာသနာ့အာဇာနည် လေးပါး ထူးခြားစွာ ပေါ်ထွက်ခဲ့၍ ဘွဲ့နှင်းသဘင်ကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရထံမှ သီလခံယူကြပြီး အသင်းကြီး၏ အမှုဆောင် ဦးမောင်ခိုင်က အသင်း၏ သာသနာရေးကိစ္စများ ဆောင်ရွက်မှုကို လျှောက်ထားသည်။ ထို့နောက် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဇောတိကပါလက ဩဝါဒချီးမြှင့်ပြီး အသင်းကြီး၏ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရက ရေစက်ချတရားချီးမြှင့်ကာ အသင်းတာဝန်ရှိသူများနှင့် အလှူရှင်များက စာအောင်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများနှင့် အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တုံးနှင့် အလံတော်များ၊ ပစ္စည်းပဒေသာပင်များကို ဆက်ကပ်လှူဒါန်းခဲ့သည် ။

ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ ယခုနှစ် စာမေးပွဲတွင် ဘိဝံသဘွဲ့ လေးပါးနှင့်အတူ သီးခြားစာသင်တန်း ကိုးပါးတို့ အောင်မြင်တော်မူခဲ့ကြပြီး ဘိဝံသဘွဲ့မှာ တစ်နှစ်တစ်ပါးထွက်ပေါ်ရန်ပင် ခဲယဉ်းကာ ယခင် (၆၆)ကြိမ်မြောက်အထိ အပါး ၈၀ သာ ထွက်ပေါ်ခဲ့ရာမှ ယခုနှစ်တွင် ထူးခြားစွာ လေးပါးအထိ ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၏ ထားဝယ်ဘဏ်ခွဲဖွင့်

**ထားဝယ် မတ် ၁**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၏ ထားဝယ်ဘဏ်ခွဲကို ထားဝယ်မြို့ဝဲကျွန်းထိန်သစ်ရပ်ကွက် ကမြောကင်းလမ်း၌ ဖေဖော်ဝါရီ ၂၈ ရက်က ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျ၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဟိုပင်၊ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးမင်းထိန်နှင့် တာဝန်ရှိသူများက ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကြသည်။

ထို့နောက် ဘဏ်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီး၏ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ဘဏ္ဍာငွေကြေး စဉ်ဆက်မပြတ်ရရှိစေရန်နှင့် လိုအပ်မည့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးကူညီနိုင်ရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို Semi-Government Bank အဖြစ် ၂၀၁၄ ခုနှစ်က တည်ထောင်ခဲ့ရာ ယခုအခါ သက်တမ်းငါးနှစ်ကျော်ရှိခဲ့ပြီဖြစ်ပြီး ထားဝယ်ဘဏ်ခွဲက ၁၂ ခုမြောက် ဘဏ်ခွဲဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘဏ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း အသိပညာပေး

**နေပြည်တော် မတ် ၁**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုတော့မည့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း အသိပညာပေးခြင်းနှင့် စာမေးပွဲအတွက် စိတ်ဓာတ်ခွန်အားပြည့်စေမည့် အကြောင်းအရာများ အသိပညာပေး ဟောပြောခြင်းကို ဇမ္ဗူသီရိမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မြင့်လွင်၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က ရွှေကြာပင်ရပ်ကွက်ရှိ ပညာလွင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ဇမ္ဗူသီရိမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်လွင်နှင့် အမှတ်(၁)မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်မိုးတို့ ဦးစီးသည့် မူခင်းပြခန်းယာဉ်ဖြင့် အဆိုပါ ကိုယ်ပိုင်အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအား ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်လွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူး(နေပြည်တော်)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေထီဆွဲဌာနခွဲ

(၁) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ မတ် လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

အ - ၇၉၂၉၄၁

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဆ - ၂၆၁၅၃၆ ကယ - ၄၁၆၂၇၇ ဋ - ၆၆၆၂၄၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

| | |
|---|---|
| အ | ၅၂၅၃၁၀ |
| ဟ | ၅၅၈၁၀၉ |
| ည | ၈၂၆၀၁၆ |
| ရ | ၉၈၄၂၈၇ |
| ကင | ၉၉၇၂၂၄ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| က | ၁၅၉၈၇၈ |
| ကဂ | ၂၅၅၅၅၈ |
| င | ၇၂၁၈၅၇ |
| ကစ | ၈၆၁၈၂၃ |
| အ | ၉၀၅၉၆၂ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| စ | ၂၇၇၇၁၁ |
| ဗ | ၂၉၇၃၉၉ |
| က | ၃၅၅၇၀၉ |
| ကက | ၅၇၂၅၅၁ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| ဍ | ၄၂၄၄၄၉ |
| ဃ | ၆၇၄၇၂၈ |
| ဆ | ၆၈၅၆၂၄ |
| ကက | ၉၆၉၁၁၅ |
| ဟ | ၉၇၈၂၆၁ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| န | ၂၀၅၄၈၆ |
| ကစ | ၂၉၃၉၀၇ |
| ရ | ၂၉၆၇၃၅ |
| ဋ | ၄၉၈၆၉၉ |
| ဍ | ၅၃၀၀၂၄ |
| ဃ | ၇၄၇၂၆၂ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ယ | ၂၀၅၇၀၅ |
| ဗ | ၂၈၅၈၂၂ |
| ထ | ၄၂၇၉၀၇ |
| ဆ | ၅၉၂၆၃၃ |
| ကစ | ၈၅၄၀၀၆ |
| ကခ | ၉၈၂၄၂၈ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| စ | ၁၇၄၄၇၉ | င | ၂၆၂၀၅၁ | ဘ | ၆၃၈၈၉၇ | လ | ၉၈၁၆၉၂ |
| ဈ | ၂၁၃၃၆၁ | ဘ | ၃၄၆၁၁၅ | ဗ | ၇၂၉၅၅၃ | | |

## ဆုတစ်ဆုစျင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဂ | ၁၀၉၄၄၀ | ဗ | ၄၈၀၇၂၅ | သ | ၆၀၄၉၇၆ | စ | ၇၄၁၅၉၄ |
| စ | ၂၆၁၆၈၇ | န | ၅၈၄၅၄၉ | ဈ | ၆၆၅၅၉၇ | မ | ၈၆၆၅၃၉ |
| ဋ | ၃၄၁၂၀၄ | ပ | ၅၉၈၃၁၃ | ယ | ၇၀၅၆၄၇ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅)ဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကစ | ၁၀၆၃၁၈ | မ | ၄၂၆၉၆၄ | ကဂ | ၆၃၉၉၉၄ | ဋ | ၇၈၆၆၇၆ |
| ဏ | ၁၄၅၆၇၀ | ဝ | ၄၂၈၅၈၈ | င | ၆၅၅၀၃၃ | ထ | ၇၉၆၉၆၇ |
| မ | ၁၉၁၅၂၈ | ခ | ၄၅၁၉၃၁ | ခ | ၆၅၆၅၄၅ | ကယ | ၇၉၇၅၃၈ |
| ကက | ၂၅၈၀၉၇ | ဏ | ၄၇၁၀၅၁ | ကင | ၆၉၀၃၉၉ | ဌ | ၈၃၄၂၄၆ |
| ဖ | ၂၆၂၈၅၀ | ကဂ | ၄၇၄၁၀၄ | ဆ | ၇၂၃၅၃၇ | ဏ | ၈၄၄၈၀၇ |
| လ | ၃၂၂၈၈၆ | ဆ | ၄၈၃၆၀၇ | ထ | ၇၃၉၁၉၁ | ဎ | ၈၄၈၉၄၃ |
| ဒ | ၃၂၄၃၁၆ | ဈ | ၄၉၇၇၇၅ | ဓ | ၇၄၁၆၂၉ | က | ၈၆၉၄၅၅ |
| ဆ | ၃၃၆၆၁၉ | ဋ | ၅၀၈၂၈၅ | ဖ | ၇၆၀၂၆၄ | တ | ၉၀၆၈၉၄ |
| ကဆ | ၃၃၇၉၁၀ | ဒ | ၅၁၇၄၈၅ | ဂ | ၇၆၆၇၅၄ | ည | ၉၂၀၆၆၁ |
| ဋ | ၃၅၄၄၃၉ | ဂ | ၅၄၄၁၅၇ | ဗ | ၇၆၇၂၁၈ | | |
| ပ | ၄၂၃၅၆၄ | ကစ | ၅၅၇၈၉၁ | ဏ | ၇၇၈၂၃၇ | | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကဃ - ၁၈၄၄၅ | ကဃ - ၄၃၂၅၉ | ဒ - ၅၄၉၅၇ | ဖ - ၇၁၅၅၇ | ရ - ၈၈၉၉၇ | ဇ - ၉၆၈၉၄ |
| ည - ၂၀၀၉၈ | ဏ - ၄၆၂၄၆ | ည - ၅၇၈၉၆ | စ - ၇၄၂၁၈ | ဃ - ၉၅၈၅၆ | တ - ၉၇၉၀၅ |
| မ - ၂၃၉၀၁ | ဘ - ၅၀၈၇၇ | စ - ၆၀၇၁၄ | ဠ - ၈၅၂၆၅ | | |
| ဗ - ၃၂၈၂၉ | ဌ - ၅၃၄၂၈ | က - ၆၁၈၈၄ | ဟ - ၈၆၂၇၈ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဂ - ၁၀၀၂ | ဠ - ၃၅၉၁ | ထ - ၅၇၃၂ | ပ - ၆၄၉၇ | န - ၇၂၈၉ | ဍ - ၉၉၂၁ |
| ဝ - ၁၄၈၇ | ဘ - ၄၆၈၆ | ဇ - ၆၂၈၃ | လ - ၆၇၆၆ | ဈ - ၇၅၃၆ | မ - ၉၉၄၈ |
| တ - ၁၆၃၇ | ကဃ - ၅၂၂၈ | ဇ - ၆၂၉၇ | ကခ - ၆၉၄၃ | ဝ - ၈၀၁၂ | ပ - ၉၉၅၃ |
| ဆ - ၂၇၉၈ | ပ - ၅၆၅၂ | ဈ - ၆၂၉၉ | ခ - ၇၂၇၉ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဂ - ၁၉၀ | အ - ၃၄၇ | ဌ - ၄၆၈ | ဆ - ၆၀၃ | ပ - ၆၅၀ | ထ - ၉၂၇ |
| ဟ - ၂၀၆ | ဂ - ၃၆၃ | တ - ၅၀၅ | ဌ - ၆၂၆ | ဏ - ၇၀၉ | ဂ - ၉၆၄ |
| ဆ - ၃၃၁ | ဠ - ၃၈၈ | ည - ၅၂၇ | ခ - ၆၃၂ | အ - ၈၄၃ | ဈ - ၉၇၂ |
| ကင - ၃၄၀ | ဌ - ၄၀၆ | ဂ - ၅၄၁ | ဂ - ၆၃၃ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဖ - ၁၁ | ဟ - ၁၉ | ကဂ - ၄၁ | ဟ - ၅၅ | ဌ - ၆၀ | သ - ၇၁ |
| လ - ၁၄ | ဏ - ၃၄ | ကဆ - ၄၆ | ဘ - ၅၅ | ကဃ - ၆၄ | င - ၇၆ |
| ဃ - ၁၇ | ကင - ၃၅ | ဌ - ၄၇ | ဇ - ၅၇ | တ - ၆၆ | ည - ၈၁ |
| ဆ - ၁၇ | န - ၃၈ | ပ - ၅၂ | န - ၅၉ | ထ - ၆၈ | ထ - ၉၀ |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

(၂၄) ကြိမ်မြောက် ကျပ်၅၀၀ တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ မတ် လ (၁) ရက်နေ့

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဂ - ၉၈၉၄၁၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

က - ၅၃၂၃၁၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

က - ၆၂၉၉၆၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဃ - ၄၈၈၉၉၈

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ဇ - ၁၈၉၅၉၉    င - ၈၈၀၉၈၆    ခ - ၉၆၂၆၄၁

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| င - ၂၆၆၁၉၃ | စ - ၇၄၈၉၇၅ |
| ဌ - ၂၉၈၄၅၂ | ဋ - ၈၅၅၉၁၆ |
| ဃ - ၄၅၇၁၁၈ | ဈ - ၉၄၂၆၁၀ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

| | | | |
|---|---|---|---|
| စ - ၁၁၂၈၈၈ | ဂ - ၅၃၃၂၀၇ | ဆ - ၇၅၃၇၉၁ | ဃ - ၉၉၈၉၈၇ |
| စ - ၁၈၀၉၇၁ | ဌ - ၅၇၁၆၄၀ | ဂ - ၈၀၃၆၇၅ | |
| ဋ - ၃၁၅၄၀၅ | ခ - ၆၉၈၈၄၅ | ဃ - ၉၆၈၉၅၅ | |

## ဆုကြီးတစ်ဆုစျင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| င - ၂၀၄၂၇၄ | ဌ - ၃၂၆၇၆၆ | က - ၅၂၁၆၅၂ | စ - ၆၅၉၅၃၃ | ည - ၇၅၄၁၅၅ | ခ - ၉၁၀၅၂၄ |
| စ - ၂၃၂၆၃၉ | ဂ - ၄၃၂၀၁၈ | ဆ - ၅၃၁၂၁၉ | က - ၆၆၁၈၆၈ | ဋ - ၇၆၀၅၆၂ | ဆ - ၉၄၄၆၁၅ |
| ဋ - ၂၃၂၈၁၄ | ဃ - ၄၅၉၂၈၁ | ဂ - ၅၃၉၈၈၆ | ဆ - ၇၀၃၇၇၉ | င - ၈၀၉၁၃၉ | စ - ၉၅၃၀၄၈ |
| ဈ - ၂၈၀၁၉၈ | ဂ - ၄၇၂၃၃၆ | ဂ - ၅၄၉၉၃၀ | င - ၇၃၀၀၆၄ | ဆ - ၈၂၁၆၃၉ | ည - ၉၉၂၃၆၄ |
| ဋ - ၃၂၂၆၉၈ | ဌ - ၄၈၉၁၄၀ | ည - ၅၉၆၂၄၄ | ဂ - ၇၃၄၈၉၅ | င - ၈၉၀၀၉၉ | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ဌ - ၁၇၀၉၁

ဆ - ၈၂၄၅၇

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ခ - ၁၇၉၁

ည - ၅၅၈၉

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

က - ၄၇၈

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

ဆ - ၁၀

ဆ - ၁၀၈၈၆၃ ဆ-၁၀၁၂၇၅

ပုံနှိပ်စဉ်ကပင်ပါဝင်ဖြင်းရှိသည့်ဆ–၁၀၀၀၀၀ နှင့် ဆ–၁၀၀၀၀၁ ဂဏန်းများအတွက် အစားထိုးဖွင့်လှစ်ပေးသည့်ပေါက်ဂဏန်းများဖြစ်ပါသည်။

ည - ၂၂

ခ - ၉၆

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၉ခုနှစ် ၊ မတ်လ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၁) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၆၄၄၉၅) နှင့် (၂၄) ကြိမ်မြောက် ကျပ် (၅၀၀) တန်အတွက် (၃၁၂၇၂)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ် ၊ ဧပြီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များကို (က)အက္ခရာမှ (အ)အက္ခရာထိ၊ (ကက)အက္ခရာမှ (ကဆ)အက္ခရာထိ၊ အက္ခရာအလုံး (၄၀)လုံး၊(၂၅)ကြိမ်မြောက် ကျပ်(၅၀၀)တန် အောင်ဘာလေထီလက်မှတ်များကို (က)အက္ခရာမှ (ဌ)အက္ခရာထိ၊ အက္ခရာအလုံး (၁၂)လုံး ခွဲဝေရောင်းချထားပါသည်။ ထီစာအုပ်ထပ်မံဝယ်ယူလိုသူများအနေဖြင့် (၄. ၃. ၂၀၁၉) မှ (၂၄. ၃. ၂၀၁၉) ရက်နေ့ထိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။

၃။ ယခု (၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများနှင့် (၂၄)ကြိမ်မြောက် ကျပ် (၅၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၄ . ၃ . ၂၀၁၉) ရက်နေ့မှစတင်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁. ၃ . ၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့် ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊(၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

## အမည်ပြောင်း

ဆီဆိုင်မြို့၊ နောင်ကျောကျေးရွာအုပ်စု၊ နောင်အယ်ကျေးရွာနေ နန်းမူလား၏ ဖခင်အမည်မှန်မှာ ဦးမောင်ပြား ၁၃/ဆဆန(နိုင်)၀၂၃၈၄၅ ဖြစ်ပါကြောင်း။

**ဦးမောင်ပြား**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် FF/4396 Toyota Probox ယာဉ်လက်ဝယ်ရှိသူ Superior Int'l Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၁၉၆)၊ ဧရိယာ ၀ ဒသမ ၀၄၁၈ဧကအား ဒေါ်ချိုသဲ(ဘ) ဦးတင်မြင့် ၉/ပဘန(နိုင်) ၁၄၄၄၉၁ မှ မှတ်ပုံတင်ကျမ်းကျိန်လွှာအမှတ် (၂၁၄/၂၀၁၉)၊ ဘေးပတ်ဝန်းကျင်သုံးဦး၏သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၅၇၁)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးစိုးထွေး၊ဒေါ်ခိုင်(ဘ)ဦးစိုးလှိုင်၊ ဦးတင်နု၊ ၉/လဝန(နိုင်)၁၉၆၉၂၃၊ ၉/ဒခသ(နိုင်) ၀၀၀၀၅၁ အမည်ပေါက်ပါမစ်မြေကွက်အား ဦးသောင်းတင် (ဘ)ဦးကြီးဖြူ ၉/လဝန(နိုင်)၀၀၇၄၁၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ မြေကွက်အမှတ် (၅၁၄-B)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်ခင်သန်း အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်တင်နွယ်သန်း (ဘ)ဦးသန်းမြင့် ၁/မကန(နိုင်)၁၈၅၄၂၆ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် (၆) ၄-လွှာနေ မဝေမာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ် (၁၃/ခ)နေ ဦးဟာနစ်၏ သားဟာဖိဇ်၊ ကာရီဂျာမားလ်အဟ်မဒ်အလီ (ခ) မောင်ရန်မျိုးငယ်နှင့် ၁၇-၃-၂၀၁၈ရက်တွင် မိဘများ၏သဘောတူညီချက်အရ လက်ထပ်ခဲ့ပါသည်။ မဝေမာထွန်းသည် ကိုယ်ဝန်ရှိနေသဖြင့် ၁၇-၁၁-၂၀၁၈ ရက်တွင် ခင်ပွန်းဖြစ်သူမှ မဝေမာထွန်း၏မိဘအိမ်သို့ ကိုယ်တိုင်လိုက်ပို့ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူအား တယ်လီဖုန်းဖြင့်လည်းကောင်း၊ ဆက်သွယ်မှုများလုပ်ခဲ့သော်လည်း ပြန်လည်ဆက်သွယ်ခြင်းမပြုဘဲ ၂၅-၂-၂၀၁၉ ရက်တွင် ခင်ပွန်းဖြစ်သူမှ သွလားက်ပေး၍ ကွာရှင်းပြတ်စဲကြောင်း အကြောင်းကြားစာကို အကြောင်းမဲ့ပေးပို့ခဲ့ပါသည်။ လွန်စွာအိမ်ထောင်ရေးရက်စက်မှုကျူးလွန်ခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ခြင်းကိုလက်ခံသူ-** | |
| **မဝေမာထွန်း** | **ဒေါ်သီတာခင်လတ်** | **ဒေါ်နှင်းဆုအောင်** |
| **၁၂/တမန(နိုင်)၁၂၆၈၁၈** | **စဉ်-၅၂၆၅၊** | **စဉ်-၁၄၉၄၁** |
| **အမှတ်(၆)၊ ဦးလွန်းလမ်း** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်** | **ဖုန်း-၀၉-၉၅၁၁၉၅၆၁၄** | |
| **ရန်ကုန်တိုင်းဒေသကြီး** | | |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၀၈၅၊ ဧရိယာ ၀ဒသမ၀၈၂၈ဧကရှိ ဒေါ်မွန်မွန်ဌေးအမည်ပေါက်ပါမစ်မြေကွက်အား ဦးအေးကိုကို (ဘ)ဦးဟန်စော ၈/မသန(နိုင်) ၁၁၇၀၉၉ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၅၅၁/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၄၉၅၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးကျော်ဦးအမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်နန်းအုံးရီ (ဘ)ဦးအိုက်ဆန် ၉/မနမ(နိုင်)၁၁၂၂၉၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၉၆၉/၂၀၁၈)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၅၄၅၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်ခင်တုတ်(ကိုယ်စား) ဦးတင်ငွေလေး (ဘ)ဦးကျော်ဒင် ၉/ပမန(နိုင်)၁၁၃၇၈၁ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၇၁၃/ ၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီခ၊ မြေကွက်အမှတ် ၄/၁၉၂၊ မြေကွက်လိပ်စာ ၂၇၉ (က)၊ ကာယ(၁၀)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ဧရိယာ ၀ ဒသမ ၄၈၇ ဧက၊ နှစ် ၆၀ မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးကို ၁၂/ဥကမ(နိုင်)၀၅၈၄၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဖြိုးဟန်ကျော် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၀၆၁၄)**
**ဖုန်း-၀၉-၅၀၃၂၆၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/တပင်ရွှေထီး)၊ မြေကွက်အမှတ် (၄၁၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၄၁၂/ခ)၊ ဦးအောင်ဇေယျ (၁)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ် ဒေါ်ဟဇတာ(ခ)ဒေါ်ဝင်း (Q/RGN-၀၀၃၃၉၈) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဟဇတာ (ခ) ဒေါ်ဝင်း(မိခင်)နှင့် ဦးမော်တူဟူဆင်(ခ)ဦးမောင်မောင် (ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သော ဦးမာမက်ဟူစိန်(ခ)ဦးတင်မြင့်မှ လွှဲ၍ အခြားမွေးချင်း၊ ကိတ္တိမသားသမီးများတစ်ဦးတစ်ယောက်မျှ လုံးဝမရှိပါကြောင်း၊ ဦးမာမက်ဟူစိန်(ခ)ဦးတင်မြင့်မှ အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း ဦးမာမက်ဟူစိန်(ခ)တင်မြင့်၏ ၈-၈-၂၀၁၇ ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ဦးတင်မျိုးသန်းနှင့် ဦးလှမြင့်တို့၏ထောက်ခံကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာ၊ ဒေါ်ဟဇတာ(ခ)ဒေါ်ဝင်းနှင့် ဒေါ်အာစရာအမည်တို့သည် မိမိ၏မိခင်တစ်ဦးတည်း၏အမည်များဖြစ်ကြောင်း ဦးမာမက်ဟူစိန်(ခ)ဦးတင်မြင့်၏ ၈-၈-၂၀၁၇ ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ဒေါ်ဟဇတာ(ခ)ဒေါ်ဝင်း၏ နှစ်၆၀ဂရန်ရှိ ဖခင်အမည်သည် ဦးမောင်လှဟုဖော်ပြပါရှိပြီး သေစာရင်းတွင် ဦးဖိတ်ဂျာမွတ်ဟုဖော်ပြပါရှိခြင်းနှင့်ပတ်သက်၍ တစ်ဦးတည်း၏အမည်များဖြစ်ကြောင်း ဦးမာမက်ဟူစိန်(ခ)ဦးတင်မြင့်၏ ၆-၉-၂၀၁၈ ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ဒေါ်ဟဇတာ(ခ)ဒေါ်ဝင်းနှင့် ဦးမော်တူဟူဆင်(ခ)ဦးမောင်မောင်တို့၏ သေဆုံးမှုလက်မှတ်(ပထမမိတ္တူမှန်)၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဒေါ်ဟဇတာ(ခ)ဒေါ်ဝင်း (Q/RGN-၀၀၃၃၉၈) အမည်ပေါက် နှစ်၆၀မြေငှားစာချုပ်(ဂရန်)မူရင်း၊ ဦးမာမက်ဟူစိန်(ခ)တင်မြင့် ၁၂/ဒလန(နိုင်)၀၃၁၀၃၈ ၏ ကိုယ်ရေးအချက်အလက်နှင့်ပတ်သက်၍ ဒလမြို့နယ်အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန၏ထောက်ခံစာ၊ ဦးတင်မြင့် ၁၂/ဒလန(နိုင်) ၀၃၁၀၃၈ ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဦးမာမက်ဟူစိန်(ခ)တင်မြင့် ၁၂/ဒလန(နိုင်)၀၃၁၀၃၈ မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် သွပ်မိုးပျဉ်ထောင်(၁)ထပ် ထပ်ခိုးပါအိမ်တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်မှုမရှိဘဲ ကွင်းဆင်းစဉ် အိမ်သော့ဖွင့်ထားပြီး လျှောက်ထားသူမှ စောင့်ဆိုင်းပြသပါသည်။ အိမ်၏မြောက်ဘက်လမ်းမျက်နှာစာတွင် ဆိုင်ခန်း(၃)ခန်းရှိပြီး ဦးကျော်(ဆံသဆိုင်)တစ်ခန်း၊ ဦးနိုင်လင်းဦး (TVပြင်ဆိုင်) နှစ်ခန်းတွဲတို့အား လျှောက်ထားသူမှ ငှားထားကြောင်း လျှောက်ထားသူမှ လိုက်လံပြသပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ဦးမာမက်ဟူစိန်(ခ)တင်မြင့် ၁၂/ဒလန(နိုင်) ၀၃၁၀၃၈ မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မာဃလမ်း၊ မြေကွက်အမှတ် (၁၃၀)၊ မြေကွက်လိပ်စာအမှတ် (၁၁)၊ ဧရိယာ ၂၀ပေ×၆၀ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်၏ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အား နှစ် ၆၀ဂရန်(မူရင်း)အမည်ပေါက်ပိုင်ဆိုင်သူ ဦးကြည်ထွန်းထံက နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ခင်မီဂါ ၁၂/ရကန(နိုင်)၀၇၀၅၇၂ မှ ဂရန်မိတ္တူဘာက်ခြမ်း (ခ) ခြေရင်းခန်းကို ဝယ်ယူခဲ့ကြောင်းနှင့် အဆိုပါမြေကွက် ဂရန်မိတ္တူဘာက်ခြမ်း (ခ)ခြေရင်းခန်းအား တရားဝင်ရောင်းချပိုင်ခွင့်စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်ခင်မီဂါက ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ဝင့်အောင် ၁၂/စခန(နိုင်)၀၆၅၈၈၀က ရောင်းချသည့်မြေကွက်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ပိုင်ဆိုင်သည့်အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်နှင်းပွင့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၄၈၉၅)**
**တိုက်အမှတ်(ဇ/၁၃)၊ ဘုရင့်နောင်အရာရှိရိပ်သာ၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၂၅၃၂၅၀၃၊ ၀၉-၉၅၇၆၃၉၆၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ် (၆၅)နေ ဦးကြည်ဦး (AC-၀၃၅၂၈၂) အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ မြေကွက်အမှတ် (၈၃)ဟုခေါ်တွင်သော အလျား (၄၀'-၀")×အနံ(၆၀'-၀")ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ် ဦးကြည်ဆွမ်း ၃/ဘအန(နိုင်)၁၀၇၇၈၀ မှ ဝယ်ယူမည်ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သူစာချုပ်စာရွက်များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ခုနစ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးကြည်ဆွမ်း ၃/ဘအန(နိုင်)၁၀၇၇၈၀**
**အမှတ် (၁၂)၊ သခင်အုန်းခင်လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၂၇၇၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

